မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။
Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၇၂)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
၂၀၁၄ ခုနှစ်၊ မတ် ၂၁ ရက်၊ သောကြာနေ့။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော်　မတ်　၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေးဆွေးနွေး

နေပြည်တော်　မတ်　၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံအခြေစိုက် ယူနီလီဗာ အမှုဆောင်အရာရှိချုပ် Mr. Paul Polman ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန် များကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးရှိ သော ထုတ်ကုန်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားရေး နှင့် မြန်မာပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း များ ဖော်ဆောင်ပေးနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြ သည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံအခြေစိုက် ယူနီလီဗာအမှုဆောင်အရာရှိချုပ် Mr. Paul Polman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မူးမြစ်ကူးတံတားဆောက်လုပ်ပြီးစီး၍ ပြည်သူများ အဆင်ပြေစွာသွားလာနိုင်

မုံရွာ　မတ်　၂၀

ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်ကို ဆက်သွယ်ပေး ထားသော မြို့နယ်ချင်းဆက်မူးမြစ်ကူး တံတားကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနား စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၁၈ ရက်တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ယခု အခါအများပြည်သူတို့ အဆင်ပြေစွာ အသုံးပြုသွားလာနိုင်တော့မည် ဖြစ် ကြောင်း သိရသည်။ အဆိုပါ မူး မြစ်ကူးတံတားသည် သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်ပြီး တံတား အရှည်ပေ ၈၄၀၊ ချဉ်းကပ်တံတား ပေ ၆၀ စုစုပေါင်း ပေ ၉၀၀ ရှည်ပြီး ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၆၀ လေးခန်း၊ ယာဉ်သွားလမ်းအကျယ် ၁၅ ပေ ခြောက်လက်မ (တစ်လမ်းသွား)၊ တံတားခံနိုင်ဝန် တန် ၆၀၊ ရေလမ်း

စာမျက်နှာ ၅ ကော်လံ ၁ ✳

မြန်မာ့လေကြောင်း နှစ်သစ်အကြို ရန်ကုန်-မန္တလေး-ရန်ကုန် လေယာဉ်လက်မှတ်ခလျှော့ရောင်းမည်

နေပြည်တော်　မတ်　၂၀

မြန်မာ့လေကြောင်းမှနှစ်သစ်အကြို ရန်ကုန်-မန္တလေးနှင့် မန္တလေး- ရန်ကုန် ခရီးစဉ်လေယာဉ်လက်မှတ်ခနှုန်းထားများကို ရန်ကုန်-မန္တလေး လက်ရှိဈေးနှုန်း ငွေကျပ် ၆၆၀၀၀ မှ ငွေကျပ် ၃၅၀၀၀ ဖြင့်လည်းကောင်း၊ မန္တလေး-ရန်ကုန် လက်ရှိဈေးနှုန်း ငွေကျပ် ၆၆၀၀၀ မှ ငွေကျပ် ၃၅၀၀၀ ဖြင့် လည်းကောင်း မတ် ၂၂ ရက်မှ စတင်လျှော့ချရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေရာအချို့ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်　မတ်　၂၀

ယနေ့နံနက် ၁၁ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ၊ မန္တလေး တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်လုံးအနှံ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး

လူမှုဘဝတိုးတက်ရေးသည် လျှပ်စစ်မီးအပြည့်အဝသုံးစွဲနိုင်ရေးမှာ အခြေခံမရှိမဖြစ်လိုအပ်သည့် အချက်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည့်ပြည့်ဝဝသုံးစွဲလာနိုင်သော နိုင်ငံတို့သည် လူမှုဘဝတိုးတက်မှုအတွက် ပြယုဂ်တစ်ခုပင်ဖြစ်သကဲ့သို့ အမှန်အားဖြင့်လည်း တိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားခများ လာမည့် ဧပြီ ၁ ရက်မှ စတင်ပြီး တိုးမြှင့်ကောက်ခံတော့မည်ဖြစ်ပါသည်။ ယခုကောက်ခံမည့် နှုန်းထားများမှာ အိမ်သုံး ၁၀၀ ယူနစ်အထိ ၃၅ ကျပ်၊ အိမ်သုံး ၁၀၁ ယူနစ်မှအထက် ၂၀၀ ယူနစ်အထိ ငွေကျပ် ၄၀၊ အိမ်သုံး ၂၀၁ ယူနစ်မှအထက် ငွေကျပ် ၅၀၊ စက်မှုသုံး ၅၀၀ ယူနစ်အထိ ၇၅ ကျပ်၊ စက်မှုသုံး ၅၀၁ ယူနစ်မှ ၁၀၀၀၀ ယူနစ်အထိ ငွေကျပ် ၁၀၀၊ စက်မှုသုံး ၁၀၀၀၁ ယူနစ်မှ ၅၀၀၀၀ ယူနစ်အထိ ၁၂၅ ကျပ်၊ စက်မှုသုံး ၅၀၀၀၁ ယူနစ်မှ ၂၀၀၀၀၀ ယူနစ်အထိ ၁၅၀ ကျပ်၊ စက်မှုသုံး ၂၀၀၀၀၁ ယူနစ်မှ ယူနစ် ၃၀၀၀၀၀ အထိ ၁၂၅ ကျပ်၊ စက်မှုသုံး ၃၀၀၀၀၁ ယူနစ်အထက် ငွေကျပ် ၁၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ဤသို့ဓာတ်အားခများ တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြင့် မလိုအပ်ဘဲဓာတ်အားသုံးစွဲမှုများ ထိန်းချုပ်လာနိုင်မည်ဖြစ်ပြီး လေလွင့်ပျောက်ဆုံးဓာတ်အား ၃၀ ရာခိုင်နှုန်းကိုလည်း ကာမိစေမည်ဖြစ်ပါသည်။ မလိုအပ်ဘဲ ဓာတ်အားသုံးစွဲခြင်းကို ချွေတာသုံးစွဲလိုက်မည်ဆိုပါက ဓာတ်အားများ ပိုလျှံလာမည်ဖြစ်ပါသည်။ ထိုပိုလျှံဓာတ်အားများကို လျှပ်စစ်မီးမရသေးသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ဓာတ်အားများဖြန့်ဖြူးပေးလိုက်ခြင်းဖြင့် ဓာတ်အားများ မျှတစွာရရှိလာမည်ဖြစ်ပါသည်။

ယခုအခါ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းနှင့် ကချင်ပြည်နယ်မြောက်ပိုင်းဒေသများသည် ပုဂ္ဂလိကများမှဖြန့်ဖြူးပေးသည့် လျှပ်စစ်ဓာတ်အားများကိုသာ သုံးစွဲနေကြရ၍ ဓာတ်အားခများ ဈေးနှုန်းကြီးမြင့်စွာဖြင့် သုံးစွဲနေကြရပါသည်။ ဤဒေသများသို့ ပျောက်ဆုံးလေလွင့် ဓာတ်အားများရှာဖွေပြီး ပိုလျှံဓာတ်အားများ ပို့လွှတ်ပေးလာနိုင်သည်နှင့်အမျှ ဒေသခံပြည်သူများသည် ဓာတ်အားခများ အချိုးညီမျှတစွာ သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

တိုးမြှင့်ကောက်ခံရာမှ ရရှိလာသည့် ဓာတ်အားခများဖြင့် အဆိုပါ မီးမရသေးသော ဒေသများအတွက် ဓာတ်အားလိုင်းများ သွယ်တန်းဖြန့်ဖြူးပေးလာနိုင်မည်ဖြစ်ပါသည်။ ယခုကောက်ခံမည့် ဓာတ်အားများမှာလည်း သာမန်အိမ်သုံးအတွက် များစွာထိခိုက်မည်မဟုတ်ပါ။ ယူနစ်သုံးသိန်းအထက် သုံးစွဲသော စက်မှုလုပ်ငန်းသုံးကိုလည်း သင့်တင့်မျှတစွာ ဓာတ်အားခကုန်ကျစရိတ်ရှိမည်ဖြစ်၍ များစွာထိခိုက်မှုမဖြစ်နိုင်ပါ။ ဓာတ်အားရရှိပြီး မြို့ရွာများက အနည်းငယ်ဓာတ်အားခဖြင့် ထိန်းညှိပြီး ချွေတာလိုက်၍ ဓာတ်အားမရသေးသောမြို့ရွာများအတွက် ဓာတ်အားများဖြန့်ဖြူးလာနိုင်မည့်သဘောဖြစ်ပါသည်။ ဓာတ်အားများ တစ်တိုင်းတစ်ပြည်လုံး အချိုးညီမျှတစွာ ရရှိလာခြင်းဖြင့် လူမှုဘဝများ တိုးတက်လာပြီး ဒေသအနှံ့မီးလင်းလာ၍ ပြည်သူတို့လည်း ချမ်းသာသုခကို ရရှိခံစားလာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအား အတည်ပြုနိုင်ရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ဆွေးနွေးညှိနှိုင်း

နေပြည်တော် မတ် ၂၀

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူတင်သွင်းနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက လွှတ်တော်ရုံး အိုင်ဆောင် အမှတ်-၂ အပေါ်ထပ်၌ကျင်းပရာ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဆန်းလင်း၊ ဒေါ်မြမြဝင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော ပင်လောင်းမဲဆန္ဒနယ်မှ ပအိုဝ်းတိုင်းရင်းသား ဦးခွန်မောင်သောင်း၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ကချင်တိုင်းရင်းသား ဦးခမိုင်မုန်ကွမ်၊ မူဆယ်မဲဆန္ဒနယ်မှ ရှမ်းအမျိုးသား ဦးစိုင်းဘိုးအောင်၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် တင်သွင်းလာသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့မှုအခြေအနေတို့ကို ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက တင်ပြဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းကို တိုင်းရင်းသားများ၏ သဘောထားဆန္ဒများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ကြရန် သဘောထားများထပ်မံရယူပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးဦးလေဦးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

၁။ ယခုအခါ နွေရာသီရောက်ပြီဖြစ်ပါသည်။ မကြာမီ မိုးဦးလေဦး ကျရောက်တော့မည်ဖြစ်ပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသော နွေသီးနှံများကို အချိန်မီရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက်ရောက်ရှိရေး၊ သီးနှံများ မပျက်ဆီးမဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုကြခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ မပျက်စီးစေရေး၊ အချိန်မီ အမိုးအကာအောက်ရောက်ရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် နှိုးဆော်အပ်ပါသည်။

၃။ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထားသော သီးနှံများ ပျက်စီးဆုံးရှုံးမှုနှင့် အလေအလွင့်နည်းပါးရေးအတွက် ကိုယ်တိုင်နိုးကြားအားထုတ် ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

ပြည်တွင်းသတင်း

ဥရောပသမဂ္ဂသို့ ပို့ကုန်ပမာဏ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံး စီးပွားရေးနှင့် ကုန်သွယ်ရေးဌာန၊ ဥရောပသမဂ္ဂမှ Commissioner ဖြစ်သူ H.E.Mr. Karel De Gucht ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဥရောပသမဂ္ဂသို့ ပို့ကုန်ပမာဏ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ထပ်တူ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရေး၊ ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုသွားရေးနှင့်ပို့ကုန်များကို ဥရောပသမဂ္ဂ၏ စံချိန်စံညွှန်းပြည့်မီစေရန်အတွက် နည်းပညာဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်ရေး၊ ဥရောပသမဂ္ဂမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၆ လအတွင်း ကျေးရွာ ၂၀၀၀၀ ကျော် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်နေ

နေပြည်တော် မတ် ၂၀

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော တတိယအကြိမ်မြောက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan-NEP) အတွက် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်း မရှိသေးသောဒေသများတွင် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်မည့် နည်းလမ်းနှင့် ဓာတ်အားစနစ်ပြင်ပတွင် အခြားနည်းလမ်းဖြင့် ဓာတ်အားပေးနိုင်မည့်အခြေအနေများကို ကမ္ဘာ့ဘဏ်မှခန့်အပ်ထားသော အတိုင်ပင်ခံအဖွဲ့များက ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွက် လေ့လာပြီးသော ကြားဖြတ်အစီရင်ခံစာကို ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ပထဝီမြေအနေအထားအပေါ် မူတည်ပြီး ဓာတ်အားစနစ်မှ ချိတ်ဆက်ပေးနိုင်မည့်နေရာ၊ သီးခြား mini-grid ဖြင့် ပေးနိုင်မည့်နေရာနှင့် Solar Home System ဖြင့် တစ်အိမ်ချင်း လျှပ်စစ်မီးရရှိနိုင်မည့် နေရာများအတွက် ကုန်ကျစရိတ်အနည်းဆုံးနည်းလမ်းများ လေ့လာရှာဖွေခြင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် လမ်းပြမြေပုံကိုရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံငွေအတွက် ဘဏ္ဍာငွေလျာထားချက် ရေးဆွဲခြင်းများကို စီမံချက်မှာ ထည့်သွင်းရေးဆွဲသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လျှပ်စစ်ဓာတ်အားမလုံလောက်မှုသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် အတားအဆီးဖြစ်နေကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာ ၄၀၀၀၀ ကျော်တွင် လျှပ်စစ်မီးမရရှိသေးကြောင်း၊ အစိုးရအနေဖြင့် ကျန်ရှိသော ၂၆ လအတွင်း ကျေးရွာ ၂၀၀၀၀ ကျော် လျှပ်စစ်မီးရရှိရန် လျာထားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်အုပ်စုဝင် International Finance Corporation ၏ Country Director Mr. Vikram Kumar က National Electrification Plan ကို ရေးဆွဲနိုင်ရန်အတွက် ပြီးခဲ့သော ၁၀ လကစတင်၍ ဆောင်ရွက်ခဲ့ပြီး ယခုတတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ယခု National Electrification Plan ကို ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် အကူအညီပေးရန် ကတိပြုထားပြီးဖြစ်သော လုပ်ငန်းများမှာ သထုံ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံအတွက် IDA ချေးငွေ၊ မြင်းခြံ IPP Combined Cycle Power Plant Project အတွက် IFC ၏ Advisory Service နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အား Corporation အသွင်ဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ရန်တို့ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ရရှိရေးမှာ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့၏ ဆောင်ရွက်မှုဖြင့်သာမရဘဲ သက်ဆိုင်သောပါဝင်ရမည့် အဖွဲ့အစည်းများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းစွာစီမံချက်ချ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် World Bank၊ Columbia University၊ Castalia Strategic Advisors၊ Asian Development Bank၊ JICA၊UNIDO နှင့် GE တို့မှ ပညာရှင်များ၏ ရှင်းလင်းတင်ပြချက်များကို တက်ရောက်သူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ လျှပ်စစ်ဓာတ်အားမရရှိသေးသော မြို့၊ ရွာ၊ ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ယခုရေးဆွဲနေသော National Electrification Plan အရ ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော်ရန် လိုအပ်သောငွေကြေးကို ကမ္ဘာ့ဘဏ်အုပ်စုက လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အကူအညီပေးရန်လျာထားသော အမေရိကန်ဒေါ်လာ တစ်ဘီလီယံအောက်မှ သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် Off-grid ဒေသများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းများအတွက်လည်း World Bank နှင့် ADB တို့မှ ပူးတွဲပြီး အထောက်အပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်စည်းဝေး

နေပြည်တော် မတ် ၂၀

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force on Strengtheing the ASEAN Secretariat and Reviewing the ASEAN Organs) ၏ ပထမအကြိမ်အစည်းအဝေးကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အဆင့်မြင့် လုပ်ငန်းအဖွဲ့ဆိုင်ရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အမြဲတမ်းအကြံပေး... မြန်မာနိုင်ငံ ကိုယ်စားလှယ်အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဖွင့်အမှာစကား ပြောကြားသည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ ကိုယ်စားပြု အဆင့်မြင့်လုပ်ငန်း အဖွဲ့ဝင် ကိုယ်စားလှယ် ၁၀ ဦးနှင့်အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ အဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပထမဦးဆုံး အစည်းအဝေးဖြစ်သည့် အားလျော်စွာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ အဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်လုပ်ငန်းစီမံချက်တို့ကို မူကြမ်းရေးဆွဲခြင်း၊ ဦးစားပေးသုံးသပ်သင့်သည့် အာဆီယံအဖွဲ့အစည်းများကို ရွေးချယ်ဖော်ထုတ်နိုင်ရေးနှင့် ၎င်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်တို့ကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေး၏ နောက်ဆက်တွဲအစည်းအဝေးများကို အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဆက်လက်ကျင်းပသွားရန်ရှိပြီး ယင်းအစည်းအဝေးများတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများ ခိုင်မာသွက်လက်ရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရန် နည်းလမ်းများကို ရှာဖွေသုံးသပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

GUSTO INSTITUTE
School of Computing & Software Engineering
#289 (A), Pyay Road, Sanchaung Tsp., Yangon.
PH: 09 86 28806, 09 4500 56104, 09 730 31302.
edexcel
Approved Centre No.93683
နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်
International Diploma/Degree Programs
HND Diploma in Computing (UK)
B.Sc. (Hons) Computing (UK)
2014 April Intake
အတွက် ကျောင်းအပ်နိုင်ပါပြီ
တက္ကသိုလ်ဝင်တန်း ဖြေဆို အောင်မြင်ပြီးသူများ စတင် လျှောက်ထားနိုင်ပါသည်။

နိုင်ငံတကာသတင်း

ယူကရိန်းအရေး ရုရှားနှင့် စစ်ဖြစ်မည်မဟုတ်ဟု အမေရိကန်သမ္မတဘားရက်အိုဘားမားပြောကြား

ဝါရှင်တန် မတ် ၂၀

ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ရုရှားနှင့် စစ်မဖြစ်နိုင်ကြောင်း၊ ဝါရှင်တန်က ရုရှားနှင့်စစ်မဖြစ်သင့်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ယူကရိန်းအရေးနှင့်ပတ်သက်ပြီး စစ်ရေးအထိ ဦးတည်လိမ့်မည်မဟုတ်ကြောင်း အင်န်ဘီစီသတင်းဌာနနှင့် ဗုဒ္ဓဟူးနေ့က အင်တာဗျူးရာတွင် အိုဘားမားက ပြောဆိုလိုက်ခြင်းဖြစ်သည်။

အမေရိကန်ဖျက်သင်္ဘော USS Truxtun၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား စစ်သင်္ဘောများနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်ရန် ခရိုင်းမီးယားကျွန်းဆွယ်ပင်လယ်နက်တွင် ရုရှားတပ်များ ဖြန့်ကြက်ထားသည့်နေရာမှ ကီလိုမီတာ ရာပေါင်းအနည်းငယ် အကွာ ရောက်ရှိပြီး နာရီပိုင်းအကြာ သူက ပြောဆိုလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် ရုရှားအနေဖြင့် ယူကရိန်း၏ အချုပ်အခြာအာဏာကို ချိုးဖောက်ပြီး ဝင်ရောက်ခွင့်မရှိကြောင်း အမေရိကန်သမ္မတက ရုရှားကို သတိပေးလိုက်သည်။

အဆိုပါ ခရိုင်းမီးယားဒေသကို ရုရှားနှင့် ပူးပေါင်းရေး ကြိုးပမ်းမှုအပေါ် ရုရှားကို ဆက်လက်ဖိအားပေးသွားမည်ဟု သမ္မတအိုဘားမားက ဆိုသည်။

ပင်လယ်နက်ကျွန်းဆွယ် ဒေသခံပြည်သူ ၉၇ ရာခိုင်နှုန်းသည် ယူကရိန်းမှ ခွဲထွက်၍ လူထုဆန္ဒခံယူပွဲပြုလုပ်ပြီး ရုရှားနှင့်ပူးပေါင်းရန် ကြိုးစားမှုအပေါ် ရုရှားကို အရေးယူရေး ဆက်လက်ဖိအားပေးသွားမည်ဟု ဆိုသည်။

တနင်္လာနေ့တွင် ခရိုင်းမီးယားက လွတ်လပ်ရေးကြေညာလိုက်ပြီး ရုရှား၏ တရားဝင်အစိတ်အပိုင်းအဖြစ် တရားဝင်လျှောက်ထားခဲ့သည်။ ယင်းကိစ္စသည် စစ်အေးလွန်ကာလအပြီး အဆိုးရွားဆုံး ဆက်ဆံရေးတင်းမာမှု ဖြစ်လာသည်။ ခရိုင်းမီးယားပြည်သူများက ယူကရိန်းအစိတ်ပိုင်းအဖြစ် နှစ်ပေါင်း ၆၀ ကြာ နေထိုင်လာပြီးနောက် ရုရှားနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒရှိနေကြသည်။

(ပရက်စ်တီဗွီ)

ခရိုင်းမီးယားပြည်သူများကို ပထမဆုံး ရုရှားနိုင်ငံကူးလက်မှတ်ထုတ်ပေး

မော်စကို မတ် ၂၀

ခရိုင်မီးယားဒေသရှိ ပြည်သူများကို ရုရှားနိုင်ငံကူးလက်မှတ်ထုတ်ပေးရန်အတွက် မိမိတို့နိုင်ငံနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း ရုရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနအကြီးအကဲက ပြောကြားသည်။

၎င်းသဘောတူစာချုပ်အရ ခရိုင်းမီးယားဒေသ ပြည်သူများအနေဖြင့် ရုရှား လူဝင်မှုကြီးကြပ်ရေးဌာနတို့ လျှောက်ထားခြင်းဖြင့် နိုင်ငံကူးလက်မှတ်များ ရရှိနိုင်မည်ဖြစ်ရာ ယနေ့အချိန်ထိ နိုင်ငံကူးလက်မှတ်အချို့ကိုပင် ထုတ်ပေးခဲ့ပြီးဖြစ်သည်ဟု Itar-Tass သတင်းအေဂျင်စီက ၎င်းဌာနပြောကြားချက်ကို ကိုးကား ဖော်ပြသည်။

ယခုကဲ့သို့ ရုရှားနိုင်ငံကူး လက်မှတ်ထုတ်ပေးရာတွင် လျှောက်ထားသူ အရေအတွက်ကို အသေးစိတ်ဖော်ပြခြင်းမရှိသော်လည်း မှတ်တမ်းများအရ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်ဟု ဆိုသည်။

နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုပြီးနောက် ရုရှားနယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာသူအရေအတွက် နှစ်ဆတိုးလာခဲ့ကြောင်း၊ ရုရှားလူဝင်မှု ကြီးကြပ်ရေးဌာနအနေဖြင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ သဘောထားနှင့်ထပ်တူ ယူကရိန်းနိုင်ငံ တွေ့ကြုံခံစားနေရသော လူ့အခွင့်အရေးပိုမိုဆုံးရှုံးလာမှုကို မျှဝေခံစားပေးမည်ဖြစ်ကြောင်း ပြောသည်။

(ဆင်ဟွာ)

အီရန်နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်ရန် အစ္စရေးဝန်ကြီးချုပ်စစ်တပ်ကို အမိန့်ထုတ်

တဲလ်အဗစ် မတ် ၂၀

အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ယခုနှစ်အတွင်း အီရန်နျူကလီးယားအဆောက်အအုံနေရာများကိုတိုက်ရန် ပြင်ဆင်ထားရေး အစ္စရေးစစ်တပ်ကို အမိန့်ထုတ်ပြန်ထားသည်။

တဲလ်အဗစ်က အီရန်ကိုတိုက်ရေးပြင်ဆင်ရန် ယခုနှစ် ဘတ်ဂျက်တွင် အမေရိကန်ဒေါ်လာ၂ ဒသမ ၈ ဘီလီယံကို ခွဲဝေသုံးရမည်ဖြစ်ကြောင်း အစ္စရေးအစိုးရ၏ မတ် ၁၉ ရက်ထုတ်ပြန်ချက်ကို ကိုးကားပြီး ဟာရက်သတင်းစာက ကိုးကားဖော်ပြသည်။

အီရန်နျူကလီးယားအစီအစဉ်အပေါ် အနောက်နိုင်ငံများနှင့် လိပ်ခဲတည်းလည်းဖြစ်နေခြင်းအပေါ် တဲလ်အဗစ်အစိုးရက စစ်ရေးပြင်ဆင်ရန် အမိန့်ထုတ်ပြန်လိုက်သည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အီရန်နျူကလီးယားအစီအစဉ်အပေါ် ဗီယင်နာ၌ မတ် ၁၉ ရက်က နောက်ဆုံးအကျော့ဆွေးနွေးခဲ့ကြသည်။ သို့သော် နှစ်ဖက်စလုံးက အပြုသဘောဆောင်ဆွေးနွေးခဲ့သည်ဟု ဆိုသည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်နှင့် ဂျာမနီတို့သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ၌ နျူကလီယားအစီအစဉ်အပေါ် အငြင်းပွားမှုဖြေရှင်းရေးသဘောတူညီချက်ရရှိခဲ့သည်။

အဆိုပါ ဂျီနီဗာ၌ သဘောတူချက်အရ ခြောက်နိုင်ငံက အီရန်ကိုခြောက်လအတွင်း ပိတ်ပင်ထားမှုများ ဖြေလျှော့ပေးရန် သဘောတူညီထားသည်။

သို့သော်လည်း အစ္စရေးက အီရန်ကို စစ်ရေးအရတိုက်ခိုက်ရန် ခြိမ်းခြောက်လျက်ရှိသည်။ အီရန်၏နျူကလီယား အဆောက်အအုံများကို တိုက်ခိုက်လာလျှင် အစ္စရေးမြို့များဖြစ်သည့် တဲလ်အဗစ်နှင့် ဟိုင်ဖာမြို့များကို အမှုန့်ချေပစ်မည်ဟု အီရန်ခေါင်းဆောင် ခါမေနီက သတိပေးပြောကြားသည်။

(ပရက်စ်တီဗွီ)

တရားမဝင်ရွှေ့ပြောင်းရောက်လာသူဦးရေ ၂၀၀ ထက်မနည်း ကယ်ဆယ်ထားရသည်ဟု အီတလီပြောကြား

ရောမ မတ် ၂၀

ပြီးခဲ့သည့် ၄၈ နာရီအတွင်းက စစ္စလီကမ်းရိုးတန်းအလွန်၌ မြောက်အာဖရိကနိုင်ငံသားများစွာပါဝင်သော တရားမဝင် ရွှေ့ပြောင်းနေထိုင်သူဦးရေ ၂၀၀ ထက်မနည်း ကယ်ဆယ်ပေးခဲ့ရကြောင်း အီတလီအာဏာပိုင်များက ပြောကြားခဲ့သည်။

၎င်းကြေညာချက်သည် စပိန်နိုင်ငံပိုင် မြောက်အာဖရိကပိုင်းရှိ မီလီလာနယ်မြေသို့ လူဦးရေ ၅၀၀ ခန့်ကို အတင်းအကျပ် ပြန်လည်စေလွှတ်အပြီး နောက်တစ်ရက်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းအခြေအနေကို တုံ့ပြန်သောအားဖြင့် စပိန်အစိုးရက အဆိုပါနယ်မြေတွင် လုံခြုံရေးနှစ်ဆတိုးမြှင့်ချထားလိုက်သည်။

နှစ်စဉ်လိုလိုပင် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းသွားလာသူများသည် စပိန်နှင့် အီတလီတို့မှတစ်ဆင့် ဥရောပသို့သွားရောက်ရန် ကြိုးစားလေ့ရှိကြသည်။ ၎င်းတို့သည် ဆိုမာလီနှင့် အီရီထရီးယားတို့မှ ဖြစ်ကြပြီး အန္တရာယ်များသောခရီးစဉ်ကို ဖြတ်သန်းလာလေ့ရှိသည်။

သို့သော် ပြီးခဲ့သည့်နှစ်ကမူ ပြည်တွင်းစစ်ပွဲကြောင့် နိုင်ငံထွက်ပြေးတိမ်းရှောင်လာသူ ဆီးရီးယားနိုင်ငံသားဦးရေမှာ တိုးတက်လာလျက်ရှိသည်။

အီတလီအာဏာပိုင်များ၏ ပြောကြားချက်အရ ယခုတစ်ခေါက်တွင် ရွှေ့ပြောင်းနေထိုင်သူတို့သည် အုပ်စုဖွဲ့လှေ ၁၃ စင်းနှင့် ရောက်လာခဲ့ပြီး အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးငယ်များလူစုံပါဝင်ကာ အီရီထရီးယားနှင့် ဆီးရီးယားနိုင်ငံများမှ ဖြစ်သည်ဟု သိရသည်။ **(ဘီဘီစီ)**

အာဖဂန်နိုင်ငံရှိ ရဲစခန်းတစ်ခု တိုက်ခိုက်ခံရမှုဖြစ်ပွား အနည်းဆုံးလေးဦးသေဆုံး

ကဘူးလ် မတ် ၂၀

အာဖဂန်နစ္စတန် အရှေ့ပိုင်းရဲစခန်းတစ်ခုကို အသေခံတိုက်ခိုက်သည်ဟု သံသယဖြစ်ဖွယ်ရှိ တိုက်ခိုက်မှုတစ်ခုကြောင့် အနည်းဆုံးလူလေးဦး သေဆုံးခဲ့ရသည်ဟု ယနေ့ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

ဂျလာလာဘတ်မြို့ရဲဌာနမှ တာဝန်ရှိသူများက ယခုတိုက်ပွဲသည် သောင်းကျန်းသူများ ကြိမ်ဖန်များစွာတိုက်ခိုက်မှုပြုလုပ်ပြီး သေနတ်တိုက်ပွဲစတင်လာခြင်းဟု ဆိုသည်။

ရရှိထားသောသတင်းများအရ ရဲစခန်းသို့ပစ်မှတ်ထားတိုက်ခိုက်သူများမှာ အသေခံကားဗုံးတိုက်ခိုက်သူတစ်ဦးနှင့် သေနတ်သမားငါးဦး ပါဝင်သည်ဟု သိရသည်။

နံနက်အစောပိုင်း တိုက်ခိုက်မှုစတင်ချိန်မှ နောက်ထပ်လေးနာရီကြာအထိ ဆက်လက်တိုက်ပွဲဖြစ်ပွားနေခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။ သောင်းကျန်းသူများဘက်ကမူ အစိုးရရုံးများနှင့် ဌာနချုပ်များအနီးရှိရဲစခန်း တိုက်ခိုက်ခံရပါက မြို့တော်၏ အဓိကအသည်းနှလုံးအား ဖဲ့ခြွေသကဲ့သို့ ဒါသူပုန်ထလိမ့်မည်ဟု ယုံကြည်ထားကြသည်။ ပြီးခဲ့သည့် မတ် ၁၈ ရက်ကလည်း အာဖဂန်နစ္စတန်မြောက်ပိုင်း အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုတွင် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သား ၁၇ ဦးသေဆုံးခဲ့ရပြီး လူဦးရေ ၆၀ ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ **(ဘီဘီစီ)**

ရုရှားကို အရေးယူရန် အီးယူခေါင်းဆောင်များ တွေ့မည်

အီးယူ မတ် ၂၀

အီးယူခေါင်းဆောင်များသည် ဘရပ်ဆဲလ်မြို့၌ ရုရှားက ခရိုင်းမီးယားကို တိုက်ခိုက်သိမ်းယူရန် ကြိုးစားမှုအပေါ် လက်တုံ့ပြန်အရေးယူမှုများ ပိုမိုပြုလုပ်ရေး ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အကျပ်အတည်းကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရေး တွန်းအားပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း မော်စကိုသို့ ရောက်ရှိနေစဉ် အဆိုပါ သတင်း ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရုရှားလိုလားသော တပ်များက ယူကရိန်းရေတပ်ဌာနချုပ်အပါအဝင် ရေတပ်အခြေစိုက် စခန်းနှစ်ခုကို သိမ်းလိုက်ပြီးနောက် ခရိုင်းမီးယားတွင် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

အဆိုပါ ရေတပ်စခန်းသို့ ဝင်ရောက်စီးနင်းစဉ် ယူကရိန်းရေတပ်မှ တပ်ဖွဲ့ဝင်များ ထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း လာဘ်စားမှုဖြင့်အစစ်ဆေးခံရမည်

ဒါကာ မတ် ၂၀

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဟောင်းနှင့် အခြားအတိုက်အခံခေါင်းဆောင်များသည် လာမည့်လတွင် လာဘ်စားမှုနှင့် ပတ်သက်ပြီး စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးမှုခံရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စခါလီဒါဇီယာနှင့် လုပ်ဖော်ကိုင်ဖက်ခေါင်းဆောင်များသည် လူမှုရေးရန်ပုံငွေများမှ ဒေါ်လာ ထောင်ပေါင်းများစွာ လာဘ်စားမှုရှိခဲ့သည်ဟု ဆိုသည်။ သူမ၏ ရှေ့နေများက အချိန်ပိုပေးရန် တောင်းဆိုလိုက်ပြီးနောက် ယင်းတို့အား ဧပြီ ၂၁ ရက်တွင် ဒါကာမြို့တရားရုံး၌ စစ်ဆေးသွားမည်ဟု ဆိုသည်။ မစ္စဇီယာနှင့် သားဖြစ်သူ ကရစ်ရာမန်အပါအဝင် လေးဦးသည် ၁၉၈၁ ခုနှစ်က လုပ်ကြံခံရသော သူမ၏ခင်ပွန်း သမ္မတဟောင်း ဇီယာရာမန် ထူထောင်ထားသော ဆင်းရဲသားများထောက်ပံ့ရေးရန်ပုံငွေအဖွဲ့မှ တာကာဒေ့ ၃၁ ဒသမ ၅ သန်း(အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ခန့်) ယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ဘဝနတ်ထံပျံလွန်

ရန်ကုန် မတ် ၂၀

ဧရာဝတီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် မယ်ဇလီကုန်းမြို့ ခေမာသီဝံ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဇောတိသာရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည် ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်၊ မတ် ၁၀ ရက် (တနင်္လာနေ့) ည ၁၁နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ညွန့်ဝိသာခါကျောင်းဆောင်သစ်အတွက် ဒုတိယအကြိမ်ငွေလှူ

နေပြည်တော် မတ် ၂၀

မကွေးမြို့ ကန်ပြား(အရှေ့)ရွာ ယသဇေယျာရုံကျောင်းတိုက်ရှိ ကိုယ့်အားကိုယ်ကိုး လူငယ်ဖွံ့ဖြိုးရေးကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် ဆောက်လုပ်လျက်ရှိသည့် ညွန့်ဝိသာခါကျောင်းဆောင်သစ်အတွက် ဒုတိယအကြိမ် အလှူငွေလှူဒါန်းပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ယသဇေယျာရုံကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ယသဇေယျာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏက ဩဝါဒကထာ ချီးမြှင့်ပြီး အလှူရှင် သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့်ဇနီး ဒေါ်ထွေးရီ မိသားစုက ငွေကျပ် သိန်း ၁၀၀ **(အောက်ပုံ)**၊ ဦးလှဝင်းမိသားစု(MK) နှင့် ဦးအောင်ထွေး-ဒေါ်ဇာခြည်ဝင်း မိသားစု(ကိုင်ရိုအပ်ချုပ်ဆိုင်)တို့က ငွေကျပ် သိန်း ၅၀ စီ၊ ဒေါ်ခင်မာဦး မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် မိသားစု၊ ဦးတင်မြင့် - ဒေါ်ခင်မြတ်ကြွယ် မိသားစု (ခိုင်ထူးဆောက်လုပ်ရေး-မကွေး)၊ Mr. Srobhas Bharakom-Mrs. Tepin Bharakom (Myanmar CP Livestock Co.,Ltd.) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း မိသားစု၊ ဦးကိုကိုနိုင်-ဒေါ်သင်းသင်းယု (လက်နှစ်ဖက် မိသားစု-မကွေး) တို့က ငွေကျပ် ငါးသိန်းစီ၊ ဒေါ်တန်အားလူး(ခ) ဒေါ်မြဝင်း(ကွယ်လွန်) မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးစိုးလင်း-ဒေါ်ခင်အေးမြင့် မိသားစု၊ မမတွတ်-မမဝင်း မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးတင်မောင်ရွှေ မိသားစု၊ ဦးအောင်ဇော်မျိုး မိသားစု၊ ဦးဝင်းမောင်-ဒေါ်ခင်မေချစ် မိသားစု၊ ဦးစန်းဝင်း-ဒေါ်စုစု မိသားစု၊ ဦးစိုးဝင်း-ဒေါ်ခင်စန်းကြူ မိသားစု၊ ကိုဝေဖြိုးဟန်-မနှင်းအေးခိုင် (Art Royal Co., Ltd.)၊ ဦးစိုးဝင်းစိန်-ဒေါ်ခိုင်ခိုင်ဝင်း(ကမ္ဘာလုံးသက်န်းတိုက်)၊ ကိုအောင်မျိုးဦး(Maximum One Company) တို့က ငွေကျပ် တစ်သိန်းစီတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ အလှူရှင်များက ဆောက်လုပ်ဆဲ ညွန့်ဝိသာခါကျောင်းဆောင်သစ်အတွင်း ကြည့်ရှုလေ့လာကြသည်။ ဒုတိယအကြိမ် လှူဒါန်းသည့် အလှူငွေမှာ ငွေကျပ်သိန်း ၂၇၀ ဖြစ်ပြီး ပထမအကြိမ် အလှူငွေကျပ် ၁၆၈ သိန်း စုစုပေါင်း အလှူငွေကျပ် ၄၃၈ သိန်း လှူဒါန်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့်ဇနီး ဒေါ်ထွေးရီ မိသားစုက မကွေးမြို့ ရတနာမာန်အောင် တပ်ဦးကျောင်း ဆရာတော် ဣန္ဒာဝံသထံသို့ သိမ်အသစ်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၄၀၊ ဘုရားထီးတော်အတွက် ငွေကျပ် တစ်သိန်းတို့ကို သွားရောက်လှူဒါန်းပြီး အောင်စေတနာ(အေ)အုပ်စု၊ မင်းဂံကြီးရပ်ကွက်ရှိ မြတ်မဂ္ဂင်ဓမ္မာရုံ မီးစက်အတွက် ငွေကျပ် ၃၅၀၀၀၀၊ အရုဏ်ဆွမ်း ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

✳ ရှေ့ဖုံးမှ

ကင်းလွတ်အကျယ် ၄၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ကိုးပေ၊ မူးကမ်းကြီးဘက် ချဉ်းကပ်လမ်းအရှည် ၁၄၇၆ ပေနှင့် ရွှေဘိုဘက်ချဉ်းကပ်လမ်းအရှည် ပေ ၂၀၀၀ရှိပြီး ရဟန်းရှင်လူထည့်ဝင်ငွေကျပ် ၈၆၅၈ ဒသမ ၂၃၃၈ သိန်းဖြင့် အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မူးမြစ်ကူးတံတားဆောက်လုပ်ပြီးစီး အသုံးပြုနိုင်သည့်အတွက် ဒီပဲယင်းမြို့နယ် မူးကမ်း၊ ညောင်လှ၊ ဆူးတပ်ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၃၀ ကျော်မှ ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ ယင်းမြစ်ကူးတံတားမှတစ်ဆင့် ရွှေဘို-စစ်ကိုင်း-မန္တလေး- ကချင်ပြည်နယ် မြစ်ကြီးနားသို့ လည်းကောင်း၊ အရာတော်မြို့သို့ ဖြတ်သန်း၍ မြင်းမူ-မြောင်မြို့နယ်များသို့ လည်းကောင်း၊ မုံရွာမှတစ်ဆင့် ကလေး-ကလေးဝ-တမူး-အိန္ဒိယနယ်စပ်ဘက်သို့ လည်းကောင်း၊ ရွှေဘိုမှတစ်ဆင့် ကျောက်မြောင်းမြို့နယ်ခွဲ၊ စဉ့်ကူး၊ မိုးကုတ်၊ သပိတ်ကျင်း၊ ကသာ၊ဗန်းမော်မြို့များသို့လည်းကောင်း သွားလာနိုင်ကြောင်းလည်း သိရသည်။

ယခင် တံတားမရှိခင်ကာလက အဆိုပါ ကျေးရွာနေပြည်သူများ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး လှေနှစ်စင်းဖြင့် ကုန်းပေါင်ပြုလုပ်၍ ကုန်စည်များ၊ လှည်းများ၊ ဆိုင်ကယ်များတင်ဆောင်ကာ မူးမြစ်ကို ဖြတ်ကူးကြရကြောင်း၊ မူးကမ်းကြီးကျေးရွာမှ ရွှေဘိုမြို့သို့သွားရန် မြစ်ကူးနိုင်ရေးအတွက် စောင့်ဆိုင်းရသဖြင့် သုံးနာရီကြာမျှ သွားလာကြရကြောင်း၊ ယခုတံတားဆောက်လုပ်ပြီးချိန်တွင် တစ်နာရီခွဲသာကြာမြင့်ကြောင်း၊ ယခင် မူးကမ်းကြီးမှ ရွှေဘိုရောက်သည်အထိ ခရီးစရိတ်ငွေကျပ် သုံးထောင်ခန့်မျှ ကုန်ကျခဲ့ပြီး ယခုအခါတွင် ငွေကျပ် တစ်ထောင်မျှသာ ကုန်ကျကြောင်း သိရသည်။

ယခင်က ညအချိန်အရေးပေါ် ကျန်းမာရေးကိစ္စများ ဖြစ်ပွားပါကလည်း သွားလာမှုအခက်အခဲကြောင့် အသက်ဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့် တံတားကြီးဖြစ်သောကြောင့် ဒေသခံပြည်သူများ ဝမ်းသာပီတိ ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါမူးမြစ်ကူးတံတားဆောက်လုပ်ပြီးစီး၍ အသုံးပြုခွင့်ရတော့မည် ဖြစ်သောကြောင့် မူးကမ်းကြီးကျေးရွာမှ ၂၄ မိုင်ခန့်ကွာဝေးသော ဒီပဲယင်းမြို့နယ်၊ မူးကမ်းကြီးကျေးရွာမှ ၁၇ မိုင်ခန့်သာကွာဝေးသော ရွှေဘိုမြို့နယ်များသို့ နေ့၊ ည အချိန်အခါမရွေး သွားလာနိုင်ပြီဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့၍ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မူးမြစ်ကူးတံတားကြီးမကြာမီ အချိန်ကာလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မတ် ၂၀ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ငြိမ်းက စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ အလုံမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ လူမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများအား လျှပ်စစ်မီတာခနှုန်းထား ပြောင်းလဲကောက်ခံခြင်းကို ရှင်းလင်းဆွေးနွေးစဉ်။ ဘော်ဂါသွေး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အဓိကအကြောင်းအရာကြီးလေးခုကို ဆွေးနွေးကြပါမယ်

သတင်း၊ ဓာတ်ပုံ
ကိုပေါက်(နေပြည်တော်)

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၅ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်သည်။ ထိုအစည်းအဝေးနှင့်ပတ်သက်၍ သိရှိနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းအား မတ် ၁၉ ရက်တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည်-

မေး ။ (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးမှာ ဘယ်အကြောင်းအရာတွေကို အဓိကထား ဆွေးနွေးကြမယ်ဆိုတာ ပထမဦးဆုံး ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ အစည်းအဝေးမှာ အဓိကအကြောင်းအရာကြီးလေးမျိုးကို ဆွေးနွေးသွားကြဖို့ရှိပါတယ်။ နံပါတ်တစ်အကြောင်းအရာကတော့ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) နဲ့ ပတ်သက်ပြီးတော့ Blue Print ကို ဆွေးနွေးဖို့ရှိတယ်။ ဒါကအကြောင်းအရာအကြီးကြီးပေါ့။ ဒီအကြောင်းအရာအကြီးကြီးရဲ့အောက်မှာ ခေါင်းစဉ်ငယ်လေးတွေနဲ့ အကြောင်းအရာပေါင်းအများကြီးရှိပါတယ်။ ဒုတိယအကြောင်းအရာကတော့ အာဆီယံဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေး တစ်စုတစ်စည်းတည်းဖြစ်ဖို့ကိစ္စပေါ့။ အဲဒါကလည်းပဲ သူ့ခေါင်းစဉ်အောက်မှာ ဆွေးနွေးစရာအကြောင်းအရာတွေအများကြီးပါပါတယ်။ တတိယကတော့ အာဆီယံစီးပွားရေးနဲ့ပတ်သက်ပြီး စောင့်ကြည့်တဲ့ Road Map ကို ဆွေးနွေးဖို့ရှိပါတယ်။ စတုတ္ထနဲ့ နောက်ဆုံးကတော့ အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်တဲ့အကြောင်းအရာတွေ ဖြစ်ပါတယ်။

ဒီတော့ အကြောင်းအရာအားဖြင့် လေးခုရှိပေမယ့် အဲဒီအကြောင်းအရာကြီးတွေရဲ့အောက်မှာအကြောင်းအရာငယ်တွေက အများကြီးရှိတော့ စုစုပေါင်းဆိုရင် အကြောင်းအရာငယ်ပေါင်း ၁၂ ခု ဝန်းကျင်လောက် ဆွေးနွေးသွားဖို့ရှိတယ်။ အဲဒီလေးခုအပြင် အခြားဆိုတဲ့ ခေါင်းစဉ်ငယ်လေးတွေလည်းရှိသေးတယ်။ အဲဒီအောက်မှာလည်း ဆွေးနွေးစရာခေါင်းစဉ်ငယ်လေးတွေ ပါပါတယ်။ ခြုံငုံပြောရမယ်ဆိုရင်တော့ ဆွေးနွေးမယ့်အကြောင်းအရာတွေက အာဆီယံနိုင်ငံတွေနဲ့ ဆွေးနွေးဖက်သုံးနိုင်ငံကြားမှာ ဘဏ္ဍာရေးနဲ့ပတ်သက်တဲ့ ကိစ္စအဝဝ အမယ်စုံပါပါတယ်။

ဉပမာအားဖြင့် အာမခံအကြောင်းလည်း ပါဝင်ပါမယ်။ Customs အကြောင်းလည်း ပါပါမယ်။ နောက်တစ်ခါ အခွန်ကောက်ခံခြင်းကိစ္စ၊ ငွေကြေးခဝါချမှုတွေ၊ နောက် အာဆီယံမှာရှိတဲ့ ငွေကြေး စာချုပ်ဈေးကွက်တွေအကြောင်း အဲဒါတွေပါ အကုန်ပါမယ်။ အာဆီယံမှာ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ဝန်ဆောင်မှုပေးမယ့်အကြောင်းတွေ၊ ဖြေလျှော့ပေးတဲ့ကိစ္စတွေ စသည်ဖြင့် ဘဏ္ဍာရေး၊ ငွေရေး ကြေးရေးကိစ္စနဲ့ပတ်သက်တာတွေအားလုံး ပါပါမယ်။ ခေါင်းစဉ်ကြီးအနေနဲ့ ကြည့်လိုက်ရင်တော့ ဒီလေးခုပဲ ပါပါတယ်။

မေး ။ ဒီလိုအစည်းအဝေးမျိုးကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ဖို့ဆိုတာ တော်တော်လေးခက်ခဲမယ်ဆိုတာ နားလည်ပါတယ်ခင်ဗျ။ ဒီတော့ ကြိုတင်ပြင်ဆင်ခဲ့မှု အခြေအနေလေးကိုလည်း ပြောပြပေးပါဦးခင်ဗျာ။

ဖြေ ။ ပြင်ဆင်မှုအပိုင်းအနေနဲ့ကတော့ မနှစ်ကတည်းကစခဲ့တာလို့ ပြောရပါမယ်။ ၂၀၁၃ ခုနှစ် ဇွန်လလောက်ကတည်းက စတင်ပြင်ဆင်ခဲ့ရတာပါ။ အဲဒီကတည်းက Plan တွေဆွဲတာပေါ့။ တကယ်တမ်းစပြီး Physically စတင်လုပ်ဆောင်ဖြစ်တာကတော့ ၂၀၁၃ ဩဂုတ်လလောက်မှာ စတင်လှုပ်ရှားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဒီအစည်းအဝေးမှာ တက်မယ့်ကိုယ်စားလှယ်ဦးရေဟာ ၂၀၀ ပတ်ဝန်းကျင်လောက်ရှိပါတယ်။ အာဆီယံနိုင်ငံ ၁၀ နိုင်ငံကလည်းပါမယ်။ အာဆီယံရဲ့ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံက ကိုယ်စားလှယ်တွေလည်းပါမယ်။

ဒါ့အပြင် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတွေဖြစ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့ ပြီးတော့ အာဆီယံမှာဖွဲ့ထားတဲ့ အာဆီယံအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေလည်းလာတက်ကြမှာဖြစ်ပါတယ်။ ဒီ့အပြင် အခြားအရေးပါတဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တော်တော်များများလည်း လာတက်ကြမှာဆိုတော့ စုစုပေါင်းကိုယ်စားလှယ်ဦးရေ ၂၀၀ ကျော်လောက်ရှိမယ်။ ဒီတော့ လာရောက်ကြသူတွေအတွက် နေထိုင်စားသောက်သွားလာရေး၊ အစည်းအဝေးတွေကို အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်စေရေး၊ လုံခြုံရေး၊ ဆက်သွယ်ရေးစတဲ့ကိစ္စတွေ တော်တော်လေးကို ကြီးမားပါတယ်။

ဒီတော့ ပြင်ဆင်တဲ့နေရာမှာ နှစ်ပိုင်းခွဲလုပ်ဆောင်ခဲ့ပါတယ်။ ပထမပိုင်းကတော့ အစည်းအဝေးတက်ရောက်တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ Logistic အပိုင်း၊ နောက်တစ်ခုက ဆွေးနွေးမယ့်အကြောင်းအရာတွေပေါ့။ အဲဒါတွေက တစ်ပိုင်း၊ ဆိုတော့ကာ နှစ်ပိုင်းခွဲထားပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ Logistic အပိုင်းကလည်း အင်မတန်ကြီးမားပါတယ်။ ဒီမှာ ဟိုတယ်ဘွတ်ကင်လုပ်တာကအစ နောက်ပြီး တက်ရောက်လာမယ့်သူတွေ သိအောင် ကြေညာချက်လေးတွေကအစပေါ့။ ဒီတော့ အဲဒီလိုလုပ်နိုင်ဖို့အတွက် ဆပ်ကော်မတီလေးတွေ ဆယ်ဖွဲ့လောက်ဖွဲ့ထားပြီး သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ပြန်လည်ညှိနှိုင်းဆောင်ရွက်ကြရပါတယ်။ ဝန်ကြီးဌာနတွေအချင်းချင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရပါတယ်။ လုပ်ရမယ့်ကိစ္စရပ်တွေက အလွန်များတော့ လစ်ဟာမသွားရအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။

မေး ။ တစ်လက်စတည်းနဲ့ သိချင်တာလေးတစ်ခုလောက်မေးပါရစေခင်ဗျ။ ဒီအစည်းအဝေးကြီးမှာ မြန်မာနိုင်ငံအနေနဲ့ ထူးထူးခြားခြားလုပ်ကိုင်သွားမယ့် အစီအမံလေးတွေများ ရှိနေနိုင်မလားခင်ဗျာ။

ဖြေ ။ အာဆီယံရဲ့ ထူးခြားတဲ့ထုံးစံတစ်ခုကတော့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ အိမ်ရှင်နိုင်ငံအနေနဲ့ အစည်းအဝေးပြုလုပ်တဲ့အခါ ခေါင်းစဉ်အသစ်၊ အကြောင်းအရာအသစ်တစ်ခုကို တင်တယ်၊ အာဆီယံကခေါ်တာတော့ Show Case လို့ခေါ်တာပေါ့။ ဉပမာအားဖြင့် မနှစ်က ဘရူနိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံလုပ်တယ်။ အဲ့ဒီမှာအကြောင်းအရာသစ်တစ်ခုကို တင်ပြီးဆွေးနွေးတယ်။ ဘာလဲဆိုတော့ Financial Literacy လို့ခေါ်တဲ့ ဘာသာရပ်ကို ဆွေးနွေးတာပါ။

အခု ကျွန်တော်တို့ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့အချိန်မှာလည်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဉက္ကဋ္ဌအဖြစ်ကျင်းပမယ့် ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးမှာလည်း အကြောင်းအရာသစ်တစ်ခုကို တင်မှာပါ။ Financial Inclusion လို့ ခေါ်ပါတယ်။ သူ့အဓိပ္ပာယ်ကတော့ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးအခွင့်အရေးတွေကို မခံစားရတဲ့ လူတန်းစားတွေ အများကြီးရှိတယ်။ သုတေသနပြုလုပ်ချက်တွေအရ အာရှနဲ့ ပစိဖိတ်ရပ်ဝန်းမှာ ဒီလိုဘဏ္ဍာရေးအခွင့်အလမ်းတွေ၊ ငွေရေး၊ ကြေးရေးအခွင့်အလမ်းတွေမရတဲ့ အိမ်ထောင်စုပေါင်း သန်း ၃၀၀ လောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီလိုလူတွေကို ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေး အခွင့်အလမ်းတွေရအောင်လုပ်ပေးတာကို Financial Inclusion လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒါကို Show Case အဖြစ်တင်မှာပါ။

မေး ။ ဟုတ်ကဲ့။ နောက်ဆုံးမေးခွန်းအနေနဲ့ ဒီအစည်းအဝေးကို ကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံအနေနဲ့ အာဆီယံအသိုက်အဝန်းမှာရော၊ တစ်နိုင်ငံချင်းအနေနဲ့ပါ ရရှိနိုင်မယ့် အကျိုးကျေးဇူးလေးတွေကို ပြောပြပေးစေချင်ပါတယ်ခင်ဗျ။

ဖြေ ။ ဒီအစည်းအဝေးတွေမှာ အဓိကဘဏ္ဍာရေးနဲ့ပတ်သက်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေရော ဆွေးနွေးဖက်နိုင်ငံတွေရောကြားမှာ ပွင့်လင်းမြင်သာမှုရှိစွာ ပူးပေါင်းဆောင်ရွက်ဖို့၊ ညှိနှိုင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ နောက်ပြီး ရင်ဆိုင်ကြုံတွေ့ရနိုင်တဲ့ အန္တရာယ်တွေ၊ အခက်အခဲတွေကို ပူးပေါင်းဖြေရှင်းဖို့ဆိုတဲ့ကိစ္စတွေကို လုပ်လာကြတဲ့အခါ ဘာတွေအကျိုးအမြတ်တွေဖြစ်လာသလဲဆိုတော့ နံပါတ်တစ်အချက်အနေနဲ့ ၁၉၉၇ ခုနှစ်မှာ အာရှငွေကြေးအခက်အခဲဆိုပြီးတော့ ပေါ်ပေါက်ခဲ့တယ်။ ဒီအာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးဆိုတာကလည်း အဲဒါကို အကြောင်းခံပြီးတော့ ဖြစ်လာတာပါ။ နောက်ထပ်ဒီလိုငွေကြေးအကျပ်အတည်းမျိုးမဖြစ်ရအောင် ဝိုင်းဝန်းကြံဆကြရာကနေ ဒီလိုဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးဆိုတာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။

အာဆီယံပေါ်ပေါက်လာတာက ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်မှာ ဗန်ကောက်မြို့၌ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက ဘဏ္ဍာရေးဝန်ကြီးအစည်းအဝေးဆိုတာ မရှိသေးပါဘူး။ ၁၉၉၇ ခုနှစ်ကျမှ ဒီအစည်းအဝေးဆိုတာ ပေါ်ပေါက်လာတာပါ။ ပေါ်ပေါက်လာရခြင်းကလည်း စောစောက ပြောခဲ့သလို အာရှငွေရေးကြေးရေးအကျပ်အတည်းဆိုတာ ပေါ်ပေါက်ခဲ့လို့ပါပဲ။ ဒီတော့ အခုလို ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စောစောကပြောခဲ့တဲ့ အာရှငွေရေးကြေးရေး အကျပ်အတည်းဆိုတာမျိုးကို ရှောင်ရှားလာနိုင်ပါတယ်။ ဒုတိယအကျိုးကျေးဇူးကတော့ အာဆီယံရပ်ဝန်းမှာရော ဆွေးနွေးဖက်သုံးနိုင်ငံနဲ့ အာဆီယံအဖွဲ့အစည်းကြားထဲမှာရော ခိုင်မာတဲ့ဘဏ္ဍာရေးစနစ်ကို ထူထောင်နိုင်ဖို့ အထောက်အကူအများကြီးရသွားပါတယ်။ ဒီနှစ်ခုပေါင်းရဲ့ရလဒ်က အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကြားမှာရော၊ ဆွေးနွေးဖက်နိုင်ငံ သုံးနိုင်ငံကြားမှာရော ခိုင်မာတဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ ဘဏ္ဍာရေးဆက်သွယ်မှု တစ်နည်းအားဖြင့် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ ဒါက အဓိကအကျိုးကျေးဇူးတွေပါ။ ကျန်တာတွေကတော့ ဆက်နွှယ်ပြီးပါလာတဲ့ အကျိုးကျေးဇူးတွေအနေနဲ့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရင်းနှီးချစ်ခင်မှုတွေ ပေါ်ပေါက်လာပါတယ်။ ယဉ်ကျေးမှုတွေကို သိရတယ်။ ဆက်နွှယ်ပါလာတဲ့ အကျိုးတွေပေါ့။ အဓိကကတော့ စောစောက ပြောခဲ့တဲ့ နှစ်ချက်ပါပဲ။

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း

မေး ။ ဟုတ်ကဲ့ အခုလို အချိန်ပေးပြီးဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ရှိတဲ့ ဒုတိယဝန်ကြီးတစ်ယောက်အနေနဲ့ ဒီအစည်းအဝေးအပေါ်မှာ မြန်မာနိုင်ငံအတွက် ရရှိနိုင်မယ့်ကောင်းကျိုးလေးတွေ၊ ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာ အကျိုးဆက်လေးတွေကို ကျေးဇူးပြုပြီး ပြောပြရင်း နိဂုံးချုပ်ပေးစေချင်ပါတယ်ခင်ဗျာ။

ဖြေ ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုက်တယ်ဆိုကတည်းက နိုင်ငံရေးအရရော၊ လူမှုရေးအရရော ခိုင်မာမှုတွေကို သက်သေပြလိုက်တာပါပဲ။ ဒီအစည်းအဝေးတွေ ကျင်းပလိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ လုပ်နေတဲ့ ဒီမိုကရေစီဖော်ဆောင်ရေးကအစ ပွင့်လင်းမြင်သာမှုရှိရေးတို့အဆုံးပေါ့။ ဒါတွေ အကုန်လုံးကို အာဆီယံနိုင်ငံတွေပါ သိအောင်ထုတ်ပြန်လိုက်တာနဲ့တူပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံကို အစက အမျိုးမျိုးပြောခဲ့ကြတာရှိပါတယ်။ ကိုယ်တိုင်လာကြည့်ကြတဲ့အခါကျမှ နိုင်ငံဘယ်လောက်တည်ငြိမ်အေးချမ်းမှုရှိတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာတွေရှိတယ်ဆိုတာ သူတို့ကိုယ်တိုင်ကိုယ်ကျ မြင်ကြရတဲ့အခါ ထုတ်ဖော်ပြသလိုက်သလို ဖြစ်သွားတာပေါ့။ ဒါကတော့ နိုင်ငံရေးအရအမြတ်ပေါ့။ နောက်ပြီးတော့ ဘဏ္ဍာရေးအရဆိုရင်လည်း ဘဏ္ဍာရေးဝန်ကြီးချင်း၊ ဒုတိယဝန်ကြီးချင်းအကြား ချစ်ခင်ရင်းနှီးမှုတွေ ပိုမိုရရှိလာပါတယ်။ လုပ်ငန်းဆောင်ရွက်ရတာလည်း လွယ်ကူလာပါတယ်။ နောက်ယဉ်ကျေးမှုတွေ ဘာတွေလည်း ပါလာတာပေါ့။ ပြောရရင် တစ်နွယ်ငင်တစ်စင်ပါဆိုသလို ကောင်းကျိုးလေးတွေ ဆက်စပ်ပါလာတာအများကြီး ရှိပါတယ်လို့ ပြောချင်ပါတယ်။

အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပဲခူးတိုင်းဒေသကြီး လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေး တောင်ငူ၌ကျင်းပ

တောင်ငူ မတ် ၂၀

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ပဲခူးတိုင်းဒေသကြီး လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို မတ် ၁၉ရက်နံနက်ပိုင်းက တောင်ငူမြို့ ကန်လမ်းရှိ မေတ္တာနှင့်စေတနာ သွေးလှူရှင်အသင်းရုံးခန်းမ၌ကျင်းပရာ သဘာပတိ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဉက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က အမှာစကားပြောကြားပြီး အတွင်းရေးမှူးသတင်းစာဆရာဦးသိန်းဝင်း(ထက်မြတ်ထိုက်)က သတင်းစာဆရာများ လိုက်နာရမည့်ကျင့်ဝတ်နှင့် သိရှိရမည့် ဉပဒေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဦးကျော်လှ(သမာဓိ)၊ ဉက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ တောင်ငူခရိုင် ခြောက်မြို့နယ်ရှိ သတင်းစာဆရာများ၊ ပဲခူးခရိုင်၊ ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ်များမှ သတင်းစာဆရာများ စုံညီစွာ တက်ရောက်ကြသည်။

သဘာပတိ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း ဉက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး လက်မှတ်ထိုးအတည်ပြုထုတ်ပြန်ခဲ့သည့် 'သတင်းမီဒီယာဉပဒေ'ကို ဖတ်ကြားရှင်းလင်းပြောကြားသည်။ **(၁၁၅)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(တောင်ကြီး)သည် ပအိုဝ်းအမျိုးသားနေ့ပွဲတော်တွင် ဌာနဆိုင်ရာများမှ ပြခန်းများ ပြသထားရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဗဟုသုတရဖွယ် ရုပ်ပုံကားချပ်များကို ဗီနိုင်းပိုစတာများဖြင့် ပြသထားပြီး တိုင်းရင်းသား ပြည်သူများ ကြည့်ရှုအားပေးစဉ်။
(ပွဲတော်ကာလ မတ် ၁၁ ရက်မှ ၁၆ ရက်ထိ ပြသထားခဲ့သည်။)
(တောင်ကြီး ကညန)

ပြည်သူ့လွှတ်တော်အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ် လစ်လပ်မဲဆန္ဒနယ် ၃၀ ရှိ၍ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်ရှိ

နေပြည်တော် မတ် ၂၀

၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့်ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးနောက် လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်ဦးရေနှင့် မဲဆန္ဒနယ်စာရင်းများမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၇ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးရှိပြီး လစ်လပ်မဲဆန္ဒနယ် ၂၈ နယ်ရှိပါကြောင်း၊ သို့ရာတွင် ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ထပ်မံလစ်လပ်လျက်ရှိကြောင်းကို ၂၀၁၄ ခုနှစ် မတ် ၂၀ ရက်တွင် ထပ်မံသိရှိရသဖြင့် စုစုပေါင်းလစ်လပ်မဲဆန္ဒနယ်မှာ ၃၀ ဖြစ်၍ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပရန် အစီအစဉ်ရှိပါကြောင်း၊ ကျင်းပမည့်နေ့ရက်ကို အနည်းဆုံးသုံးလကြိုတင်၍ ကြေညာပေးသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် လူပုဂ္ဂိုလ်များနှင့်ပါတီများသည် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒကို အလေးထားဖြည့်ဆည်းကာ ထာဝရစည်းရုံးနေသင့်ပါကြောင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက **လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း၏ အကြောင်းအမျိုးမျိုးကြောင့်လစ်လပ်နေသော မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်စပ်လျဉ်းသည့် မေးခွန်းနှစ်ခုကို မေးမြန်းခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ဖြေကြားစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြန်လည်ဖြေကြားခဲ့သည်။

မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ မြန်မာနိုင်ငံအနေဖြင့် ချေးငွေများပေးဆပ်ရန် ကျန်ရှိသည့် ပြင်ပနိုင်ငံအရေအတွက် မည်မျှရှိသည်နှင့် နိုင်ငံတစ်ခုချင်းအလိုက် ပေးဆပ်ရန် မည်မျှကျန်ရှိသည်ကို သိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံ ၁၆ ခုနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများဖြစ်ကြသည့် အိုင်ဒီအေ၊ အေဒီဘီ၊ အိုပက်တို့ထံမှ ချေးငွေများချေးယူခဲ့ရာတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ပေးဆပ်ရန်ကျန်ရှိသည့် ချေးငွေပမာဏသည် အမေရိကန်ဒေါ်လာ ၉၅၉၃ ဒသမ ၈၉၄ သန်းဖြစ်ပါကြောင်း၊ ၎င်းချေးငွေများကို ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေလဲလှယ်နှုန်းအရ တွက်ချက်ထားသည့် ပမာဏဖြစ်ပါကြောင်း၊ ချေးငွေလက်ကျန်ပမာဏသည် အချိန်နှင့်အမျှ ဖြစ်ပေါ်နေသည့် ငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့်လည်းကောင်း၊ စာရင်းပိတ်သည့်နေ့အထိ ပြည်ပချေးငွေထုတ်ယူသုံးစွဲခြင်း အရင်းနှင့်အတိုး ပြန်လည်ပေးဆပ်ခြင်းတို့ကြောင့် လည်းကောင်း အထက်ဖော်ပြပါ ကိန်းဂဏန်းများပြောင်းလဲမှုရှိနိုင်ကြောင်းဖြင့် ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနှင့် ညီညွတ်ခြင်းမရှိ ဆောင်ရွက်နေသော ဌာနများအပေါ် မည်သို့အရေးယူမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များတွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုး နှစ်စဉ်တိုးတက်ရရှိရေးသည် ရည်မှန်းချက်များအနက်အချက်တစ်ချက်အဖြစ် ပါဝင်လျက်ရှိပါကြောင်း၊ အခွန်ရငွေများတိုးတက်ရရှိစေရေးအတွက် နိုင်ငံတကာကျင့်ထုံးဖြစ်သည့် Broaden the tax base reduce the tax rate အခွန်ထမ်းဦးရေ များများအပေါ် အခွန်နှုန်းနည်းနည်းဖြင့် ကောက်ခံနိုင်ရေးအတွက် အခွန်ထမ်းသစ်များဖော်ထုတ်ခြင်းအပါအဝင် ရသင့်ရထိုက်သော အခွန်ငွေများရရှိစေရေး၊ အခွန်လွတ်ကင်း တိမ်းရှောင်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့်အကောက်ခွန်တို့ကို ပြည်ထောင်စုအစိုးရက ကောက်ခံပြီး ဥပဒေပုဒ်မ ၂၅၄ အရ အခွန်ကိုးမျိုးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ကောက်ခံရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုဥပဒေပြု စာရင်းအရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအရ လည်းကောင်း မိမိတို့နှင့်သက်ဆိုင်သည့် ဘဏ္ဍာရန်ပုံငွေတိုးတက်ရရှိရေး စီမံဆောင်ရွက်

လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း မေးမြန်းစဉ်။
(သတင်းစဉ်)

လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်း မြို့များတွင် အခွင့်အရေးလိုင်စင်စီများနှင့် ပတ်သက်၍ လေလံဈေးနှုန်းများ သတ်မှတ်ခြင်းနှင့် လေလံစီမံခန့်ခွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ လေလံဈေးနှုန်းများကြောင့် ပြည်သူလူထု၏ စားသုံးကုန်ဈေးနှုန်းများ မြင့်တက်လာမှုမဖြစ်စေရေးအတွက် အချို့ဒေသများတွင် လေလံစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လုပ်ငန်းလိုင်စင်များနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် လေလံစနစ်အားဖျက်သိမ်းပြီး ဈေးခုံစနစ်ဖြင့် ဆောင်ရွက်သည့် အစီအစဉ်ကို စမ်းသပ်ဆောင်ရွက်ခဲ့ရာ ယခင်လေလံစနစ်ဆောင်ရွက်သကဲ့သို့ လေလံဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် ကြီးမြင့်လာမှုမရှိတော့ခြင်း၊ လေလံအောင်မြင်သူတစ်ဦးတစ်ယောက်တည်းမှ ဈေးကွက်ချုပ်ကိုင်နိုင်မှုများ မရှိတော့ခြင်းနှင့် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်သူများအတွက် လိုင်စင်ဈေးနှုန်းသက်သာစွာ လုပ်ကိုင်ခွင့်ရရှိသဖြင့် လေလံဈေးနှုန်းမြင့်တက်မှုအပေါ် မူတည်၍ အသားဈေးနှုန်းများ တိုးမြှင့်ရောင်းချမှုလျော့နည်းသွားခြင်းစသည့် အကျိုးကျေးဇူးများရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အခွင့်အရေးလေလံ၊ အထူးသဖြင့်(လိုင်စင်စီ) ဈေးနှုန်းကြီးမြင့်မှုကြောင့် သော်လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှကောက်ခံသည့် အခွန်များကြောင့်သော်လည်းကောင်း၊ အသားဈေးနှုန်းများ ကြီးမြင့်နေခြင်းမဟုတ်ဘဲ သက်ဆိုင်ရာဒေသများအလိုက် ရောင်းလိုအားနှင့်ဝယ်လိုအားအပေါ်တွင် မူတည်၍ ဈေးနှုန်းအတက်အကျများရှိပြီး သက်ဆိုင်ရာ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေစာရင်းတွင် ပါဝင်သည့် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များက စီမံခန့်ခွဲခွင့်ရှိသည့် လုပ်ငန်းများဖြစ်၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ သီးခြားအရေးယူဆောင်ရွက်ရန် မရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

မွေးရာပါနိုင်ငံသားနှင့်ဥပဒေအရ နိုင်ငံသားပြုခွင့်ရသူတို့သာ နိုင်ငံသားဖြစ်ထိုက်သည်ကို စိစစ်လေ့လာတွေ့ရှိ

နေပြည်တော် မတ် ၂၀

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **ရွေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးအောင်ကြည်ညွန့်က လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီတို့က ဆွေးနွေးခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏ ဆွေးနွေးချက်များအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ကဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်တင်ပြသည့် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးတင်ယုက လွှတ်တော်သို့ တင်သွင်းခဲ့သည်။

၎င်းအစီရင်ခံစာ၌ မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၄) အရ အမျိုးသားမှတ်ပုံတင်အမှတ် ကိုင်ဆောင်ထားသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားသို့ ပြောင်းလဲလျှောက်ထားရမည်ဖြစ်ပြီး အမျိုးသား

ကော်မတီဝင် ဦးအောင်ကြည်ညွန့် အစီရင်ခံစာ တင်သွင်းစဉ်။
(သတင်းစဉ်)

မှတ်ပုံတင်လက်မှတ်သည် နိုင်ငံသားဥပဒေနှင့် အကျုံးမဝင်တော့သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ တွင် "အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ"ဟု လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၄၆ တွင် "နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်စေရမည်"ဟု လည်းကောင်း ပြဋ္ဌာန်းထားသဖြင့် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားပြုခွင့်ရသူတို့သာ နိုင်ငံသားဖြစ်ထိုက်သည်ကို စိစစ်လေ့လာတွေ့ရှိရပါကြောင်း။

ပုဒ်မ ၂၅- က အဖြစ် "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်) မပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ တည်ရှိခဲ့သည့် နိုင်ငံရေးပါတီများသည် ဤပြင်ဆင်သည့်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီနှင့်ပါတီဝင်များဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သင့်တော်သည့်အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည်"ဟု ဖြည့်စွက်သင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ထို့နောက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်လိုသည့် အဆိုပြုချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့ပြီး ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူ

ကော်မတီဝင် ဦးတင်ယု အစီရင်ခံစာ တင်သွင်းစဉ်။
(သတင်းစဉ်)

သည့်အတွက် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **"မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ကုန်ကျစရိတ်များကို တိကျစွာ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအပါအဝင် ပြိုင်ပွဲကြီးတစ်ခုလုံး၏ စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၃၃ ဒသမ ၉၅၈ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၅၅ သန်း၊ ကနေဒါဒေါ်လာ ၄၆၀၀ ဒသမ ၀၃ နှင့် စင်ကာပူဒေါ်လာ ၇၀၀၀၀ ဖြစ်ပြီး ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ခြင်းဖြစ်ပါကြောင်း။

တရုတ်နိုင်ငံမှ အားကစားနည်း ၁၁ မျိုးအတွက် လေ့ကျင့်ရေးသုံးပစ္စည်းများထောက်ပံ့ခြင်းနှင့် အားကစားနည်းပြဆရာ ၂၆ ဦးအား မြန်မာနိုင်ငံသို့ တစ်နှစ်ကြာစေလွှတ်ပေးခြင်း၊ မြန်မာ့အားကစားသမား ၁၇၆ ဦးကို တရုတ်နိုင်ငံသို့ သုံးလကြာစေလွှတ်လေ့ကျင့်ရေးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သန်းနှင့်ညီမျှသော ယွမ်ငွေ ၅၃ ဒသမ ၄ သန်း၊ ပြိုင်ပွဲစီမံခန့်ခွဲမှုစနစ် Game Management System နည်းပညာများအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၇၈ သန်းနှင့် ညီမျှသောယွမ်ငွေ ၃၈ ဒသမ ၈၇ သန်းနှင့် ပြိုင်ပွဲသုံးအားကစားနည်း ၁၄ မျိုးအတွက် အထောက်အကူပြုပစ္စည်းများ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆ သန်းနှင့် ညီမျှသောယွမ်ငွေ ၁၇ ဒသမ ၁၆ သန်း စုစုပေါင်းထောက်ပံ့ကူညီမှုမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၃၈ သန်းနှင့်ညီမျှသော ယွမ်ငွေ ၁၀၉ ဒသမ ၄၃ သန်းကို လက်ခံရရှိခဲ့ပါကြောင်း။

ထို့ပြင် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကို နိုင်ငံတော်အဆင့်မီ ကျင်းပနိုင်ရန် နည်းပညာပိုင်းနှင့် လိုအပ်သောပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁၇ သန်းနှင့်ညီမျှသော ယွမ်ငွေ ၁၀၂ သန်း ကူညီပေးခဲ့ပါကြောင်း၊ ၎င်းကူညီမှုအားလုံးသည် ချေးငွေသဘောမျိုးမဟုတ်ဘဲ နှစ်နိုင်ငံအကြီးအကဲများ၏ ညှိနှိုင်းဆွေးနွေးမှုများအရ ကူညီထောက်ပံ့မှုဖြစ်ပါကြောင်း။

အားကစားပြိုင်ပွဲ တစ်ခုလုံး၏ အသုံးစရိတ်များကို၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်များအတွင်း သုံးစွဲခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၃ ဒသမ ၅၈၄ ဘီလီယံ၊ နိုင်ငံ့ဂျီဒီပီအချိုး၏ ၀ ဒသမ ၀၀၆၉ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၃၀ ဒသမ ၃၇၄ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၅၅ သန်း၊ ကနေဒါဒေါ်လာ ၄၆၀၀ ဒသမ ၀၃ နှင့် စင်ကာပူဒေါ်လာ ၇၀၀၀၀ သုံးစွဲခဲ့သဖြင့် နိုင်ငံ့ဂျီဒီပီအချိုး၏ ၀ ဒသမ ၀၇၁၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

အလားတူ ဖွင့်ပွဲ၊ ပိတ်ပွဲ ကုန်ကျစရိတ်သည် တရုတ်နိုင်ငံ၏ ထောက်ပံ့ကူညီမှုတန်ဖိုးမပါ ကျပ် ၁၀ ဒသမ ၁၅၇ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းဖြစ်သဖြင့် နိုင်ငံ့ဂျီဒီပီအချိုး၏ ၀ ဒသမ ၀၂၂၇ ရာခိုင်နှုန်းဖြစ်ပါကြောင်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းဖြင့် လိုအပ်သည့် 1250 KVA မီးစက်ခြောက်လုံးနှင့် 1000 KVA မီးစက်နှစ်လုံးဝယ်ယူခဲ့ခြင်းဖြစ်ပြီး မီးစက်များကို ဝဏ္ဏသိဒ္ဓိ Sports Complex တွင် သုံးလုံးနှင့် ကျန်ငါးလုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆက်လက် သုံးစွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်အစိုးရသစ်လက်ထက် သမိုင်းတစ်ခေတ်ဟု ခေါ်ဆိုနိုင်သည့် အမျိုးသမီးဗိုလ်လောင်းသင်တန်းဖွင့်လှစ်နိုင်ခဲ့

နေပြည်တော် မတ် ၂၀

ကမ္ဘာပေါ်တွင် အမျိုးသမီးများစွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြကြောင်း၊ ကာကွယ်ရေးတာဝန် ထမ်းဆောင်နေမှုများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်များ တာဝန်ထမ်းဆောင်နေကြကြောင်း၊ တပ်မတော်ထဲတွင် ဗိုလ်မှူးကြီးအဆင့်ရှိ တပ်မှူးများ၊ ပါရဂူဌာနမှူးများ တာဝန်ပေးအပ်ထားကြောင်း၊ လွှတ်တော်ထဲတွင်လည်း အမျိုးသမီးအရာရှိ ကိုယ်စားလှယ်များ တာဝန်ပေးအပ်ထားကြောင်း၊ ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်သမိုင်းတစ်ခေတ်ဟုခေါ်ဆိုနိုင်သည့် အမျိုးသမီးဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အမျိုးသမီးဗိုလ်လောင်သင်တန်းအမှတ်စဉ်(၁) ဖြစ်သည်နှင့်အညီ ဒေါင်ဒေါင်မြည် အရည်အသွေးရှိပြီး ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်ကြောင်း၊ တပ်မတော်သားဘဝအစဖြစ်၍ ပင်ပန်းဆင်းရဲခက်ခဲမည် ဖြစ်သော်လည်း ချွေးထွက်များမှ သွေးထွက်နည်းမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးစားသင်ကြားလေ့ကျင့်ရန်လိုကြောင်း၊ သင်တန်းတွင် ကိုယ်တိုင်အပင်ပန်းခံလေ့ကျင့်ခြင်းဖြင့်လက်တွေ့နယ်ပယ်တွင် စာနာစိတ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်မှာလည်း အရာရှိခေါင်းဆောင်ငယ်များ ဖြစ်လာမည်ဖြစ်၍ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာရေး နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းကာလတစ်လျှောက်လုံး အကောင်းဆုံးကြိုးပမ်းလေ့ကျင့်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌တက်ရောက်နေသော အမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁)မှ ဗိုလ်လောင်းသင်တန်းသားများကို ဗိုလ်သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသမီးဗိုလ်လောင်းသင်တန်းသားများ လက်တွေ့လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၉ နာရီခွဲတွင် မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)သို့ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်တို့ကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရည်ရွယ်ချက်ရှိစွာဖြင့် ဖွင့်လှစ်ထားသောသင်တန်းဖြစ်၍ ကျန်းမာကြံ့ခိုင်မှုမှစ၍ လေ့ကျင့်ရေးဆိုင်ရာများတွင် အထူးအလေးထားဆောင်ရွက်ရန်နှင့် စားသောက်ရေးကိစ္စ အပါအဝင် အုပ်ချုပ်မှုဆိုင်ရာများ စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စာသင်ခန်းများ၊ အမျိုးသမီးဗိုလ်လောင်းများ လက်တွေ့လေ့ကျင့်သင်ကြားနေမှုများ၊ ဧည့်တွေ့ဆောင်များနှင့် စားရိပ်သာများအားလှည့်လည်ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ကျေးရွာများသို့ သွားရောက်ပြီး အခမဲ့ကုသပေး

သံတောင်ကြီး မတ် ၂၀

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မတ် ၁၄ ရက်က စတင်ပြီး သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ပြီး အခမဲ့ဆေးကုသပေးကြောင်း သိရသည်။

အဆိုပါဆေးကုသရေးအဖွဲ့တွင် ဘုရင့်နောင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်မြတ်ကျော်နှင့်အမှတ်(၁၅) ခုတင် ၁၀၀ တပ်မတော်စစ်ဆေးရုံ(ဘုရင့်နောင်)မှ အထွေထွေရောဂါကုသရေး ဆရာဝန်ငါးဦး၊ အကူသူနာပြုဆရာမ နှစ်ဦး ပါဝင်သည်။

မတ် ၁၄ ရက်က ရွှေညောင်ပင်ကျေးရွာ၊ မတ်၁၅ ရက်က စီပင်ကြီးကျေးရွာအုပ်စုသို့ လည်းကောင်း၊ မတ် ၁၆ ရက်က ရွာကြီးကျေးရွာအုပ်စု၊ မတ် ၁၇ ရက်က တောပြာကြီးကျေးရွာ၊ မတ် ၁၈ ရက်က လိပ်ပြာကြီးကျေးရွာအုပ်စုသို့ လည်းကောင်း၊ မတ် ၁၉ ရက်က မောင်နွဲ့ကြီးကျေးရွာအုပ်စုသို့ လည်းကောင်း၊ မတ် ၂၀ ရက်က နန်းချိန်ခွင်ကျေးရွာသို့လည်းကောင်း ဆေးကုသပေးခဲ့ပြီး မတ် ၂၁ ရက်အထိ ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုတီ(iprd)

မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း မရမ်းကုန်းနှင့် ကမာရွတ်မြို့နယ်တို့တွင် ဖွင့်လှစ်

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ မတ် ၂၀ ရက် နံနက်က ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင် ဒေါ်ခင်မမထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား သင်တန်းသူ ဆရာဆရာမတို့အား ကောက်ယူရန် အချက်အလက်များ မှန်ကန်တိကျမှုရှိစေရန်မှာကြားပြီး ခြောက်ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

အလားတူ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၊ မြို့နယ်အဆင့် စာရင်းကောက်၊ စာရင်းစစ်သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်က ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ဖွင့်လှစ်ပို့ချရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက သန်းခေါင်စာရင်းကောက်ယူမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတွင် မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သန်းခေါင်စာရင်း ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး ခြောက်ရက်ကြာသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၃)**

လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံမည့် အခြေအနေများ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံမည့် အခြေအနေများရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရုံး ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်အထောက်အကူပြု ကော်မတီများ၊ ပြည်သူများအင်အား ၁၀၀ ခန့်နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ စက်မှုဇုန် ၁၃ ခုမှ စက်မှုဇုန်ကော်မတီတာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင် အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့သည်။

ရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်**(အပေါ်ပုံ)**က ဓာတ်အားခနှုန်းထားတိုးမြှင့်ရခြင်း၏ ရည်ရွယ်ချက်၊ ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံရန် လိုအပ်လာသည့် အခြေအနေများ၊ ပြင်ဆင်ကောက်ခံမည့် ဓာတ်အားခယူနစ်အလွှာလိုက်နှုန်းထားများ ၁-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ တစ်လသုံးစွဲယူနစ်များကို ၁-၅-၂၀၁၄ ရက်မှစတင်၍ မီတာဖတ်ရှုပြီး နောက်ပိုင်း ပေးချေရမည့် အခြေအနေများနှင့် ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ အခြေအနေကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများနှင့် စက်မှုလုပ်ငန်းရှင်များက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

လှိုင်သာယာမြို့နယ်အနေဖြင့် မီးသုံးသူ ၅၈၂၈၅ ဦးရှိပြီး အိမ်သုံးမီတာတွင် တစ်ယူနစ်မှ ၁၀၀ ယူနစ်ထိ သုံးစွဲသူဦးရေသည် ၄၉ ဒသမ ၂၆ ရာခိုင်နှုန်းနှင့် စီးပွားရေးနှင့် စက်မှုသုံးမီတာတွင် တစ်ယူနစ်မှ ၅၀၀ ယူနစ်အထိ သုံးစွဲသူ ဦးရေသည် ၁၆ ဒသမ ၅၅ ရာခိုင်နှုန်းရှိနေသဖြင့် မီးသုံးသူဦးရေ၏ ၆၅ ဒသမ ၈၁ ရာခိုင်နှုန်းသည် ယခုနှုန်းထားတိုးမြှင့်ကောက်ခံမှုအရ ပြောင်းလဲခြင်းမရှိကြောင်းနှင့် အိမ်သုံးမီတာတွင် ၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်ထိ သုံးစွဲသူဦးရေသည် ၂၉ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် စီးပွားရေးနှင့် စက်မှုသုံးမီတာတွင် ၅၀၁ ယူနစ်မှ ၁၀၀၀၀ ယူနစ်ထိ သုံးစွဲသူဦးရေသည် ၁ ဒသမ ၀၈ ရာခိုင်နှုန်းရှိနေသဖြင့် မီးသုံးသူဦးရေ၏ ၃၀ ဒသမ ၆၈ ရာခိုင်နှုန်းသည် ယခုနှုန်းထားတိုးမြှင့်ကောက်ခံမှုအရ အနည်းငယ်သာပို၍ ယူနစ်ဖိုးငွေ ကျသင့်သည်ကို တွေ့ရှိရသဖြင့် အခြေခံလူတန်းစား မီတာများနှင့် အသေးစားစီးပွားရေးနှင့် စက်မှုလုပ်ငန်းသုံးမီတာများအတွက် ထူးခြားသောတိုးမြှင့်ကောက်ခံမှုမရှိသည်ကို တွေ့ရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

❀ *ကျောဖုံးမှ*

နိုင်ငံတော်၏ စီမံကိန်းများသို့ သက်သာသောဈေးနှုန်းဖြင့် ပေးသွင်းနိုင်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ကုန်ပစ္စည်းဈေးနှုန်းများ ချိန်ဆ၍ ရောင်းအား မြှင့်တင်နိုင်ရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း Design Department, Plate Mill, Fabrication Shop များတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည်အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာရှင်းလင်းဆောင်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားတည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နောင်တုံကုမ္ပဏီလီမိတက်မှတာဝန်ရှိသူတစ်ဦးက အမှတ်(၂)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အေဒင်အုပ်စုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အမှတ်(၃) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားတည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို အထောက်အကူဖြစ်စေမည့် ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် ဦးတည်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်ခြင်းကြောင့် သတ်မှတ်ထားသောစီမံကိန်းကာလအတွင်း လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးအောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန် On Job Training သင်တန်းများကြိုတင် လေ့ကျင့်သင်ကြားပေးရေး၊ ဝန်ထမ်းအိမ်ရာများစံချိန်စံညွှန်းမီစွာဖြင့် အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ ဝင်လမ်း ထွက်လမ်းများ ကောင်းမွန်ရေး၊ ရေရှည်တွင် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်ကိစ္စရပ်များ အချိန်မီအပြည့်အဝပေးသွင်းဆောင်ရွက်ရေးများကို ဖြည့်စွက်မှာကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း ရှုရပ်မျှော်စင်မှ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၂)နှင့် အမှတ်(၃)အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား စီမံကိန်းပြီးစီးပါက တစ်နှစ်ကုန်သေတ္တာကိုင်တွယ်နိုင်စွမ်း ၂၈၈၀၀၀ TEU၊ ကုန်သေတ္တာထားသိုထိန်းသိမ်းနိုင်မှု ၁၃၂၁၀TEU နှင့် ဆိုက်ကပ်နိုင်မည့် သင်္ဘောအရေအတွက်မှာ တန်ချိန် ၂၀၀၀၀ ရှိ သင်္ဘောသုံးစင်းတစ်ချိန်တည်း ဆိုက်ကပ်နိုင်မည် ဖြစ်သည်။ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ရေး စီမံကိန်းသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုးတိုးတက်စေရေး တစ်ဖက်တစ်လမ်းမှများစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းနိုင်ငံတွင် လုပ်ငန်းဆိုင်ရာများဆောင်ရွက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂၀

ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ခေတ္တတည်းခိုသည့် Conrad Hotel မှ မတ် ၁၉ ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ် Wing-6 မှ ထိုင်းဘုရင့်ကြည်းတပ် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ လော့ဘူရီမြို့ Wing-2 သို့ နံနက် ၉ နာရီတွင် ရောက်ရှိခဲ့ပြီး Special Warfare Command မှ Commanding General, Lt. Gen Chatchalerm Chalermsukh က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် Special Warfare Command သို့ နံနက် ၉ နာရီ ၅ မိနစ်တွင် ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခဲ့သည်။ ယင်းနောက် Special Warfare Command ရှိ King Narai ရုပ်တု၌ လွမ်းသူ့ပန်းခွေချခဲ့ပြီးနောက် အစည်းအဝေးခန်းမ၌ Special Warfare Command ၏ လုပ်ငန်းတာဝန်များနှင့် လေ့ကျင့်ဆောင်ရွက်မှု အခြေအနေများအား လေ့လာ၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား Special Warfare Command တပ်မကြီးမှူး Lt. Gen Chatchalerm Chalermsukh က ဂုဏ်ထူးဆောင် Army Parachutist Badge အား ပေးအပ်တပ်ဆင်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ လဲလှယ်သည်။

ယင်းနောက် Special Warfare Centre နှင့် Special Warfare Camp တို့၌ အထူးစစ်ဆင်ရေးများနှင့် ပတ်သက်သည့် သရုပ်ပြခြင်းနှင့် ရှင်းလင်းတင်ပြမှုကို လေ့လာကြည့်ရှုသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့သည် Wing-2မှ ပိဿနုလောက်မြို့ Wing-46 သို့ ထိုင်းဘုရင့်ကြည်းတပ် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီတွင်ရောက်ရှိခဲ့ပြီး 3rd Army Area Command မှ Commander, Lt. Gen. Preecha Jan-o- cha က ခရီးဦးကြိုဆိုခဲ့ပြီး လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် 3rd Army Area Command သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရောက်ရှိခဲ့ပြီး ဧည့်ခန်းမဆောင်၌ 3rd Army Area Command ၏ လုပ်ငန်းစဉ်နှင့် တာဝန်ဝတ္တရားများ ရှင်းလင်းတင်ပြမှုအား လေ့လာ၍ သမားရိုးကျမဟုတ်သော အကြမ်းဖက်ခြိမ်းခြောက် တိုက်ခိုက်ခံရမှု၊ မူးယစ်ဆေးဝါးနှင့်တရားမဝင် လူကုန်ကူးမှု ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတကာနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု တည်တံ့ခိုင်မြဲရေးကိစ္စရပ်များအား အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Wing-46 မှထိုင်းဘုရင့်ကြည်းတပ်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၄ နာရီခွဲတွင် ချင်းမိုင် Wing-41 သို့ရောက်ရှိ၍ Wat Suah Dok ၊ Wat Phra Sing နှင့် Wat Chedi Luang ဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးနှင့်အဖွဲ့သည် ညပိုင်းတွင် Le Crystal ၌ 3rdArmy Area Command မှ Commander, Lt. Gen. Preecha Jan-o- chaနှင့်ဇနီး Mrs. Pongpan Jan- o- cha တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Lt. Gen. Preecha Jan-o- cha တို့က ဂုဏ်ပြုအမှာစကား အသီးသီးပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် ၁၂ နာရီ မိနစ် ၄၀ တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာပြီး မွန်းလွဲ ၁ နာရီတွင် နေပြည်တော်သို့ ရောက်ရှိလာရာညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်ပတင်သွင်းယာဉ်များအပေါ် ကောက်ခံနေသည့်နှုန်းထားများ လျှော့ချနိုင်ရေးဆောင်ရွက်

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံတွင် ယခင်ကာလများ၌ ပြည်ပမှမော်တော်ယာဉ်တင်သွင်းမှုအပေါ် ကန့်သတ်ချက်များရှိခဲ့၍ မော်တော်ယာဉ်ဈေးနှုန်းများ အလွန်အမင်းကြီးမြင့်ခဲ့သည်။ ယခုအခါ ပြည်သူများ မော်တော်ယာဉ်ကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစီးနင်းပိုင်ဆိုင်နိုင်ရေးအတွက် ယာဉ်မှတ်ပုံတင် သက်တမ်း အနှစ်၄၀၊ ၃၀၊ ၂၀ကျော်ကြာမြင့်သော ယာဉ်အိုယာဉ်ဟောင်းများကို ပိုင်ရှင်၏ဆန္ဒအရ ဖျက်သိမ်းစေ၍ အစားထိုးယာဉ်တင်သွင်းခွင့်ပြုရန် စတင်စီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်ငံခြားငွေတရားဝင်လက်ဝယ်ရှိသူများ၊ လုပ်ငန်းကုမ္ပဏီများမှလည်းကောင်း၊ တစ်ဦးချင်းငွေစာရင်းဖွင့်လှစ်၍ လည်းကောင်း မော်တော်ယာဉ်များအား ဝယ်ယူတင်သွင်းနိုင်ရေးအတွက် အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မော်တော်ယာဉ်ဝယ်ယူလိုသူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက်လည်း အရောင်းဌာနများ (Sale Center) ဖွင့်လှစ်ဆောင်ရွက်စေခဲ့ပြီး ယခုအခါ အမျိုးအမည်၊ အမှတ်တံဆိပ်အလိုက် ယာဉ်အသစ်များအား တင်သွင်းရောင်းချနိုင်ရန် ယာဉ်ပြခန်း (Show Room) များပင် အသီးသီးဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ယခုအခါတွင် ယခင်မော်တော်ယာဉ်ဈေးနှုန်း၏ ငါးပုံတစ်ပုံခန့်သာ တန်ဖိုးကျသင့်ကြောင်း တွေ့ရှိရသည်။

စတင်ဆောင်ရွက်သည့်အချိန်မှ ယနေ့အထိ ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်း၍ အစားထိုးတင်သွင်းလာသော ယာဉ်စီးရေစုစုပေါင်းမှာ တစ်သိန်းနှစ်သောင်းကျော်နှင့် အခြားတင်သွင်းလာသော ယာဉ်စီးရေ စုစုပေါင်းမှာ တစ်သိန်းသုံးသောင်းကျော်ဖြစ်သဖြင့် စုစုပေါင်း ယာဉ်စီးရေ နှစ်သိန်းခွဲကျော်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

မော်တော်ယာဉ်များအား ပြည်ပမှတင်သွင်းလာသည့် အရေအတွက် များပြားလာခြင်းကြောင့် လူဦးရေထူထပ်သော ရန်ကုန်မြို့တွင် ယာဉ်ကြောများပိတ်ဆို့၍ သွားလာမှုအခက်အခဲများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရသည်။

ပြည်သူအများ မော်တော်ယာဉ်ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစီးနင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အများပြည်သူ လိုလားတောင့်တလျက်ရှိသော မော်တော်ယာဉ်ဈေးနှုန်းများ ထပ်မံကျဆင်းစေရေးအတွက် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်နေမှုအပေါ် မေးမြန်းစုံစမ်းကြည့်ရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် ကောက်ခံသည့် နှုန်းထားများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်လျှော့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အစဉ်မမေ့ တပ်မတော်နေ့

* အတိတ်ဝေးသီ၊ သမိုင်းဆီမှ
တိုင်းပြည်နစ်ဖွယ်၊ အန္တရာယ်ကို
ကာကွယ်ရန်တွက်၊ ထက်မြက်စွမ်းဆောင်
ညီနောင်အများ၊ တိုင်းရင်းသားတို့
နီးကြား တက်ကြွ၊ ညီညွတ်ကြကာ
ဗမာ့တပ်မတော်၊ ချင့်တွေးမျှော်၍
မလျော်ဆိုးညစ်၊ ပြည်သူမနစ်သည့်
ဖက်ဆစ်တို့ကို၊ တွန်းလှန်ဖြိုကာ
သက်ကိုနှင်းမည်၊ စစ်ကြောင်းချီသည့်
ဤဂိမှာန်ဦး၊ မတ်လထူးကို
ဖော်ကျူးဂုဏ်အင်၊ မော်ကွန်းတင်ကာ
စဉ်လာမမေ့၊ တပ်မတော်နေ့သည်
ခြောက်ဆယ့်ကိုးနှစ်တိုင်ခဲ့ပြီ....

* သြော်...တပ်မတော်နေ့ဆီ၊ ရောက်လေသည်နှင့်
လွှင့်ပျံ့နေပြီ၊ ဝေဟင်ဆီသို့
စစ်ချီတေးသံ၊ မိုးလုံးလျှံကာ
အောင်လံလွှင့်လွှင့်၊ ထည်ဝါလွှင့်၍
တင့်တယ်ခမ်းနား၊ စစ်ကြောင်းများဖြင့်
စစ်သည်ထောင်သောင်း၊ တူညီပေါင်း၍
သောင်းသောင်းဖြဖြ၊ စစ်ရေးပြကာ
ဇာတိသွေးမာန်၊ ရဲရင့်သန်သည်
ဇာနည်ပြည့်သား၊ စစ်သည်များလျှင်
ပြည်အားထားရာပါတကား.....။ ။

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်

နန်းမွန်ဟိန်း

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေး အဖွဲ့ အစည်းအားလုံး ပူးပေါင်းဆောင်ရွက်

ရန်ကုန် မတ် ၂၀

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူးနယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ဦးဆောင်သည့် UN လက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့် UNICEF၊ UNOCHA၊ UNHCR၊ UNDP၊ UNFPAတို့မှ တာဝန်ရှိသူများနှင့် INGOs အဖွဲ့အစည်းများဖြစ်သည့် IRC၊ Malteser၊ RI၊ ACF၊ DRCတို့မှ ကိုယ်စားလှယ်များသည် မတ် ၁၉ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် စာသင်ကျောင်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းလက်မှုလုပ်ငန်းများ သင်ကြားပေးနေသည့် မင်းပြားမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းပြားမြို့နယ် ဆန်ထိုးတန်းကျေးရွာကယ်ဆယ်ရေးစခန်းသို့ သွားရောက်ခဲ့ပြီး နှစ်ဖက်လူ့အဖွဲ့အစည်းများ သဟဇာတဖြစ်စွာနေထိုင်ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို လေ့လာကြည့်ရှုခဲ့ပြီး UN အဖွဲ့အစည်းများ၊ INGOs အဖွဲ့အစည်းများနှင့်အတူ ဒေသတွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့နယ် မြောက်ဦးဟိုတယ်၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးခဲ့ကြသည်။

မတ် ၂၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ သဒ္ဓမ္မဂရုဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းသို့ သွားရောက်ကြည့်ရှုပြီး စစ်တွေလေဆိပ်ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGOs အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ခရီးစဉ်အတွင်း တွေ့ရှိခဲ့သော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများရရှိနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

၂၀၁၄ ဧပြီလသုံး ဓာတ်အားခများကို မေလတွင် နှုန်းထားသစ်ဖြင့် ကောက်ခံသွားမည်

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့တွင် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံရန်အတွက် ပြည်ထောင်စု လွှတ်တော်က အတည်ပြုခဲ့ပါသည်။

နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲသူများသို့ လက်ရှိရောင်းချလျက်ရှိသော ဓာတ်အားခနှုန်းထားမှာ အစိုးရဌာနများအတွက် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်း၊ အများပြည်သူ အိမ်သုံး တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်း၊ စက်မှုလုပ်ငန်းသုံး တစ်ယူနစ်လျှင် ၇၅ ကျပ်နှုန်း ဖြစ်ပါသည်။ ပြောင်းလဲကောက်ခံသော ဓာတ်အားခနှုန်းထားအသစ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အိမ်သုံးမီတာ (အိမ်သုံး၊ အိမ်သုံးပါဝါ၊ လမ်းမီး)

၁ ယူနစ်မှ ၁၀၀ ယူနစ်အထိ	၃၅ ကျပ်
၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်အထိ	၄၀ ကျပ်
၂၀၁ ယူနစ်နှင့်အထက်	၅၀ ကျပ်

စက်မှုသုံးမီတာ

၁ ယူနစ်မှ ၅၀၀ ယူနစ်အထိ	၇၅ ကျပ်
၅၀၁ ယူနစ်မှ ၁၀၀၀၀ ယူနစ်အထိ	၁၀၀ ကျပ်
၁၀၀၀၁ ယူနစ်မှ ၅၀၀၀၀ ယူနစ်အထိ	၁၂၅ ကျပ်
၅၀၀၀၁ ယူနစ်မှ ၂၀၀၀၀၀ ယူနစ်အထိ	၁၅၀ကျပ်
၂၀၀၀၀၁ ယူနစ်မှ ၃၀၀၀၀၀ ယူနစ်အထိ	၁၂၅ ကျပ်
၃၀၀၀၀၁ ယူနစ်နှင့်အထက်	၁၀၀ ကျပ်

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့်တိုးတက်လျက်ရှိရာ ယင်းဓာတ်အားသုံးစွဲမှုကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံများကိုဆောလျင်စွာ တည်ဆောက်ပေးရန်လိုအပ်ပါသည်။ နှစ်စဉ်ဆောင်ရွက်ရန် စီမံကိန်းများချမှတ်ခဲ့သော်လည်း ဘဏ္ဍာငွေအခက်အခဲကြောင့် အစိုးရကဏ္ဍတစ်ခုတည်းအနေဖြင့် အကောင်အထည်မဖော်နိုင်၍ လျှပ်စစ်ဓာတ်အား မလုံလောက်မှုမှာ ဖြစ်ပေါ်ဆဲပင်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားခနှုန်းထား ပြောင်းလဲကောက်ခံမှုသည် ထုတ်လုပ်ကုန်ကျမှုစရိတ်ကို မူတည်၍ အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

လက်ရှိပြောင်းလဲကောက်ခံသော ဓာတ်အားခနှုန်းထားသည် အခြေခံလူတန်းစားနှင့်အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် ထိခိုက်မှုမရှိသည့်အပြင် အကြီးစားစက်မှုလုပ်ငန်းရှင်များအတွက်လည်း သုံးစွဲယူနစ်များပါက ဓာတ်အားခနှုန်းထား လျှော့ချပေးထားပါသည်။

အိမ်သုံးယူနစ် ၁၀၀ အထိ ၃၅ ကျပ်၊ ၁၀၁ ယူနစ်မှ ၂၀၀ အထိ ၄၀ ကျပ်၊ ယူနစ် ၂၀၁ အထက် ၅၀ ကျပ်နှုန်း လျာထားသတ်မှတ်ပါက ယူနစ် ၁၀၀ အထိသာ သုံးစွဲသူသည် မူလဓာတ်အားခအတိုင်း ရှိမည်ဖြစ်ပြီး ယူနစ် ၂၀၀ အထိ သုံးစွဲသူများသည် ယခင် ၇၀၀၀ ကျပ် ကျသင့်ရာမှ ပြင်ဆင်မည့်နှုန်းထားအရ ၇၅၀၀ ကျပ် ကျသင့်မည်ဖြစ်ရာ ၅၀၀ ကျပ်သာ ပိုမိုပေးရမည်ဖြစ်ပါသည်။ အခြေခံဓာတ်အားသုံးစွဲသူအများစုသည် ယူနစ် ၂၀၀ အောက်တွင်သာ သုံးစွဲကြပါသည်။

အလားတူအိမ်တွင်း စက်မှုလုပ်ငန်းများအနေဖြင့် ယူနစ် ၅၀၀၀ အထိ သုံးစွဲသူသည် လက်ရှိနှုန်းအရ ၃၇၅၀၀၀ ကျပ် ကျသင့်ပြီး နှုန်းသစ်အရ ပထမ ယူနစ် ၅၀၀ အတွက် ၃၇၅၀၀ ကျပ်၊ ဒုတိယ ယူနစ် ၄၅၀၀ အတွက် ၄၅၀၀၀၀ ကျပ် စုစုပေါင်း ၄၈၇၅၀၀ ကျပ် ကျသင့်မည်ဖြစ်ရာ ကျပ် ၁၁၂၅၀၀ သာ ပိုမိုကျသင့်မည်ဖြစ်ပါသည်။

ဓာတ်အားခနှုန်းထား ပြောင်းလဲကောက်ခံခြင်းဖြင့် -

- လျှပ်စစ်ဓာတ်အားခတိုးမြှင့်ကောက်ခံခြင်းကြောင့် တိုးမြှင့်ရရှိသောငွေဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးရန် လိုအပ်သောဒေသများအတွက် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများဆောက်လုပ်နိုင်မည်ဖြစ်ခြင်း။
- ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ၏ ထိန်းသိမ်းပြုပြင်မှုများ ပိုမိုဆောင်ရွက်နိုင်ခြင်းဖြင့် လက်ရှိဓာတ်အားသုံးစွဲသူများအနေဖြင့် ဗို့အားပိုမို ပြည့်မီစွာ သုံးစွဲလာနိုင်ခြင်း၊ ဓာတ်အားပိုမိုထုတ်လုပ်နိုင်သဖြင့် ဓာတ်အားမလောက်၍ နွေရာသီအလှည့်ကျ ဓာတ်အားဖြတ်တောက်ခံရမှု မရှိတော့ခြင်း။
- စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ဓာတ်အားပိုမိုပြည့်ဝစွာရရှိလာနိုင်ခြင်းဖြင့် ဓာတ်အားပြတ်တောက်မှုမရှိဘဲ ကုန်ထုတ်လုပ်မှုပိုမိုဆောင်ရွက်နိုင်ခြင်း။
- ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးမှုမှန်ကန်ခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် အချိန်တိုအတွင်း ဓာတ်အားကွန်ရက်ချဲ့ထွင်နိုင်ခြင်း။
- လျှပ်စစ်ဓာတ်အား ကွန်ရက်ချဲ့ထွင်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများတိုးချဲ့နိုင်ခြင်း၊ နိုင်ငံ့စီးပွားနှင့်ကဏ္ဍစုံတွင် တိုးတက်လာနိုင်ပြီး ပြည်သူများအလုပ်အကိုင်အခွင့်အရေးများ ရရှိလာနိုင်ခြင်း။
- ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အလျှံအပယ်သုံးစွဲမှုအစား ခြိုးခြံချွေတာသုံးစွဲလာနိုင်၍ ပိုလျှံလာသည့် လျှပ်စစ်ဓာတ်အားကို လိုအပ်သည့် ဒေသများသို့ပို့လွှတ်ဖြည့်ဆည်းပေးနိုင်ခြင်း။
- လျှပ်စစ်ဓာတ်အား သုံးစွဲသူများအတွက် နိုင်ငံတော်က စိုက်ထုတ်သုံးရသည့်ငွေကို ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍများတွင် အကျိုးရှိစွာ သုံးစွဲနိုင်ခြင်း။

ဓာတ်အားခနှုန်းထားပြောင်းလဲကောက်ခံမှုကို ၂၀၁၄ ခုနှစ် ဧပြီလအတွက် အသုံးပြုသောဓာတ်အားခမှ စတင်ကောက်ခံခြင်းဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချရာတွင် တစ်လအသုံးပြုပြီး ဓာတ်အားခကို နောက်လကျမှ ကောက်ခံသည့်စနစ်ဖြစ်သဖြင့် ဧပြီလအတွက် ဓာတ်အားခကို မေလကျမှ ပေးချေရမည်ဖြစ်ပါသည်။ မေလ ၁ ရက်မှ ၁၀ ရက်အထိ မီတာဖတ်ခြင်း၊ မီတာငွေတောင်းခံလွှာများ ဖြန့်ဝေခြင်း ဆောင်ရွက်ပြီး ဓာတ်အားသုံးစွဲသူများအနေဖြင့် မေလ ၁၅ ရက်ကျမှ ဓာတ်အားခပေးဆောင်ကြရမည်ဖြစ်၍ ဧပြီလဆန်းမှ ရေတွက်ပါက ရက်ပေါင်း ၄၀ ကြာမှ ဓာတ်အားခပေးဆောင်ရမည်ဖြစ်ပါသည်။ ဓာတ်အားခနှုန်းထားသစ်သည် ဓာတ်အားရရှိပြီးသော ပြည်သူများ၊ ဓာတ်အားမရရှိသေးသော ပြည်သူများ၊ စက်မှုလုပ်ငန်းရှင်များအတွက်ပါ သင့်လျော်သော ဈေးနှုန်းကို ပြောင်းလဲသတ်မှတ်ပေးခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

ဝေယံ

သုံးခွဲဈေး ခြင်ဆေးခွေထွန်းထားရာမှမီးလောင်

မီးငြိမ်းသတ်ရန်ကြိုးစားသော မီးသတ်တပ်စုမှူး ဒါးဆစ်ရိုးကျိုး

ရန်ကုန် မတ် ၂၀

မတ် ၁၉ ရက် ည ၇ နာရီခွဲခန့်က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြို့မစည်ပင် သာယာဈေး မီးလောင်မှုဖြစ်ပွားခဲ့သည်။ အချိန် တစ်နာရီခွဲခန့်ကြာ လောင်ကျွမ်းခဲ့ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ရေးယာဉ် ၁၃ စီးတို့ စုပေါင်းငြိမ်းသတ်ပေးမှုကြောင့် ည ၇ နာရီ ၅၃ မိနစ်တွင် ငြိမ်းသွားခဲ့သည်။

မီးကို သန္တေမီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းစားစား ငြိမ်းသတ်ခဲ့ရာ သုံးခွမြို့နယ် အရန်မီးသတ်တပ်စုမှူး ဦးမြအုန်း (၅၇နှစ်) က မီးငြိမ်းသတ်စဉ် ဆိုင်ခန်းခေါင်မိုးပေါ်မှ ပြုတ်ကျမှုကြောင့် ဒါးဆစ်ရိုးကျိုးသွားပြီး ဆီးခုံနာကျင်ဒဏ်ရာ (ဗိုးရိမ်ရ)ကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသမှုခံယူနေရသည်။

မီးလောင်မှုအား ကမခ(၂)မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်

မီးလောင်ရခြင်းမှာ ဈေးအလယ်တန်းရှိ ဆိုင်ပိုင်ရှင် ဒေါ်မြင့်မြင့်ငွေ၏ ဆိုင်အမှတ်(ဂ)၂၂/၂၃ တွင် ခြင်ဆေးခွေထွန်းထားခဲ့ရာမှ အနီးရှိရုတ်သီးခြောက်အိတ်သို့ ကူးစက်လောင်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်မှုတွင် (ဂ)တန်းမှ ဆိုင်ခန်း၁၀ ခန်း၊(ဃ)တန်းမှ ဆိုင်ခန်း ၁၀ ခန်း စုစုပေါင်းဆိုင်ခန်း၂၀ မီးသင့်ခဲ့သည်ဟု သိရသည်။လောင်နေသော

၏ ကြီးကြပ်မှုဖြင့် သန္တေမီးသတ်အင်အား ၇၀၊ အရန်မီးသတ်အင်အား ၁၀၆ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့က ရေဂါလန် ၂၈၀၀၀ အသုံးပြုငြိမ်းသတ်ခဲ့ရသည်။ (အပေါ်ပုံ)

မီးပေါ်ဆမှုကြောင့် ဆိုင်ပိုင်ရှင် ဒေါ်မြင့်မြင့်ငွေ၏တူဖြစ်သူ ကိုငြိမ်းသူ (၃၂နှစ်)အား သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှ အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်

ဆေးရုံသို့အမြန်ပြပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

Nice ဖြစ်သည့်ခရီးစဉ် Fair ဖြစ်သည့်ဈေးနှုန်းများနှင့်တကွ
Nice Fare Travel Co.,Ltd.
ကျိုက်ထီးရိုး (၁)ရက်
ပုဂံ (၁)ရက်
ငပလီ (၁)ရက်
မြိတ် (၁)ရက်
ဖုန်း - ၀၁-၂၁၅၆၉၉

RUBY
09-51-77212 519100 535100

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးတင့်လွင်ဦး ၁၀/မလမ (နိုင်)၁၃၄၄၂၉ ၏ ပတ်စ်ပို့ No.A 333873 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၅၂၈၀၁၃၉၆သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

နိုင်ငံ့အဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

နေလမင်း
အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း
အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးအိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးနေပြီ။
⇒ တိကျမှန်ကန်သောမြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
⇒ အရောင်းအဝယ်ပြုလုပ်သောမြေကွက်များကို လူကြီးမင်းတို့စိတ်တိုင်းကျ ဌာနဆိုင်ရာများတွင်စစ်ဆေးပေးခြင်း
⇒ ဥပဒေအကျိုးဆောင်ရှေ့နေများဖြင့် ခိုင်ခိုင်မာမာစာချုပ်ချုပ်ဆိုပေးခြင်း GP,SP လွှဲပေးခြင်း
⇒ လူကြီးမင်းများ ပြင်ဦးလွင်သို့လာရောက်လျှင် ကားဝင်၍ လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝ ဝန်ဆောင်မှုပေးခြင်း
⇒ စိတ်တိုင်းကျဝယ်ယူပြီးသောမြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါတာဝန်ယူဆောင်ရွက်ပေးနေပါသည်။
** ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁)၊ ရေခယ်နှင့် ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးတွင်ရှိသောမြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျိုးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးရှိမြေကွက်များအနီးစခန်း၊ အောင်ချမ်းသာ၊ ကွန်မြူတာ တက္ကသိုလ်အနီးရှိမြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံးမြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကို ပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။
(စုံစမ်းချိန် - နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ)
စုံစမ်းရန် - နေလမင်းအိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း
အမှတ် ၂၈၊ မန္တလေး-လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊ ရွှေလီဦး အထည်ဆိုင်ရှေ့၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၈-၄၇၁၃၆၀၄၊ ၀၉-၄၀၂၅၅၁၀၂၁၊ ၀၉-၄၉၂၇၆၆၆၆

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ် ၁၉၀၂+၁၉၀၃၊ ဧရိယာ ၀ ဒသမ ၁၁၇၈ဧက၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေပေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေဂရန်တွင် ဒေါ်မြင့်မြင့်စိန်... ကန့်ကွက်ခြင်းရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇင် ဦးဟိန်းသူကောင်း
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃) အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၃၃)ရပ်ကွက်၊ မြေကွက်အမှတ် ၃၃တိုးချဲ့/၃၃၂၊ မြေဧရိယာ အကျယ်အဝန်း ပေ(၄၀×၆၀)မြေကွက်အား ပိုင်ရှင်အမည်ပေါက်ဒေါ်တင်တင်ဝင်းထံမှ ဒေါ်ခင်အေးစိမ်း ၁/မကန(နိုင်)၀၂၈၈၃၅၈ ဝယ်ယူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး ဖြစ်သည်။
ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြော်ငြာအပ်ပါသည်။
ဒေါ်ခင်အေးစိမ်း ၁/မကန(နိုင်)၀၂၈၈၃၅၈
ဖုန်း-၀၉-၄၇၀၀၃၂၈၀

■ ကျောဖုံးမှ

ထို့ပြင် မလေးရှားပို့ဆောင်ရေးဝန်ကြီးက ဩစတြေးလျအစိုးရက တွေ့ရှိသောသဲလွန်စများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များမှာ အခြားသောဂြိုဟ်တုများက တွေ့ရှိသောအချက်များနှင့် အတိုင်းအတာတစ်ခုထိ တူညီနေသည့်အတွက် ယင်းသဲလွန်စသည် ယခင်ကတွေ့ရှိသော သဲလွန်စများထက် ပို၍စိတ်ချရကြောင်း ထပ်လောင်းပြောကြားသည်။

ပထမသဲလွန်စအရာဝတ္ထုမှာ ၇၉ ပေရှည်ပြီး မီတာထောင်ချီနက်သော ပင်လယ်ရေအတွင်း မျောပါနေပုံရကြောင်း၊ ဒုတိယသဲလွန်စအရာဝတ္ထုမှာ ၁၆ ပေရှည်ပြီး ရေထဲမြင့်ချည်နိမ့်ချည်သွားနေကြောင်း ဩစတြေးလျတာဝန်ရှိသူများက ဆိုသည်။ တော်ဝင်ဩစတြေးလျလေတပ်မှ ဗိုလ်မှူးချုပ်ဂျွန်မက်ကာရီက တွေ့ရှိသောသဲလွန်စများမှာ စိတ်ချရသောသဲလွန်စများဖြစ်သည့်အတွက် ယင်းသဲလွန်စတွေ့ရှိရာနေရာတစ်ဝိုက်၌ ရှာဖွေမှုများထပ်ခါထပ်ခါ ပြုလုပ်ရန်လိုကြောင်း ယနေ့ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပျောက်ဆုံးမလေးရှားလေယာဉ်နှင့်ပတ်သက်ပြီး တစိုက်မတ်မတ်ရှာဖွေမှုများ ၁၂ ရက်ကြာသွားသည့်တိုင် လေယာဉ်နှင့်ပတ်သက်သည့် သဲလွန်စများကို အတည်မပြုနိုင်သေးပေ။ ဩစတြေးလျအစိုးရ၏ တွေ့ရှိချက်နှင့်ပတ်သက်ပြီး မျှော်လင့်ချက်ထားနိုင်သော်လည်း စိတ်ချရသည့် အခြေအနေ မရှိသေးကြောင်းမလေးရှားတာဝန်ရှိသူတစ်ဦးက ဆိုသည်။ အမေရိကန်ကုမ္ပဏီတစ်ခုဖြစ်သော ဒစ်ဂျစ်တယ်ဂလိုဘယ်လ်ကုမ္ပဏီမှ ဖမ်းယူရရှိသော ဂြိုဟ်တုပုံရိပ်များအရ စောစောကတွေ့ရှိခဲ့သော အရာဝတ္ထုများမှာ မူလနေရာနှင့် အလွန်ဝေးကွာသည့်နေရာသို့ ရောက်ရှိသွားပြီဟု ယူဆရပြီး နောက်ဆုံးရောက်ရှိသည်ဟု ယူဆရသောနေရာကို တွက်ချက်ရန်ရှာဖွေလေယာဉ်များက များပြားသော လမ်းညွှန်ရေကြောင်းပြဇယားများချထားခဲ့ကြသည်။

ရှာဖွေနယ်နိမိတ်မှ နောက်ပြန်လှည့်မည့်ဩစတြေးလျလေတပ်လေယာဉ် AP-3C Orion ၏ကပ္ပတိန်ဖြစ်သူ ခရစ်ဘိုင်ရာက လေကပြင်း၊ လှိုင်းကထန်ပြီး ရာသီဥတုအလွန်ဆိုးရွားလှသဖြင့် ဘာအရာဝတ္ထုမှမမြင်ရကြောင်းဆိုသည်။ အမေရိကန်၏ကမ္ဘာ့ခေတ်အမီဆုံး ရေကြောင်းထောက်လှမ်းရေးလေယာဉ် P-8 Poseidon နှင့် အခြားလေယာဉ်များ ပတ်သ်မြို့သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သော်လည်း တော်ဝင်နယူးဇီလန်လေယာဉ်မှ ခေတ်မီလေယာဉ် Orion နှင့် အချို့သော လေယာဉ်များမှာ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြဆဲပင်ဖြစ်သည်။ ထို့ပြင် နော်ဝေမှခေတ်မီစစ်သင်္ဘောတစ်စင်းနှင့် တော်ဝင်ဩစတြေးလျရေတပ် သင်္ဘောတစ်စင်းတို့သည် ပျောက်ဆုံးလေယာဉ်ရှာဖွေရေး၌ ပါဝင်ရန် သက်ဆိုင်ရာ သင်္ဘောကျင်းများမှ ထွက်ခွာလာပြီဖြစ်ကြောင်း ဩစတြေးလျတာဝန်ရှိသူများက ပြောကြားသည်။

စုံစမ်းရေးမှူးများက လေယာဉ်သည်တမင်သက်သက် လမ်းကြောင်းပြောင်းသွားသည်ကို ထောက်ရှုပါက လေကြောင်းစနစ်ကိုကောင်းစွာ သိနားလည်သူတစ်ဦးဦး လေယာဉ်မောင်းခန်းမှာ ပါရှိတာသေချာကြောင်း သုံးသပ်ခဲ့ကြပြီးဖြစ်သော်လည်း ယခုလတ်တလောအရေးယူရှာဖွေနေကြသည့် ဩစတြေးလျအစိုးရ၏ သဲလွန်စများကလည်း စုံစမ်းရေးမှူးများကို မျက်စိလည်လမ်းမှားနိုင်သည်အထိ ဝေဝါးထွေပြားသွားစေနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။ **ရိုက်တာ/ဆင်ဟွာ**

မြင်းခြံသံမဏိစက်ရုံ ဧပြီလတွင် စတင်လည်ပတ်မည်

မြင်းခြံ မတ် ၂၀

မြင်းခြံသံမဏိစက်ရုံကို စက်မှုဝန်ကြီးဌာနသို့ ပြောင်းလဲပြီးနောက် စက်ရုံလည်ပတ်မှုကို ဧပြီလမှစတင်လည်ပတ်မည်ဟု မြင်းခြံသံမဏိစက်ရုံမှ တာဝန်ရှိသူတစ်ဦးက မီဒီယာကို ပြောပြသည်။

မြင်းခြံသံမဏိစက်ရုံမှ တစ်နေ့ တန် ၆၀၀ ထုတ်လုပ်နိုင်ပြီး တစ်နှစ် တန်နှစ်သိန်းထုတ်လုပ်ရန် လျာထားသည်ဟု မြင်းခြံသံမဏိစက်ရုံမှ တာဝန်ရှိသူက ဆက်လက်ပြောပြသည်။ စက်မှုစီမံကိန်းတွင် သံ၊ သံမဏိမှာ မရှိမဖြစ် စက်သုံးပစ္စည်းဖြစ်၍ မြင်းခြံသံမဏိစက်ရုံစီမံကိန်းမှာ အညာဒေသတွင် ဖွံ့ဖြိုးတိုးတက်မည့် ဒေသခံတို့၏ အားထားရာဖြစ်လာမည်ဖြစ်သည်။ **ခင်ဇာမွန်မြင့် (ဥပဒေ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မောင်တောမြို့နယ် လေယာဉ်ကွင်းကျေးရွာ၌ စက်လှေနှင့်နေအိမ်ပေါ်မှ သေနတ်၊ ကျည်ဆန်များတွေ့ရှိ

နေပြည်တော် မတ် ၂၀

သိမ်းဆည်းရမိသော ဓားရှည်လေးချောင်း၊ ငါးဖမ်းဆွဲပိုက်နှင့် လေးခွ သုံးလက်ကို တွေ့ရစဉ်။

မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ် အမှတ်(၄) ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် နွာခေါင်းတိုရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော လှည့်ကင်းအဖွဲ့သည် သက်သေများနှင့်အတူ ပင်လယ်ကမ်းစပ်တစ်လျှောက် စက်လှေ ဝင်/ ထွက်မှုများအား စစ်ဆေးနေစဉ် မောင်တောမြို့နယ် ကညင်တန်းကျေးရွာအဝင်ချောင်းကမ်းစပ်၌ စက်လှေတစ်စင်း ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် သွားရောက်စစ်ဆေးရာ ဘင်္ဂါလီလူမျိုးငါးဦး စက်လှေပေါ်မှ ထွက်ပြေးသွားသည်ကို တွေ့ရသည်။

အဆိုပါစက်လှေမှာ လေယာဉ်ကွင်းကျေးရွာနေ မော်ဂျူ၏စက်လှေဖြစ်ကြောင်း သိရပြီး စက်လှေပေါ်ကျန်ရှိသည့် မော်ဂျူ၏ အနွေးထည်အကျႌ အိတ်ကပ်အတွင်းမှ ငွေရောင်ကျည် ကိုးတောင့်၊ ဓားရှည်လေးချောင်း၊ ငါးဖမ်းဆွဲပိုက် ခြောက်ခု၊ လေးခွ သုံးလက်၊ ခာတ်မီးနှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။ စက်လှေအစောင့်ဖြစ်သူ ကညင်တန်းကျေးရွာနေ မာမောက်ဆာဒီဒ်နှင့်စက်လှေအနီး ဆိပ်ကမ်းတွင် မသင်္ကာဖွယ်တွေ့ရှိရသည့် နွာခေါင်းတိုကျေးရွာနေ အေရှားဒူလာ (၁၇နှစ်)ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့နောက် မာမောက်ဆာဒီဒ်၊ အေရှားဒူလာနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ငါးဦးတို့ကို မောင်တောမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး သက်သေများနှင့်အတူ ၎င်းစက်လှေကို အသေးစိတ်ရှာဖွေခဲ့ရာ ပွိုင့် ၃၈ Special ငါးလုံးပြူး ဆုံလည်သေနတ်တစ်လက်၊ ၎င်းကျည်ငါးတောင့်၊ သေနတ်အိတ်တစ်လုံးနှင့် သေနတ်အားထုပ်ပိုးထားသည့် တဘက်တစ်ထည်တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ငွေရောင်ကျည်ကိုးတောင့်(ဝဲပုံ)နှင့် ပွိုင့် ၃၈ Special ငါးလုံးပြူး ဆုံလည်သေနတ်ကို သေနတ်အိတ်နှင့်အတူ တွေ့ရစဉ်။

စစ်ဆေးချက်အရ စက်လှေပေါ်မှ ထွက်ပြေးသွားသူ ငါးဦးအနက် မသင်္ကာသူများဖြစ်သည့် မောင်တောမြို့နယ် လေယာဉ်ကွင်းကျေးရွာနေသူများဖြစ်သော လာလူး(ခ) ရောဟီးရာမောက်နှင့် ဘာဘူကြီး(ခ) အာယာဒူလာတို့ နှစ်ဦးမှာ ၎င်းရွာအစွန်ရှိ လာလူး၏သမီးဖြစ်သူ မဟာရီဂျီနာ၏နေအိမ်တွင် ရောက်ရှိနေကြောင်းသိရှိရသဖြင့် မတ် ၁၉ ရက် နံနက်ပိုင်းတွင် မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အလယ်သံကျော်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှာဖွေရာ နေအိမ်၌ မဟာရီဂျီနာနှင့်အတူ လာလူး၏ဇနီး မဗိုက်တူအား တွေ့ရှိရပြီး နေအိမ်အနောက်ဘက်ခြံဝင်းအတွင်းရှိ မြေကြီးထဲမှ အဝတ်စပတ်၍ မြှုပ်ထားသော ပွိုင့် ၃၈ Special ငါးလုံးပြူး ဆုံလည်သေနတ်တစ်လက်၊ ငွေရောင်ကျည် တစ်တောင့်နှင့်သေနတ်ထည့် အမည်းရောင် သားရေအိတ်တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပွိုင့် ၃၈ Special ငါးလုံးပြူးဆုံလည်သေနတ် နှစ်လက်နှင့်ကျည် ၁၅ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

CLAIMS DAY NOTICE
M.V STRAITS VOYAGER VOY:No.(V.11)

Consignees of cargo carried by M.V STRAITS VOYAGER VOY:No.(V.11) are here by notified that the vessel will arrive on about 23-03-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/ခ)၊ မြေကွက်အမှတ် (၁၃၂B)၊ အကျယ်အဝန်း (အလျား ၃၇·၆/၄၁·၆ပေ×အနံ ၄၉·၆/၅၈·၆ပေ)၊ ဧရိယာ ၀ဒသမ ၀၄၉ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း၊ အမှတ် (၃၄)ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမူ ၁၂/လမန(နိုင်)၀၁၉၁၃၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း (LL.B.,D.B.L) အထက်တန်းရှေ့နေ
အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားဖိတ်ကြားခြင်း

၂၀၁၄ ခုနှစ်၊ ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲ၊ မန္တလေးမြို့၌ ၂၀၁၄ ခုနှစ် မတ် ၂၃ ရက် နံနက် ၉း၀၀ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစား အရာထမ်း/အမှုထမ်းများအား ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘိလပ်မြေစက်ရုံ (နေပြည်တော်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘိလပ်မြေစက်ရုံ (နေပြည်တော်)တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါအမျိုးအစား Backhoe ယန္တရားအသစ်တစ်စီးဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

(က) Equipment - Backhoe (Brand New)
(ခ) Operating Weight - 21000 kg to 28000 kg
(ဂ) Engine Power and Type - 130 HP to 150 HP. Water Cooled, Turbocharged Inter Cooled, Direct Injection, 6 Cylinder
(ဃ) Bucket Capacity - $1.1m^3$ to $1.4 m^3$

၂။ တင်ဒါပုံစံများကို ၂၁-၃-၂၀၁၄ ရက်မှ ၂၆-၃-၂၀၁၄ ရက်အထိ အောက်ဖော်ပြပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၃-၂၀၁၄ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်-

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၄၀၂၅၈၁၁၊ ၀၉-၅၁၁၀၃၃၁၊ ၀၉-၄၉၂၁၀၀၈၆၊ ၀၉-၈၃၀၀၁၀၃၊ ၀၆၇-၄၃၂၁၂၊ Fax-၀၆၇-၄၃၂၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ (၁၈)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၁-၃-၂၀၁၄ရက်မှစ၍ ၂၅-၄-၂၀၁၄ရက် အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၄-၂၀၁၄ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာစီမံကိန်းဝင်း၊ မြေကွက်အမှတ် (၄-48)၊ မြေအကျယ်အဝန်း (၇၅ပေ×၇၅ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်နွယ်နွယ်ဝင်း ၁၂/ကမတ(နိုင်)၀၅၇၄၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား တော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဥ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊ အမှတ် -၁၀/၁၂၊ ပထမထပ်(အေ-၅)၊
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့အခမ်းအနား စက်စဲကမ်းခြေတွင် စည်ကားစွာကျင်းပ

မော်လမြိုင် မတ် ၂၀

စက်စဲကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပသည့် ကမ်းခြေအလှကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုသိရှိရေးနှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်သောစိတ်ဓာတ် ခိုင်မြဲစေရေးအတွက် ၂၀၁၄ ခုနှစ် နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့သဝဏ်လွှာကို မွန်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ဖတ်ကြားသည်။ ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးတို့က မွေးမြူရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သုတေသန၊ ဘာသာ/သာသနာ၊ လုံခြုံရေး/ အေးချမ်းသာယာရေး/တရားဥပဒေစိုးမိုးရေး၊ အားကစားကဏ္ဍများတွင် ပြည်နယ်ဂုဏ်ဆောင် ထူးချွန်ဆုရရှိသူ ၁၂ ဦးအား ဆုများပေးအပ်ကာ နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာများ၊ မြို့နယ် ၁၀ မြို့နယ်၏ ဒေသထွက်ကုန်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၏ ပြခန်းစုစုပေါင်း ၄၂ ခန်းနှင့် ဒေသထွက်ပစ္စည်းအရောင်းဆိုင် ၁၀ ခန်းတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့ကို မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ပြခန်းများ၊ အရောင်းပြခန်းများ၊ မီးပုံးပျံပြိုင်ပွဲများ၊ သဲသောင်ပြင်အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းရင်းသားပြည်သူတို့ စိတ်အေးချမ်းသာစွာအပန်းဖြေရင်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၇၉၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၃၉၁၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၉၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၄-၉၇၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၃	ကျပ်
တရုတ်	တစ်ယွမ်	၁၄၇-၁၅၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၃-၂၉၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၅၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၂၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၅၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၆၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၀၀-၄၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၂၇၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၈၀-၆၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၈၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၃၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

စာရင်းစစ်/စာရင်းကောက်သင်တန်း သန်လျင်၌ဖွင့်

ရန်ကုန် မတ် ၂၀

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်/ စာရင်းကောက်ယူရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေနှင့် သန်လျင်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်တို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့သန်လျင်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်း သင်တန်းသားသင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **သန်းဝင်း(သန်လျင်)**

စာရင်းကောက် စာရင်းစစ်သင်တန်းဖွင့်

ရန်ကုန် မတ် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက အထက(၁) သီရိရတနာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး တက်ရောက်လာသော ဧည့်သည်တော်များက သင်တန်းသားခေါင်းဆောင်များကို သင်တန်းအထောက်အကူ ပစ္စည်းများပေးအပ်ခဲ့ကြသည်။ (၀၀၄)

တစ်ချက်တည်းကျင်းဝင်

ဦးစိုင်းမောင်မြင့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ၁၅-၃-၂၀၁၄ ရက် ၀၇း၀၅ နာရီအချိန် ဦးကျော်စိုး၊ ဦးမြင့်မောင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၆ ၌ ၁၆၇ ကိုက်အကွာမှ Titleist-3 ဘောလုံးကို Marumen-6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

အမည်ပြောင်း ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ILBC ကျောင်း Primary 4 (G)မှ ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၄၁၉၈၄၏သား စိုင်းစိုင်းဘုန်းလှိုင်အား စိုင်းဘုန်းမြတ်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **စိုင်းဘုန်းမြတ်နိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ခိုင်ခိုင်မြင့် ၉/မထလ(နိုင်)၀၆၆၂၉၁သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ တိုက်အမှတ် ၁၈ (B)၊ လေးလွှာ၊ အကျယ်အဝန်းပေ (၁၅×၆၀)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဥဉ္စိန် ၁၂/ကမတ(နိုင်)၀၄၈၄၈၇ ထံမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်မထံ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်မြင့်
ဖုန်း-၀၉-၅၀၄၇၀၉၈

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ရပ်ကွက်အမည် ကောင်းမှုတုံ၊ အကွက်အမှတ် ကွက်သစ်၊ ဦးပိုင်အမှတ် ၁၁၈၊ ဧရိယာ ၀ ဒသမ ၁၁၀၈ဧကအကျယ်အဝန်းရှိ ဦးတင်ဆန်း အမည်ပေါက် နှစ် ၃၀ဂရန်မြေကွက်ဟုခေါ်တွင်သော ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ ကောင်းမှုတုံဟိုနားရပ်ကွက်၊ အမှတ် ၁၁၈ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်မိုးလွင် ၁၂/သလန(နိုင်)၀၀၉၁၅၀ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ (မြောင်းမြ)	**ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)**
LL.B, A.G.T.I(EP),D.B.L,D.M.L	**LL.B,WIPO (SWITZERLAND)**
WIPO (SWITZERLAND)	**ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)**
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)	**LL.B,WIPO (SWITZERLAND)**
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး	**အထက်တန်းရှေ့နေများ**

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

ဝန်ထမ်းအလိုရှိသည်

Sakura Trade Centre Co.,Ltd.

၁။	Engineer (Civil)	၅ ဦး
၂။	Engineer (Auto CAD)	၃ ဦး
၃။	Engineer (Mechanical/EP)	၅ ဦး
၄။	Computer Operator	၅ ဦး
၅။	Office Staff	၁၀ ဦး
၆။	Sale Girl	၅ ဦး
၇။	Marketing	၅ ဦး
၈။	ယာဉ်မောင်း	၁၀ ဦး
၉။	လုံခြုံရေး(နေပြည်တော်/ရန်ကုန်)	၁၅ ဦး

စိတ်ပါဝင်စားသူများသည် CV Form၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ ပညာအရည်အချင်းမိတ္တူများနှင့်အတူ ၁၄/၃ ရပ်ကွက်၊ ချယ်ရီဥယျာဉ်မြို့တော်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့သို့ နှစ်ပတ်အတွင်း ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၈၅၀၀၆၈၂၊ ၀၁-၅၆၆၁၀၆၊ ၀၁-၅၆၆၁၀၈

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဗန်းမော်မြို့၌ မိုးသက်လေပြင်းကျ သစ်ပင်အချို့ပြိုလဲ

ဗန်းမော် မတ် ၂၀

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ယမန်နေ့ နံနက် ၃ နာရီခွဲက လျှပ်စီးများလက်ပြီး မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သည်။ မိုးသက်လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးသီးများကြွေကျခဲ့သည်။ မိနစ် ၂၀ ခန့် လေပြင်းတိုက်ခတ်ခဲ့ရာတွင် ပေါက်ကုန်းရပ်ကွက် စိန်ပက်ထရိတ် ဘုရားရှိခိုးကျောင်းအတွင်းရှိ ဆေးခါးပင် လုံးပတ် ခုနစ်ပေခန့်နှင့် ခရိုင်မြေစာရင်းရုံး အတွင်းရှိ သရက်ပင် လုံးပတ် ၁၅ ပေခန့်တို့မှာ ပင်စည်ခြေရင်းအမြစ်မှ ပြိုလဲကျခဲ့ သည်။

ကားလမ်းပေါ်သို့ ပြိုလဲကျသော သရက်ပင်ကြီးကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်အေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ပြည်သူများ ခုတ်ထွင် ရှင်းလင်းပေးသဖြင့် နံနက် ၁၁ နာရီတွင် ပြည်သူများ၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခဲ့ သည်။

ဆေးခါးပင်သည် လျှပ်စစ်မီးကြိုးများပေါ် လဲကျခဲ့သဖြင့် လျှပ်စစ်မီး ပြတ်တောက်ခဲ့သည်။

ပြည်သူများ လျှပ်စစ်မီး အမြန်ဆုံးပြန်လည် ရရှိရေးအတွက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် အဖွဲ့သည် ဆေးခါးပင်ကြီးကို ဖြတ်တောက်ပြီး လျှပ်စစ်မီးကြိုးများ ပြန်လည်ပြုပြင်တပ်ဆင်ပေးခဲ့ကြရာ **(အပေါ်ပုံ)** မွန်းတည့် ၁၂ နာရီခန့်တွင် လျှပ်စစ်မီး ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

အမှတ်(၁)ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမား ၁၁ ဦးလွှဲပြောင်း

တာချီလိတ် မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ် မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတား၌ မတ် ၁၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သော မကဖ(၈) ဦးဝင်းအောင်ဦးစီးကာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်လှဘုန်းနှင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင် လဝကမှူး ဖနော်ကျာလူဖက်၊ မယ်ဆိုင်ခရိုင် ဒုတိယလဝကမှူး ဆက်ဒါးရန်စုကျမ်းနှင့် ဒုတိယလဝကမှူး ယဆဲန်ခုမ်ဟန်ဆန်တို့က မြန်မာအလုပ်သမား အမျိုးသား ၁၁ ဦးအား လွှဲပြောင်းလက်ခံခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၁၁ ဦးတို့အား မကာဟိုခမ်းရပ်ကွက် မဟာမြတ်မုနိကျောင်းတိုက်အတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း လွှဲပြောင်းအလုပ်သမား ၁၁ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး အစီအစဉ်ဖြင့် မွန်းလွဲ ၂ နာရီခွဲက ၎င်းတို့၏မိဘဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

စိတ်ကြွရူးသွပ်ဆေးပြားများ ပဲခူးတွင် ဖမ်းမိ

ပဲခူး မတ် ၂၀

ပဲခူးမြို့ အမှတ်(၃)ရဲစခန်းအပိုင်တွင် မတ် ၁၉ ရက် ညနေ ၃ နာရီက ဉဿာမြို့သစ် အမှတ် (၈) ရပ်ကွက် ပဲခူး-ရန်ကုန် ကားလမ်းမဘေးရှိ JJ စားသောက်ဆိုင်တွင် မူးယစ်ဆေးဝါးများအား အမျိုးသားတစ်ဦးက ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၏ ညွှန်ကြားမှုဖြင့် အမှတ်(၃) နယ်မြေစခန်းမှူး ရဲအုပ်ဇော်လင်း ဦးဆောင်ကာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လင်းအောင်နှင့်အဖွဲ့၊ ပဲခူး မူးယစ်တပ်ဖွဲ့မှ ရဲအုပ်ထွန်းအောင်သိန်းနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဖမ်းဆီးရန် စောင့်ဆိုင်းနေစဉ် JJ စားသောက်ဆိုင် အခန်းအမှတ်(၃)သို့ ပခ/.... Dream 125 အနက်ရောင်ဆိုင်ကယ်ဖြင့် ဝင်ရောက်လာသူ ဇာနည် (၃၃ နှစ်) အင်းဝင်(၈)လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူအား ရှာဖွေစစ်ဆေးရာ ၎င်း၏လက်ဝယ်မှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ ကြွပ်ကြွပ်အိတ် အဖြူအစ တစ်ခု၊ တိပ်အနက်ရှည် ၈ လက်မခန့် တစ်ခု၊ ကွမ်းရွက်တစ်ရွက်၊ CDMA 0930.... နံပါတ်ပါ ဆင်းကတ်ထည့်လျက် Aplong တံဆိပ်ပါ ဖုန်းတစ်လုံး၊ ပခ/... Dream 125 အနက်ရောင်တစ်စီး ဖမ်းဆီးရမိခဲ့ပြီး ဇာနည်၏ ဖော်ထုတ်ချက်အရ မျိုးသိန်း(ခ)ကောင်းကောင်း (၃၀ နှစ်) ကြည်တော်ကုန်း(ခ) (၅)လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေအိမ်သို့ ပူးပေါင်းအဖွဲ့က ဆက်လက် ဝင်ရောက်ရှာဖွေရာ မျက်နှာကြက်ခံ ပန်းမျက်မှန်ဘူးနှင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇ ပြား၊ WY စာတန်းပါအစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားတို့ကို တွေ့ရှိခဲ့သဖြင့် ပဲခူးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

(၁၈၃)

ရာအိမ်မှူး ဓားထိုးခံရ၍သေဆုံး

တိုက်ကြီး မတ် ၂၀

မတ် ၁၉ ရက် နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ် စဥ့်ကူးကျေးရွာတွင် ရာအိမ်မှူး ဦးအေးကိုသည် ခြံမြေကိစ္စရှင်းလင်းရာမှ မကျေနပ်၍ တစ်ရွာတည်းနေ ဘိုဘိုနှင့် စကားများအချင်းဖြစ်ပွားရာ ဦးအေးကိုက ဆဲဆိုခဲ့သဖြင့် ဘိုဘိုနှင့် မယားညီအစ်ကိုတော်စပ်သူ အေးသွင်တို့က စဥ့်ကူးရွာလယ်လမ်းမပေါ်၌ ရာအိမ်မှူး ဦးအေးကိုအား ဓားဖြင့်ထိုးခဲ့သည်။ ရာအိမ်မှူး ဦးအေးကို(၄၃ နှစ်)မှာ ဓားဒဏ်ရာများရရှိကာ နေရာတွင်သေဆုံးသွားပြီး ဓားဖြင့်ထိုးသူ အေးသွင် (၄၃ နှစ်)၊ ဘိုဘို(ခ)သိန်းစိုးဝင်း(၃၅ နှစ်)တို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး တိုက်ကြီးရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

အများသိရှိစေရန် ကြေညာခြင်း

ကန့်ကွက်နိုင်ပါသည်

အများသိစေရန်ကြေညာချက်

အများသိစေရန်ကြေညာခြင်း

သားအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ် ၄၆၅၊ တက္ကသီလာ ၃လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးစိုးမြင့်-ဒေါ်စန်းစန်းတင့် တို့၏သား မောင်နိုင်စိုးလင်းသည် မိဘများ ဆိုဆုံးမမှုအား နာခံခြင်းမရှိပါသဖြင့် သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုးမြင့်-ဒေါ်စန်းစန်းတင့်**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(မြောက်)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၁)၊ မြေကွက်အမှတ် ၉၆၈ (က+ခ)၊မြေကွက်တည်နေရာအမှတ် ၉၆၈ (က+ခ)၊ (၅၁)ရပ်ကွက်၊ ဒဂုံ(မြောက်) မြို့နယ် ဦးဆန်းထွန်း ၁၂/လမန(နိုင်) ဝ၈၇၈၆၇၊ နှစ် ၆ဝဂရန်မြေအား အမည်ပေါက် ဦးဆန်းထွန်း ၁၂/လမန(နိုင်) ဝ၈၇၈၆၇ကိုယ်တိုင်မှ နှစ် ၆ဝဂရန်ပျက်စီးကြောင်း မူရင်းတင်ပြ၍ နှစ် ၆ဝ မြေငှားစာချုပ် ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၈၆၄၃၊ Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအေး ၁/မမန(နိုင်)ဝ၃၈ဝ၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့**

သင့်သွေးဖြင့် အသက်ကယ်ပါ

နိုင်ငံတကာအားကစား

ဗန်ပါစီ၏ ဟက်ထရစ်ဂိုးဖြင့် မန်ယူတို့ ချန်ပီယံလိဂ် ကွာတားတက်ပြီ

ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့ပြိုင်ပွဲတွင် မန်ယူက အိုလံပီယာကို့စ်အသင်းကို သုံးဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မန်ယူတိုက်စစ်မှူး ဗန်ပါစီက ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပထမအကျော့တွင် အိုလံပီယာကို့စ်က နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားခြင်းကို ရှုံးကြွေးဆပ်ပြီး မန်ယူက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ကာ ကွာတားဖိုင်နယ်သို့ တက်လာခြင်းဖြစ်သည်။ နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီသည် ဟက်ထရစ်ဂိုးသွင်းပြီးနောက် ဒူးဒဏ်ရာရရှိသွား၍ ထမ်းစင်ဖြင့် ထွက်ခဲ့ရသည်။ ဗန်ပါစီက အဖွင့်ဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ဒုတိယအနိုင်ဂိုးကို ပထမပိုင်း လေလွင့်ချိန်တွင် ရွန်းနီ၏ ပေးပို့မှုမှတစ်ဆင့် သွင်းယူခဲ့သည်။ တတိယအနိုင်ဂိုးကိုမူ ဒုတိယပိုင်း ၅၁ မိနစ်တွင် တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ယင်းအနိုင်ပွဲကြောင့် နည်းပြ မိုယက်စ်အပေါ် ဖိအားပေးခံနေရမှုများ လျော့ပါးသွားသည်။

ရော်ဘင်အား ဘိုင်ယန်မြူးနစ်ထပ်မံစာချုပ်

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး အာဂျင်ရော်ဘင်အား ဂျာမန်ဘွန်ဒက်စ်လီဂါချန်ပီယံလည်းဖြစ် ဥရောပချန်ပီယံလည်းဖြစ်သည့် ဘိုင်ယန်မြူးနစ်က နှစ်နှစ် ထပ်မံစာချုပ်လိုက်၍ ၂၀၁၇ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းအတွက် ကစားပေးရမည်ဖြစ်သည်။ အသက် ၃၀ ရှိ ရော်ဘင်သည် ၂၀၀၉ ခုနှစ်က ရီးရဲမက်ဒရစ်မှ ပေါင် ၂၄ သန်းဖြင့် ဘိုင်ယန်မြူးနစ်သို့ ရောက်ရှိခဲ့သည်။ နယ်သာလန်ကစားသမား ရော်ဘင်သည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အတွက် ၁၀ ဂိုး သွင်းယူပေးထားသည်။ လက်ရှိစာချုပ်မှာ ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ၄င်းသည် ဘိုင်ယန်မြူးနစ်အသင်း အောင်မြင်ရေးအတွက် အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ကစားလျက်ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဒေါ့မွန်ရှုံးသော်လည်း ကွာတားတက်

ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့တွင် ဒေါ့မွန်က ဇင်းနစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးသော်လည်း နှစ်ကျော့ပေါင်း ငါးဂိုး-လေးဂိုးဖြင့်နိုင်ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်လာသည်။ ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲအထိ တက်ရောက်ခဲ့သော ဒေါ့မွန်အသင်းသည် အိမ်ကွင်းပထမအကျော့တွင် လေးဂိုး-နှစ်ဂိုးဖြင့် ဇင်းနစ်ကိုနိုင်ပြီး ကွာတားတက်ခဲ့ခြင်း ဖြစ်သည်။ ယခုပွဲတွင် ဧည့် အသင်း ဇင်းနစ်က ပွဲစပြီး ၁၆ မိနစ်အကြာ ဟော့က ဦးဆောင်ဂိုးသွင်းသည်။ ယင်းဂိုးကို ၃၈ မိနစ်တွင် ကိချ်က ချေပဂိုး သွင်းယူခဲ့သည်။ ဇင်းနစ်အတွက် ဗင်နီဇွဲလားတိုက်စစ်မှူး ဟိုဆေးရွန်ဒန်က ပွဲချိန် ၇၃ မိနစ်တွင် ဒုတိယဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒေါ့မွန်တို့ ယင်းပွဲတွင် ရှုံးသော်လည်း ကွာတားဖိုင်နယ်တက်သင့်သောအသင်းမှာ ဒေါ့မွန် အသင်းသာဖြစ်ကြောင်း နည်းပြက ပြောသည်။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

ပြင်သစ်လီဂူး ပွဲစဉ်(၃၀) **မတ် ၂၂**

လော်ရီယန့်	-	ပီအက်စ်ဂျီ	နံနက် ၂း၀၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆) **မတ် ၂၂**

ဖရိုင်းဘတ်	-	ဝါဒါဘရီမင်	နံနက် ၂း၀၀

စပိန်လာလီဂါ ပွဲစဉ်(၂၉) **မတ် ၂၂**

ဆယ်လ်တာဗီဂို	-	မာလာဂါ	နံနက် ၂း၃၀

ဆယ်လ်တာဗီဂို Vs မာလာဂါ

လာလီဂါ ပွဲစဉ်(၂၈)အပြီးမှာ ဆယ်လ်တာက ရမှတ် ၃၃မှတ်နဲ့ အဆင့် ၁၁မှာရှိနေပြီး နောက်ဆုံးအိမ်ကွင်း ကိုးပွဲမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးထားပြီး ဧည့်သည် မာလာဂါက ရမှတ် ၂၉မှတ်နဲ့ အဆင့်၁၄မှာ ရပ်တည်နေပြီး နောက်ဆုံးအဝေးကွင်း ခုနစ်ပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်ရထားပါတယ်။ သူတို့နှစ်သင်း တွေ့ဆုံမှုတိုင်း ဆယ်လ်တာက အနိုင်ရတာများပြီး လက်ရှိခြေစွမ်းမှာလဲ အိမ်ရှင်အသင်းက ပြန်တည်ငြိမ်နေလို့ ဆယ်လ်တာတို့ အမှတ်ပြည့်ယူသွားနိုင်မှာပါ။

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးငါးပွဲ

၂၆.၁၀.၂၀၁၃	မာလာဂါ	၀-၅	ဆယ်လ်တာဗီဂို
၁၉.၁.၂၀၁၃	မာလာဂါ	၁-၁	ဆယ်လ်တာဗီဂို
၁၈.၈.၂၀၁၂	ဆယ်လ်တာဗီဂို	၀-၁	မာလာဂါ
၂၂.၁.၂၀၀၆	မာလာဂါ	၀-၂	ဆယ်လ်တာဗီဂို
၂၈.၈.၂၀၀၅	ဆယ်လ်တာဗီဂို	၂-၀	မာလာဂါ

ဖရိုင်းဘတ် Vs ဝါဒါဘရီမင်

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၅)အပြီးမှာ ဖရိုင်းဘတ်က တန်းဆင်းနားမှာ ရုန်းကန်နေရပြီး ရမှတ် ၂၂မှတ်နဲ့ အဆင့်၁၆မှာ ရပ်တည်နေပါတယ်။ နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပြီး ယူရိုပါလိဂ်ကလည်း ထွက်ခဲ့ရလို့ ပြည်တွင်းလိဂ်တန်းမဆင်းရရေး အားစိုက်နေရတဲ့အသင်းပါ။ ဧည့်သည် ဝါဒါက ရမှတ် ၂၉ မှတ်နဲ့ အဆင့် ၁၂မှာ ရပ်တည်နေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပါတယ်။ ဒီပွဲဟာ သရေပွဲဖြစ်သွားနိုင်ပေမယ့် အိမ်ရှင်ရဲ့ တန်းမဆင်းရရေး ရုန်းကန်အားကို ထည့်တွက်ရမှာဖြစ်လို့ ဖရိုင်းဘတ်ကို အားပေးတာ အသင့်အတော်ဆုံးပါပဲ။

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးငါးပွဲ

၁၉.၁၀.၂၀၁၃	ဝါဒါဘရီမင်	၀-၀	ဖရိုင်းဘတ်
၁၆.၂.၂၀၁၃	ဝါဒါဘရီမင်	၂-၃	ဖရိုင်းဘတ်
၂၆.၉.၂၀၁၂	ဖရိုင်းဘတ်	၁-၂	ဝါဒါဘရီမင်
၅.၂.၂၀၁၂	ဖရိုင်းဘတ်	၂-၂	ဝါဒါဘရီမင်
၂၀.၈.၂၀၁၁	ဝါဒါဘရီမင်	၅-၃	ဖရိုင်းဘတ်

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းခွဲလမ်း၊ အမှတ်-၃၃/၃၉(၇)လွှာတွင် ရုံးခန်းဖွင့်လှစ်ထားသော EUREKA Co.,Ltd ၏ ဒါရိုက်တာ ဦးနေမျိုးနိုင်၊ ၉/ဒဂန(နိုင်)၀၀၃၅၂၂ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းပိုင်နိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

YBD ၄/၇၂၁၀/၂၀၁၂ MBD ၄/၇၂၁၀/၂၀၁၂ MyBD BUSINESS PAGES ၄/၇၂၀၆/၂၀၁၂ MYANMAR HCD ၄/၇၂၀၉/၂၀၁၂

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမှတ်အသားများကို အသုံးပြု၍ ရိုက်နှိပ်ထုတ်ဝေသော တရားဝင်ထုတ်ဝေခွင့်များအရ-

ရန်ကုန်စီးပွားရေးလမ်းညွှန် (Yangon Business Directory-YBD)

မန္တလေးစီးပွားရေးလမ်းညွှန် (Mandalay Business Directory-MBD)

မြန်မာပြည်စီးပွားရေးလမ်းညွှန် (Myanmar Business Directory, BUSINESS PAGES-MyBD)

မြန်မာကျန်းမာရေးလမ်းညွှန် (Myanmar Health Care Directory, MYANMAR HCD)

စာအုပ်များပေါ်တွင် အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများကို ကပ်နှိပ်လျက် အဆိုပါ လမ်းညွှန်စာအုပ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် တရားဝင်ထုတ်ဝေ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးနေမျိုးနိုင် (EUREKA Co.,Ltd) ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ကြီး, တရားလွှတ်တော်ရှေ့နေ(၁၅၅၇)
ဒေါ်ကြည်ကြည်မြင့်, အထက်တန်းရှေ့နေ(၃၀၈၂၃)
ဒေါ်သီတာခင်, အထက်တန်းရှေ့နေ(၃၆၅၆၄)

အမှတ်(၂၉)၊ (၈-ထပ်)၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : ၀၁-၂၅၃၂၆၅

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသို့ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ပဲကူ-ရုံးကား-ညောင်ပင်ကန်လမ်းသည် မုံရွာ-မန္တလေးကားလမ်းမကြီးနှင့် ဆက်သွယ်သော ၁၀ မိုင်ခန့်ရှည်လျားကာ အဆိုပါလမ်းအား ပဲကူ-ရုံးကား-ညောင်ပင်ကန်-ကန်ဆွယ်-လှေဦးကန်-စိုင်မြစ်အစရှိသည့် ကျေးရွာနေပြည်သူများအသုံးပြုသည့်လမ်းဖြစ်ပြီး အဆိုပါလမ်းမှ အရာတော်မြို့နယ် မလဲသာ ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်သော လမ်းတစ်လမ်းဖြစ်ပါသည်။ အဆိုပါလမ်းမှာ ဂျင်းလမ်းဖြစ်သည့်အတွက် မိုးတွင်းကာလတွင် သွားလာမှုခက်ခဲခြင်းများ နှစ်စဉ်ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပါက ရာသီမရွေးသွားလာနိုင်ပြီး ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ပေးနိုင်ပါက ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၂၅၀၀ ခန့် ဖြစ်ပြီး အဆင့်တိုးမြှင့်ပေးပါရန်မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၂။ **မြင်းမူမြို့နယ်အဝင် ရွှေတောင်တိုးဂိတ်တည်ရှိနေသည့်အတွက် မြင်းမူမြို့နယ် ကျေးလက်နေပြည်သူများမှ ခရီးသွားလာရာတွင် ပေးဆောင်ရမည့်နှုန်းထားများမှာ စစ်ကိုင်းမြို့နယ်ရှိ ကံတလူဂိတ်အကွာအဝေးအတိုင်း ပေးဆောင်နေရသဖြင့် အမှန်သွားလာလျက်ရှိသည့် မိုင်နှုန်းပေါ်မူတည်၍ သီးခြားသတ်မှတ်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကွင်းဆင်းစစ်ဆေးပြီးသင့်တော်သည့် အစီအမံများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၃။ **စစ်ကိုင်းမြို့၊ မြို့ရှောင်လမ်းဖောက်လုပ်ရန် လျာထားသတ်မှတ်ထားသည့် လမ်းကြောင်းဖြစ်သော အိုးကြီးအဝိုင်း-ကောင်းမှုတော်-ညောင်ပင်ဇင် စုစုပေါင်း (၆ ဒသမ ၄) မိုင်အားဖောက်လုပ်ပေးပါရန်မေးမြန်းချက်နှင့် ပတ်သက်၍** လမ်းပုံထုတ်နှင့် ညှိနှိုင်း၍ Survey အရင်ပြုလုပ်ပြီး ကွင်းဆင်းစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၄။ **အလ္လကပ္ပ-မြောင်- ပရိမ္မ- မကျီးဘုတ် ကတ္တရာလမ်းပေါ်တွင် ရေကျော် ၂၈ ခုရှိပြီး ၄င်းရေကျော်များအနက် ကျော့မင်းရေကျော်၊ ဘောလုံးကွင်းရေကျော်၊ တရားရုံးရေကျော်၊ မြို့တွင်းရေကျော်၊ ကူးတို့ကုန်းရေကျော်၊ ဖွားစောရေကျော်၊ ဆွဲလဲအိုရေကျော်၊ နဘက်(ရွာသစ်) ရေကျော်စသည့် ရေကျော်များသည် မိုးများသည့်အချိန်များတွင် စက်ဘီး၊ ဆိုင်ကယ်များနှင့် ယာဉ်ငယ်များ ဖြတ်သန်းမသွားနိုင်သဖြင့် အချိန် ၁ နာရီမှ ၃ နာရီအထိစောင့်ဆိုင်းနေရသည့်အတွက် ခရီးသွားလာမှုအခက်အခဲဖြစ်နေသောကြောင့် ၄င်းရေကျော် ၈ ခု အားရေကျော်တံတားအဖြစ် ပြုပြင်တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ကျော့မင်းရေကျော်၊ ဘောလုံးကွင်းရေကျော်၊ မြို့တွင်းရေကျော်တို့ကို ရေကျော်တံတား တည်ဆောက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပြီး ကျန်ရေကျော်များအား ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၅။ **မြောင်မြို့နယ်မှ ဆင်ဖြူရှင်တံတားသို့ သွားနိုင်သော ကျေးရွာချင်းဆက်လမ်းဖြစ်သည့် နဘတ်- တမ- ဆေးကန်- တွင်းကြီး- မကျီးဘုတ်လမ်း ၉ မိုင် ၃ ဖာလုံတွင် တမဆေးကန်- တွင်းကြီးအပိုင်း ၄ မိုင် ၄ ဖာလုံမှာ** မုံရွာလမ်း ညောင်ပင်ကြီး မိုင် ၇၂/၅ မှ ဆားလင်းကြီးမြို့ မိုင် ၆၂/၄ ထိ (၁၀ မိုင် ၁ ဖာလုံ) ကို ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့်ဆားလင်းကြီးမှ ကျားတက်(ဆားလင်းကြီးမြို့နယ်ဆုံးအထိ) ၁၄ မိုင် ၆ ဖာလုံကို ၃ ပေအကျယ် အမာခံလမ်းပခုံးနှစ်ဖက်ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါသည်။ ပုသိမ်-မုံရွာလမ်းအား B.O.T စနစ်ဖြင့် မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ **အလောင်းတော်ကဿပလမ်း၊ ဇီးတောတောင်ရွာနှင့်လာဘို့ရွာ မြောက်ယမားချောင်းတွင် သွားလာမှုခက်ခဲ၍ ဒေသခံလူများ ရာသီမရွေးသွားလာနိုင်ရေးနှင့်ဒေသထွက်ကုန်များပို့နိုင်ရန်အတွက် လမ်းလုပ်ပေးရန်နှင့် တံတားဆောက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၁၂။ **ယင်းမာပင်မြို့နယ် လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်း လုပ်ပေးပါရန်မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၁၃။ **ယင်းမာပင်မြို့သည် ယင်းမာပင်ခရိုင်အဖြစ်တိုးချဲ့ခြင်းကြောင့် ခရိုင်မြို့ဖြစ်သည့်အားလျော်စွာ ဝန်ထမ်းများပြောင်းရွှေ့ရောက်ရှိလာခြင်းကြောင့် ဝန်ထမ်းအိမ်ရာမရှိသည့်အတွက် ရပ်ကွက်ထဲတွင် အိမ်ငှား၍ နေထိုင်ရာ အိမ်ငှားရှားပါးပြီး အိမ်ငှားခ ဈေးကြီးခြင်းကြောင့် ဝန်ထမ်းများနေထိုင်ရန် အခက်အခဲရှိနေပါ၍ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** လူဦးရေတစ်သိန်းနှင့်အထက်မြို့နယ်များအား (Town Plan) ရေးဆွဲနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ (Town Plan) ရေးဆွဲပြီးမှသာ မြို့မြေနေရာချထားပေးနိုင်မှုအရ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ယင်းမာပင်မြို့၏ (Town Plan) ရေးဆွဲနိုင်ရေး ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့တင်ပြရန်နှင့် (Town Plan) ရေးဆွဲနိုင်ရေးလိုအပ်သော Data များပေးခဲ့မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်/ခရိုင်စီမံခန့်ခွဲရေးအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းညှိနှိုင်း၍ Data များ စုစည်းဆောင်ရွက်ထားဖို့ လိုကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၁၄။ **ယင်းမာပင်မြို့အဝင် ဘုန်းချောင်းတံတားအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ရန်ရှိသည်ဟုသိရပါသည်။ ဘယ်တော့လောက်ဘယ်လိုလုပ်ပေးမည့်အစီအစဉ်ကိုသိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း၊ မိုင် ၁၆/၆ ရှိ တံတားအမှတ် ၄/၁၇ (ဘုန်းချောင်းတံတား) ခန့်မှန်းစီမံကိန်းတန်ဖိုးမှာငွေကျပ်သန်း ၂၈၀ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)



စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ အိမ်တိုင်ရာရောက် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်းသင်တန်းဖွင့်

တောင်ငူ မတ် ၂၀

ကမ္ဘာပေါ်တွင်နှစ်စဉ် ငါးနှစ်အောက် ကလေး ၁၀ သန်းကျော်သည် ကာကွယ်၍ ရနိုင်သော ကုသ၍ရနိုင်သည့် ရောဂါများကြောင့် သေဆုံးလျက်ရှိသည်။ ၄င်းသေဆုံးမှု၏ ၃၈ ရာခိုင်နှုန်းကျော်သည် မွေးကင်းစကလေးငယ်များဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း မွေးကင်းစကလေး သေဆုံးရသည့် အကြောင်းအရင်းများကို လေ့လာရာတွင်ပိုးဝင်ခြင်း၊ လမစေ့ခြင်း၊ မွေးဖွားချိန်ရေမွန်းခြင်းတို့ကြောင့် ဖြစ်ပြီးကိုယ်အလေးချိန်မပြည့်၊ လမစေ့သောကလေးများကြောင့်လည်း တွေ့ရှိရသည်။ ထို့ကြောင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများမှ အိမ်တိုင်ရာရောက်မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း သင်တန်းကို တောင်ငူ- သံတောင်လမ်းရှိ ကရင်ပြည်နယ် သံတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် သင်တန်းသား ၆၀ အား ပထမအသုတ်၊ ဒုတိယ အသုတ်ခွဲ၍ ကျန်းမာရေးဦးစီးဌာနအမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးဌာနစိတ်၏ ပံ့ပိုးမှုနှင့် ကျန်းမာရေးဝန်ထမ်းများက သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းဆရာမ သံတောင်ကြီးမြို့နယ်မှ ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်မိမိအုန်းက "မွေးကင်းစကလေးသေဆုံးခြင်းမှာမွေးပြီးတစ်ပတ်အတွင်း သေဆုံးမှုအများဆုံးဖြစ်တဲ့အတွက် မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ထမ်းများက နေရာတိုင်းမှာ စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဒါပေမယ့် သားဖွားဆရာမတွေက များပြားလှတဲ့တာဝန်တွေကြောင့် သားဖွားဆရာမတွေလက်လှမ်းမမီနိုင်တဲ့ဒေသတွေကို စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများက အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးမယ့် ပြည်သူလူထုကိုအခြေပြုတဲ့ မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်းများလိုအပ်ပါတယ်" ဟု ရှင်းပြသည်။ အဆိုပါသင်တန်းကို တောင်ငူခရိုင်အတွင်းနှင့် သံတောင်ကြီးမြို့နယ်အတွင်းရှိ စိတ်ဝင်စားသည့်အမျိုးသမီးများ တက်ရောက်ကြပြီး သင်တန်းကာလကို မတ် ၁၂ ရက်မှ ၁၉ ရက်အထိ သင်ကြားပေးကြောင်း သိရှိရသည်။

သူရ(တောင်ငူ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ က/ဂ ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အိမ်အမှတ် ၁၀၃၊ သုံးလွှာ B တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်ကျော်ဦး ၉/မရမ(နိုင်)၀၆၄၃၅၄ထံမှ ကျွန်တော် ဦးကျော်ထွေးက ဝယ်ယူရန် စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ယနေ့မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ထွေး
၁၀/မလမ(နိုင်)၁၇၁၉၁၈
အမှတ် ၂၈၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ တာမွေ၊
ဖုန်း-၀၉-၄၃၀၀၄၉၅၅၊ ၀၉-၄၃၀၀၅၀၃၁

အများသိစေရန် အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ဘူတာရပ်နေ ဒေါ်သီဂီဝင်း ၁၃/နခတ(နိုင်)၀၀၀၉၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁) ပြင်ဦးလွင်မြို့၊ ကျွဲနွားထောက်ကျေးရွာ၊ လမ်းသွယ်(၆)ရှိ မြေတစ်ကွက်။
(၂) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ဘူတာရပ်ရှိ ဒေါ်သီဂီဝင်း လက်ရှိနေထိုင်ရာ အိမ်မြေ။
(၃) ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ပန်ဟတ်ရပ်ကွက်၊ ရပ်ကွက်(၁၅)၊ ပန်ဟတ် ဦးပိုင်အမှတ်(၈၃/ဓ)၊ ဧရိယာ ၀ဒသမ ၁၁ဧကရှိ မြေ။
(၄) ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ အုမ္မခါးအုပ်စု၊ ကွင်းအမှတ်(၇၁)၊ ဘော်ရွာ၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ ၀ဒသမ ၃၉ဧကရှိ မြေတို့သည် ကျွန်ုပ်၏မိတ်ဆွေ ရှာဖွေစုဆောင်းငွေများနှင့် ဝယ်ယူထားသောမြေများ ဖြစ်ပါသည်။

ထို့ပြင် မိခင်နှင့်တကွ အစ်ကိုကြီးနှင့် တူ၊ တူမ ခြောက်ဦးတို့အား ငယ်စဉ်မှစ၍ ဘွဲ့ရ၊ အလုပ်အကိုင်ရသည်အထိ ရှာဖွေကျွေးမွေးထောက်ပံ့ခဲ့သူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်သီဂီဝင်း	**ဦးဇော်ဝင်း LL.B**
၁၃/နခတ(နိုင်)၀၀၀၉၄၁	**တရားလွှတ်တော်ရှေ့နေ(စဉ်-....)**
ဘူတာရပ်၊ ရပ်ကွက်ကြီး(၇)	**အမှတ်(၁၄)၊ အမကကျောင်းဝင်းအတွင်း**
ပြင်ဦးလွင်မြို့	**ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ်(ခ/၁၃၈)၊ မြေကွက်တည်နေရာအမှတ် ၃၀၃၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဒေါ်ငွေလှိုင်-ဦးခိုလီ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ငွေလှိုင်(မိခင်)နှင့် ဦးလွန်းမောင်(ဖခင်)တို့ကွယ်လွန်သဖြင့် ၄င်း၏ အစုအား သားသမီးများဖြစ်ကြသော ဒေါ်သန်းလှ ၁၂/ဗဟန(နိုင်)၀၃၄၄၇၂နှင့် ဦးဇော်မင်း ၁၂/ဒပန(နိုင်)၀၃၃၃၅၁ နှစ်ဦးအနက် ဒေါ်သန်းလှမှ ဦးဇော်မင်းသို့ GP ၁၈၆၆၃/၁-၁၀-၂၀၁၃ လွှဲအပ်၍ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြကာ ကျန်အမည်ပေါက် ဦးခိုလီ ၁၂/ဒပန(နိုင်)၀၄၄၄၇၃နှင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ င၊ မြေကွက်အမှတ် ၉၇၈၊ မြေကွက်တည်နေရာအမှတ် ၅၆၊ ခမ္ဘီကဝတီလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်ရင်မြ ၁၂/ရကန(နိုင်)၀၄၄၁၉၅က စာချုပ်စာတမ်းရုံးလက်ခံမှန် အရောင်းစာချုပ် ၂၁၂/၁၂-၃-၁၉၅၉ တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးနှင့် မြေတိုင်း လျှောက်ထားလာရာ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F/၂၊ မြေကွက်အမှတ် ၈၊ မြေကွက်တည်နေရာအမှတ်(၈)၊ သရက်တော(၁)ဘီလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးစိန်သန်းနှင့် မသန်းညွန့် အမည်ပေါက် စက္ကူတာမြေအား အမည်ပေါက် ဦးစိန်သန်းနှင့် မသန်းညွန့်တို့ကွယ်လွန်သဖြင့် ၁။ ဒေါ်တင်တင်ကြည် ၁၂/ကမတ(နိုင်)၀၃၈၅၂၇၊ ၂။ ဒေါ်ယဉ်ယဉ်ကြည် ၁၂/အစန(နိုင်)၀၀၃၈၉၅၊ ၃။ ဦးမြင့်သောင်း ၁၂/ဗတထ(နိုင်)၀၀၅၅၃၂၊ ၄။ ဦးခင်ကြွယ် ၁၂/ကမရ(နိုင်)၀၀၇၈၅၂၊ ၅။ ဒေါ်ကြည်ကြည်သန်း ၁၂/ကမတ(နိုင်)၀၃၈၈၈၄၊ ၅။ ဒေါ်စန်းစန်းဝင်း ၁၂/ကမတ(နိုင်)၀၃၈၅၄၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် ၁၁၉၀၊ မြေကွက်တည်နေရာအမှတ် ၁၁၉၀၊ စကားဖြူလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်စန်းကြည် SRM-၀၂၁၃၄၃ အမည်ပေါက် ၃၅(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းကြည် ကွယ်လွန်သဖြင့် ဦးစံတင်အောင် ၁၂/သကတ(နိုင်)၀၅၀၃၁၁က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၆/၁၄(၁၄-၁-၂၀၁၄)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးယဉ်ထွေး ၇/ရတန(နိုင်)၀၁၁၃၈၂မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အိမ်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ်(၅၃၉/က)၊ မြေကွက်တည်နေရာအမှတ်(၅၃၉/က)၊ ဝေဇယန္တာလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကံညွန့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကံညွန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်ပု ၁၂/သကတ(နိုင်)၆၉၂၂၀၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၂၉/၂၀၁၄) ရရှိသူ ဦးဇော်မင်းဦး(TKA -၁၁၂၅၀၃)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ်(၃၉၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၉၉/ခ)၊ သန္တာ(၆)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးတိုး အေအေ-၁၂၀၄၄၂) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးတိုး၊ မိခင် ဒေါ်စိန်လှ ကွယ်လွန်သဖြင့် ဦးမြစံ ၁၂/ဥကမ(နိုင်)၀၆၆၂၇၇က တစ်ဦးတည်းသော သားတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကံကြီးအုပ်စုလက်ပံကုန်းကျေးရွာ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

နောင်ချို မတ် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကံကြီးအုပ်စု လက်ပံကုန်းကျေးရွာ၏ ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ရင်သွေးငယ်များ လိမ္မာယဉ်ကျေးသော ဗုဒ္ဓဘာသာစစ်စစ်များဖြစ်လာစေရန်နှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော လူငယ်မောင်မယ်များ တိုးတက်ပြန့်ပွားလာနိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆရာတော်ဦးပညာဝံသ၏ အားပေးတိုက်တွန်းမှု၊ ဦးပုညသာမိ(မြတ်ပန်းသစ္စာ)နှင့် ဦးဥတ္တမ (ပြည်တော်သာကျောင်း ပြင်ဦးလွင်မြို့)တို့၏ ပညာဒါန၊ ပြင်ဦးလွင်မြို့ ဒါယကာ၊ ဒါယိကာမတို့ လှူဒါန်းမှု၊ ရပ်မိရပ်ဖ၊ ရွာသူရွာသားများ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ရတနာ့ဗိမာန်ဘုန်းတော်ကြီးကျောင်း(လက်ပံကုန်း)၌ မတ် ၁၀ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့သည်။

အဆိုပါဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်ပွဲတွင် ရတနာ့ဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ၊ ဘဒ္ဒန္တပုညသာမိ၊ ဘဒ္ဒန္တဥတ္တမတို့နှင့် လက်ပံကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းတို့က အမှာစကားပြောကြားခဲ့သည်။

သင်တန်းတာဝန်ခံ ဦးပုညသာမိနှင့်ဦးဥတ္တမတို့က လိုက်နာရမည့်စည်းကမ်းချက်များကို မိန့်ကြားကြသည်။

ထို့နောက် အလှူရှင်များက စာအုပ်များကို လှူဒါန်းခဲ့ကြပြီး အလှူရှင်များကိုယ်စား ဦးအောင်ဖေ (မြတ်ပန်းသစ္စာ)က ကျေးဇူးတင်စကား ပြောကြားကာ စာရေးဆရာ ရွှေဘိုမင်းသုခနှင့်မေလရောင်ဖြိုး(ဥပဒေ)တို့က ရင်သွေးငယ်များ လိမ္မာရေးခြားရှိစေရန် စာပေဟောပြောခဲ့ကြသည်။

အဆိုပါသင်တန်းသို့ လက်ပံကုန်းကျေးရွာမှ အသက်ငါးနှစ်နှင့်အထက် ကျောင်းသား ကျောင်းသူနှင့်လူငယ်မောင်မယ် ၁၅၀ ခန့် တက်ရောက်ကြသည်။ သင်တန်းနည်းပြက ယဉ်ကျေးမှုဆိုင်ရာ ဗုဒ္ဓစာပေများကို အခြေခံမှုစ၍ မတ် ၁၀ ရက်မှ ဧပြီ ၁၀ ရက်ထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း တစ်ကြိမ်၊ တစ်ရက်လျှင် နှစ်ကြိမ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

တင်မောင်(မန္တလေး)

မြန်မာတို့သည် ရှေးအစဉ်အဆက်ဆက်မှ ယခုတိုင်နွားအလုပြိုင်ပွဲ လှည်းယဉ်ကျော့ပြိုင်ပွဲနှင့် ဒုန်းမောင်းပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြန်မာ့ရိုးရာ နွားအလုပြိုင်ပွဲ၊ လှည်းယဉ်ကျော့ပြိုင်ပွဲနှင့်ဒုန်းမောင်းပြိုင်ပွဲကို မတ် ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာတို့မှ နွားရှဉ်း ၂၄ ရှဉ်းနှင့် အလုပြနွားများစွာတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ (ရွှေကုက္ကိုလ်)

သန်းခေါင်စာရင်းကောက်ခံရေး လှုံ့ဆော်ရေးယာဉ်များဖြင့် လှည့်လည်ဖျော်ဖြေ

မန္တလေး မတ် ၂၀

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူမည့်အကြောင်းအရာများကို ပြည်သူများ သိရှိနိုင်စေရန် မြန်မာတစ်နိုင်ငံလုံးသို့ လှုံ့ဆော်ရေးယာဉ်များဖြင့် လှည့်လည်ဖျော်ဖြေလှုံ့ဆော်လျက်ရှိရာ မတ် ၁၇ ရက် ညနေက မန္တလေး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်အားကစားကွင်းအတွင်း၌ အထက်မြန်မာပြည် လှုံ့ဆော်ရေးယာဉ်တွင် ဇာဂနာ၊ ငှက်ပျောကြော်၊ ဝေါ်ဇီလာ၊ ကြယ်သီး၊ ရဲရင့်အောင်နှင့်အဖွဲ့ဝင် ၄၀ ကျော်တို့က အသိပညာပေးခြင်း၊ ပြည်သူများအား မေးခွန်းများ မေးမြန်းခြင်းတို့ ဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဝေငှကြသည်။

အဆိုပါ လှုံ့ဆော်ရေးယာဉ်များသည် မတ် ၂၇ ရက်တွင် နေပြည်တော်မှစတင်၍ မြန်မာပြည်အရပ်ရပ်သို့ ထွက်ခွာကြပြီး အထက်မြန်မာပြည်လှုံ့ဆော်ရေးယာဉ်သည် မန္တလေးမြို့မှတစ်ဆင့် ရေနံချောင်း၊ မကွေး၊ ပြည်၊ ရန်ကုန်သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်း)

ပြည်သူ့အတွက်ဝန်ဆောင်မှုအနေဖြင့် DVB-T2 Set Top Box များပေးအပ်လှူဒါန်း

ရွာင် မတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွှာင်မြို့နယ်အတွင်းရှိ ပြည်သူများ အသိပညာဗဟုသုတများ၊ ပြည်သူတို့၏ အကျိုးစီးပွား၊ ပြည်သူတို့အတွက်အကျိုးသက်ရောက်မှုရှိစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ်တွင် DVB-T2 Set Top Box များ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၇ ရက် နံနက် ၁၀ နာရီက ဗထူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်သိန်းရွှေက DVB-T2 Set Top Box များ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက စက်တပ်ဆင်အသုံးပြုပုံကို သရုပ်ပြသပေးခဲ့သည်။ ထို့နောက် မြို့နယ်အဆင့် လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်အဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ပြည်သူများအား DVB- T2 Set Top Box များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း

ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ ဆေးဝါးပစ္စည်းလှူဒါန်း

ပန်းတနော် မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ ပြည်သူ့ဆေးရုံနှင့် မင်းတစုတိုက်နယ်ဆေးရုံ၊ ချောင်းကလေး တိုက်နယ်ဆေးရုံ၊ အင်းမတိုက်နယ် ဆေးရုံများသို့ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းသက်တင်က အမှာစကားပြောကြားပြီး အလှူရှင် ဦးအောင်ထွန်း(အောင်သပြေ ဖယောင်းပုဆိုးကုမ္ပဏီ)က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင်မိသားစုက လှူဒါန်းသော တန်ဖိုး သိန်း ၇၀ ကျော်ရှိသော ဆေးနှင့် ဆေးဝါးပစ္စည်းများကို လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းက လက်ခံယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ အလှူရှင် ဦးအောင်ထွန်းနှင့် ဇနီး ဒေါက်တာဒေါ်စန်းစန်းရီမိသားစုက ပန်းတနော်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ ဆေးနှင့် ဆေးဝါးပစ္စည်းများ နှစ်စဉ်လှူဒါန်းခဲ့ရာ ယခု ၂၀၁၄ ခုနှစ်ထိငွေကျပ် ၄၇၈ သိန်းရှိပြီဖြစ်ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ် ၇၀၄/က အကျယ်ပေ၊ အကျယ်ပေ(၃၁/၂၇×၅၇)ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ နှစ်ထပ်လူနေအိမ်အား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်များဖြစ်သော ဒေါ်နော်ထားမူ ၁၂/အစန(နိုင်)၁၃၃၄၆၉နှင့် ဒေါ်အေးအေးမြင့် ၁၂/မဂတ(နိုင်)၀၁၀၄၅၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းလင်းမြင့် ၁၂/ရပသ(နိုင်)၀၄၇၂၁၄ သည် ဝယ်ယူရန်အတွက် ၄င်း၏ကိုယ်စား ဖခင် ဦးဝင်းရွှေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်သည့်စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L(စဉ်-၇၆၅၂) တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်(၅)လမ်း၊ အမှတ်(၁၇၁)၊ ဧရိယာပေ(၄၃×၆၀) ဦးအောင်ကျင် ISN ၁၂၅၀၄၄ ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ဧရိယာပေ(၂၃×၆၀)မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား အရပ်စာချုပ်ဖြင့်ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည်။ ဒေါ်နှင်းမိုးဆန်း ၁၂/ဥကတ(နိုင်)၁၄၀၁၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်တိုး ၉/မခန(နိုင်)၀၅၆၂၂၇က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
(ရုံး) ရှေ့နေများ နားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၇၃၉၀၁၃၉၂

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀၊ အလယ်ဘလောက်၊ ဒုတိယထပ်(ယာ)၊ အမှတ် ၁၇၀ တိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ ကိုငြိမ်းသွန်းဖြိုး ၆/မအရ(နိုင်)၀၈၇၆၁၁က ဒေါ်ခင်မာဆွေ ၁၃/တကန(နိုင်)၀၇၉၉၈၆ထံမှ ၈-၇-၂၀၁၃ရက်က တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ပါသည်။ ထိုတိုက်ခန်းကို ၈-၇-၂၀၁၃ရက်တွင် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရောက်ရယူ၍ ယနေ့အချိန်ထိ ဝယ်ယူပိုင်ဆိုင်သူ ကိုငြိမ်းသွန်းဖြိုးမှ လက်ရှိနေထိုင်လျက်ရှိပါသည်။ ထိုတိုက်ခန်းအား မည်သူမျှ ထပ်ဆင့်၊ လွှဲပြောင်း၊ ပေါင်နှံရောင်းချ၊ ငှားရမ်း၊ ပေးကမ်း၊ ဝယ်ယူခြင်းများမပြုလုပ်ရန်နှင့် ခြိမ်းခြောက်မှုများတစ်စုံတစ်ရာ ပြုလုပ်လာပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းလင်း(ခ)ဒေါ်သံလွင်ဖြူ တရားလွှတ်တော်ရှေ့နေ (LL.B)
ဖုန်း-၀၉-၇၃၁၃၁၀၂၀၊ ၀၉-၂၅၀၈၂၉၆၃၆၊
၀၉-၃၆၂၃၂၈၄၅၊ ၀၉-၇၃၂၄၁၄၆၁(အိမ်)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၁၆၂၊ မြေကွက်တည်နေရာအမှတ် ၁၆၂၊ ရတနာသိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးမျိုးမြင့်သိန်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့်သိန်းထံမှ GP $\frac{၂၅၈၆၅/၁၃}{၁၆-၁၂-၁၃}$ ရရှိသူ ဦးတင်လှိုင် ၁၂/တမန(နိုင်)၁၀၀၄၀၅ က အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားရာ၌ ၁၉၉၈ခုနှစ်တွင် ကူးယူခဲ့သော အရောင်းမြေပုံမူရင်းသည် အသုံးပြုခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း ကျမ်းကျိန်လွှာတင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၁၅၀၀၊ မြေကွက်တည်နေရာအမှတ် ၁၅၀၀၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးဝင်းနိုင် ၁၂/ဥကမ(နိုင်)၀၈၃၈၈၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းနိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၈၆၄/၀၆ (၂၃-၅-၂၀၀၆) ကိုယ်စားလှယ်ရရှိသူ ဒေါ်အေးအေးချို ၁၂/တမန(နိုင်)၀၅၄၈၉၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃E၊ မြေကွက်အမှတ် V၆၁ နှင့် ၆၁A၊ မြေကွက်တည်နေရာ ၁၀/ကွင်း ကျောင်းလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်၊ ဦးအုန်းကြွယ်၊ ဦးအရှုပ်(ခ)စောရင်ဟွာ အမည်ပေါက် နှစ် ၉၀ မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအရှုပ်(ခ)စောရင်ဟွာ ကွယ်လွန်သဖြင့် ၄င်း၏အစုကို ဇနီးဖြစ်သူ ဒေါ်ကျင်တီ ၁၂/အလန(နိုင်)၀၃၈၇၃၂က သေစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဂရန်မိတ္တူ၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ပူးတွဲအမည်ပေါက် ဦးအုန်းကြွယ် ၁၂/အလန(နိုင်)၀၂၃၆၇၁ နှင့် တွဲဖက်၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီ၁၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား-၁၂၆၊ မြေကွက်တည်နေရာအမှတ် ၃၁၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးလှဖေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် $\frac{၃၇၂၆/၁၃}{၁၅-၁၀-၁၃}$ ဖြင့် ပိုင်ဆိုင်ခဲ့သူ (၁) ဦးအောင်ကြီး ၁၂/မဂတ(နိုင်)၀၃၂၉၂၉၊ (၂) ဦးမျိုးသန့် ၁၂/မဂတ(နိုင်)၀၃၂၉၁၁၊ (၃) ဒေါ်နီနီခိုင် ၁၂/မဂတ(နိုင်)၀၃၂၆၀၀တို့က ပျက်စီးနေသော ဂရန်တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဒေါ်ဝင်းနွယ်(ခ) ဒေါ်ရှိစ်+၂	၉/ပမန(နိုင်)၀၀၃၇၅၇	[illegible]	ကမာရွတ်	[illegible]	[illegible]	[illegible]	[illegible]

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လူမှုရေးအဖွဲ့ပေါင်းစုံ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၈ ရက်က မင်းကွန်းတိပိဋကနိကာယကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကော်မတီဥက္ကဋ္ဌများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ INGO နှင့် NGOများမှ တာဝန်ရှိသူ ၂၀၀ ကျော်တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းတိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဇော်မိုးကမြန်မာနိုင်ငံသည်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRE) ကို ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကာ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ၁၉၉၃ ခုနှစ်က လေးသူငယ်ဥပဒေနှင့်၂၀၀၁ ခုနှစ် ကလေးသူငယ် နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားလုပ်ငန်း အစီအစဉ် (၂၀၀၆-၂၀၁၅) အား ရေးဆွဲချမှတ်၍ ကျန်းမာရေးနှင့် အာဟာရ၊ ရေကောင်း ရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပညာရေးဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးများကိုလည်း လုပ်ဆောင်နေကြောင်း ပြောကြားသည်။

တက်ရောက်လာကြသော UNICEF ၊ Save the Children၊ ရတနာ့မေတ္တာစသော လူမှုရေးအဖွဲ့အစည်းများမှလည်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

နွေရာသီ ဝင်ငွေရရှိစေမည့် အညာဒေသမှ မန်ကျည်းထုလုပ်ငန်း

ကျောက်ပန်းတောင်းမြို့နယ်အတွင်း နွေရာသီဝင်ငွေရရှိစေသည့် မန်ကျည်းထုလုပ်ငန်းခွင်တစ်ခုကို မြင်တွေ့ရစဉ်။ သတင်းနှင့်ဓာတ်ပုံ- ကိုနေ(ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်း မတ် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အညာကျေးလက်နေ တောသူတောင်သားတို့မှာရာသီပေါ် မန်ကျည်းထုလုပ်ငန်းကို မိသားစုအလိုက် မိမိနေအိမ်နှင့်ပွဲရုံများတွင် အစုအဖွဲ့ဖြင့်လုပ်ကိုင်ကြသည်။

ကျောက်ပန်းတောင်းမြို့ပေါ်တွင် မန်ကျည်းလုပ်ငန်းပွဲရုံကြီး ၃၀ ခန့်ရှိ၍ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် ပွဲရုံငယ်လေးများ ၂၀ ခန့်ရှိသည်။ အဆိုပါပွဲရုံများသို့ ကျောက်ပန်းတောင်းမြို့အနီးဝန်းကျင်ရှိ ကျေးရွာများမှ အမျိုးသမီးများနှင့် ကလေးများက ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ လာရောက်လုပ်ကိုင်လျက်ရှိကြသည်။

မန်းကျည်းထု လုပ်သားများသည် နံနက် ၅ နာရီခွဲ ၆ နာရီမှစ၍ ပွဲရုံများသို့ ရောက်ရှိလာကြပြီး ပွဲရုံမှ မန်ကျည်းအလုံး(အကြမ်း)ကို အခြင်အတွယ်ဖြင့်ယူ၍ ပြုလုပ်ပေးထားသည့် အမိုးအကာတဲကြီးများအောက်တွင် စုရုံးကာ မန်ကျည်းအကြောသင်ခြင်း၊ မန်ကျည်းထုခြင်းများကို ညနေ ၅ နာရီအထိ တစ်နေကုန်လုပ်ဆောင်ခြင်းဖြင့် ဝင်ငွေပုံမှန်ရရှိနေကြကြောင်းသိရသည်။

“လူတစ်ယောက်ကို အနည်းဆုံး ၁၅ ပိဿာပြီးကြပါတယ်။ တစ်ပိဿာကိုထုခ ငွေကျပ် ၁၀၀ ရပြီး တစ်ယောက် ၁၅၀၀ ကျပ် အနည်းဆုံးဝင်တာပေါ့။ တချို့က မိသားစုလိုက်လာပြီးလုပ်ကြတာ။ ကျွန်မတို့ပွဲရုံက မန်းကျည်းအသားကို ပြန်ပြီး သန့်စင်ရပါတယ်။ အကြောမစင်တာတွေ၊ အစေ့ပါတာတွေကို နေ့စားလုပ်သားသီးခြားထားပြီး သန့်ရပါတယ်။ အဲဒီအတွက် သန့်စင်လုပ်သား အမျိုးသမီးတွေ တစ်နေ့ကို ငွေကျပ် ၂၀၀၀ ပေးရပြီး ထုပ်ပိုး၊သိမ်းဆည်းလုပ်သား အမျိုးသားကို တစ်နေ့ ငွေကျပ် ၃၅၀၀ ပေးရပါတယ်။ မန်ကျည်းအနေနဲ့ လွှင့်ပစ်စရာမရှိပါဘူး။ သင်ပြီးသားအကြောက သူ့ဈေးနဲ့သူရောင်းရသလို အစေ့ကလည်း အစေ့ဈေးရောင်းရပါတယ်။ သို့သော် ယခုနှစ်မှာ ကျောက်ပန်းတောင်းက မန်ကျည်းအထွက် နည်းသွားတယ်” ဟု မန်ကျည်းပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် စည်ပေါက်ကန်၊ ရွာမ၊ တံခါးမ၊ လယ်ယားတောင်၊ ဝါရုံကန်း၊ ပိန္နဲတောကျေးရွာများမှ ပွဲရုံများသို့ လာရောက်လုပ်ကိုင်ကြသည့် လုပ်သားများရှိပြီး တောင်နောက်၊ ရွှေနောက်စမ်း၊ တောင်ခြေ၊ ရေထွက်အစရှိသည့် ကျေးရွာများမှလည်း နံနက်လင်းသည်နှင့် ဆိုင်းထမ်းများဖြင့် ထမ်း၍ ပွဲရုံသို့လာ၍ ပြန်လည်ရောင်းချကြသည်။ အိမ်သို့ယူဆောင် လုပ်ကိုင်သူများမှာ မန်ကျည်းအကြမ်း ကို တစ်ပိဿာ ငွေကျပ် ၅၀၀ အထိ ဝယ်ယူကြရပြီး မန်ကျည်းအချော(အသား) ကို တစ်ပိဿာ ငွေ ကျပ် ၉၀၀ ဖြင့် ပြန်လည်ရောင်းချကြသည်။ ဘေးထွက်ပစ္စည်း မန်ကျည်းအကြောများကို ထော်လာဂျီ တစ်စီးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့်ရောင်းရပြီး မန်ကျည်းအစေ့တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀ ခန့် ရရှိနေကြသဖြင့် အိမ်အလုပ်အကိုင်မပျက် လုပ်ကိုင်သူများနှင့် ပွဲရုံသွားရောက် လုပ်ကိုင်သူများပါ စားဝတ်နေရေးကို အထောက်အကူပြုလျက်ရှိပြီး မိုးမကျမီကာလအထိ ကျောက်ပန်းတောင်းနယ်မှ တောင်သူများ ဝင်ငွေအခွင့်အလမ်းဖြောင့်တန်းနေကြဦး မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မြဝတီမြို့၌လူဦးရေမွေးဖွားမှုနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာဆွေးနွေး

မြဝတီ မတ် ၂၀

မွေးကင်းစကလေးငယ်များအား မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်မှာ မဖြစ်မနေလိုအပ်မှုရှိနေပြီး တိုင်းပြည်၏ လူဦးရေတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည့် လူဦးရေမွေးဖွားမှုနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲအတွင်း တာဝန်ရှိသူများက ပြောကြားသည်။

ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအင်းကြူက လူဦးရေမွေးဖွားမှုနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းကို ရှင်းလင်းဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့များမှ အဖွဲ့ဝင်များက သိရှိလိုသည်များပြန်လည်မေးမြန်းခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်လူငယ်များ ဗဟုသုတတိုးပွားရေး စာကြည့်တိုက်ပညာ အခြေခံသင်တန်းဖွင့်

ကျောက်တလုံးကြီး မတ် ၂၀

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေး၊ စာကြည့်တိုက် ထိန်းသိမ်းနိုင်မည့် စာကြည့်တိုက်မှူးများ ပေါ်ထွန်းရေးရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာသင်တန်း ကို မတ် ၁၇ ရက်က ကျောက်တလုံးကြီးမြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ စာကြည့်တိုက်မိတ်ဆက်၊ စာကြည့်တိုက်လုပ်ငန်း၊ မျိုးတူစု ပြုစုရခြင်းရည်ရွယ်ချက်၊ ရည်ညွှန်းလုပ်ငန်း၊ ကတ်တလောက် ရေးသားနည်းစသည်တို့ကို ပို့ချပြီး စာပြုလုပ်ငန်းကို သင်တန်းသား သင်တန်းသူများ ပိုမိုနားလည်စေရန် လက်တွေ့ပြုလုပ်စေခဲ့ကြောင်း သိရသည်။

မြို့နယ်ခွဲအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးထက်လင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်တာဝန်ခံများတက်ရောက်ကြသည်။ သင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် တာဝန်ရှိသူများက သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်သင်တန်းအပြင် မြို့နယ်စခန်းမှူး ရဲအုပ်အောင်မင်းက ရဲတပ်ဖွဲ့ဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးဝင်းကြိုင်က လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ အကြောင်းအရာများ၊ မြို့နယ်လဝက ဦးစီးမှူး ဦးသန်းထွန်းဦးက သန်းခေါင်းစာရင်းဆိုင်ရာများ အကြောင်းကို အသီးသီးဟောပြောပေးခဲ့ကြသည်။

“သင်တန်းတက်ခွင့်ရတာ အလွန်အကျိုးရှိပါတယ်။ ကျွန်တော်တို့ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်စေဖို့ လူငယ်တွေ ဗဟုသုတရရှိစေဖို့ ပိုပြီးကြိုးပမ်းသွားမယ်”ဟု သင်တန်းသားတစ်ဦးက ပြောသည်။

(မြို့နယ်ခွဲပြန်/ဆက်)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်ခွဲအား ကျိုက်ထိုမြို့နယ်၊ ဗောဓိကိုးထောင်အနီး အေးရိပ်ငြိမ်အရပ်၌ ၁၆-၃-၂၀၁၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဦးကျော်ကျော်-ဒေါ်ဝင်းစန္ဒာအေးမိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆိုင်ခွဲများထပ်မံ၍ အောင်မြင်စွာဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်စန်းစန်းအေး
ဒေါ်မြတ်မြတ်မိုး
Nursing your Future
Nursing educational services မိသားစု
ဖေယျဝတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)တွင် နေထိုင်သည့် ကျွန်မ ဒေါ်ချိုချိုငယ် ၅/ကလန(နိုင်) ၀၀၀၁၅၇ ၏ အမည်မှန်မှာ ဒေါ်ကြင်ဆွေ ဖြစ်ပါသည်။ **ဒေါ်ကြင်ဆွေ**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7659၊ Mazda Titan LAR 81/Truck (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၇/ပမန(နိုင်)၀၀၇၈၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၄၅၀၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေခြည်လမ်း၊ ၈၅/၁၀ နေ ဦးချစ်တင်-ဒေါ်နန်းသိန်းတင်တို့၏သား မောင်အာကာချစ် ၁၃/တကန(နိုင်)၁၅၁၆၇၂ သည် မိဘဆိုဆုံးမမှုကို မနာခံသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။
ဦးချစ်တင်-ဒေါ်နန်းသိန်းတင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7658 Mazda Titan Lprirl / Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်အောင် ၃/ဘအန(နိုင်) ၀၁၂၆၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၄၅၅၈ Honda C90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဌေး ၉/နထက(နိုင်)၀၈၈၂၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၇၈၀၇ Honda C70 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၉/မရတ(နိုင်)၁၂၂၄၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၀၈၃၆ Shayan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးလွင် ၁၃/ဖခန(နိုင်)၀၀၄၉၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၅၉၃၅ Shwe mandalar L/T, P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၉/မဟမ(နိုင်)၀၀၁၁၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၇၂၁၈ Toyota Hilux, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးလှပု ၉/မဟမ(နိုင်)၀၀၅၇၄၃ မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သင်္ကြန်ကာလအတွင်း ရေကစားရန်အတွက် ရေပိုက်လိုင်းများ၊ ကန်ရေများနှင့် မီးသတ်ပိုက်ခေါင်းများမှ ရေများကို ခွင့်ပြုချက်မရှိ သွယ်ယူပါက အရေးယူသွားမည်

ရန်ကုန် မတ် ၂၀

မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ရေပိုက်လိုင်းများ၊ အင်းလျားကန်နှင့် အခြားမြေစိုက်ကန်များမှ ရေများကို ဆက်သွယ်ကစားခြင်းမပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း မပြုရန် တားမြစ်ထားပြီး ကျူးလွန်ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ထုတ်ပြန်ကြေညာထားသည်။

တရားဝင်ရေဆက်သွယ်ထားခြင်း ရှိ မရှိကိုလည်း ခရိုင်နှင့် မြို့နယ်စစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးကြမည်ဖြစ်ပြီး စည်းကမ်းချက်များကို မလိုက်နာပါက အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရေနှင့်သန့်ရှင်းမှုဌာန၊ ဌာနခွဲမှူး ဦးမောင်မောင်ဌေးက ပြောကြားသည်။

ရေဆက်သွယ်အသုံးပြုရန်အတွက် ရေပိုက်လိုင်းများမှ အသုံးပြုပါက ရေဖိုးအနေဖြင့် တစ်လက်မပိုက်လျှင် ငွေကျပ် တစ်သိန်းနှုန်း၊ တစ်လက်မခွဲပိုက်လျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် နှစ်လက်မပိုက်များအတွက် ရေအသုံးပြုခမှာ ငွေကျပ် သုံးသိန်းအထိ သတ်မှတ်ထားသည်။ လေးလက်မနှင့် ငါးလက်မပိုက်များကို အသုံးပြုကာ ရေပိုက်လိုင်းများ သွယ်တန်းမည်ဆိုပါက ငွေကျပ် ငါးသိန်းနှင့် ရှစ်သိန်းတို့အထိ သတ်မှတ်ကောက်ခံသွားမည်ဖြစ်သည်။

ယာယီရေဆက်သွယ်ခွင့် လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဏ္ဍပ် တည်ဆောက်မည့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့် သန့်ရှင်းမှု တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရုံးခန်းတွင် အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီး မဏ္ဍပ်တွင် အသုံးပြုရန် ရေယာယီဆက်သွယ်ခွင့် လျှောက်ထားပါက သက်ဆိုင်ရာမြို့နယ်(ရေ/သန့်) တာဝန်ခံ၏ ရေပေးဝေနိုင်မှု ရှိမရှိ မှတ်ချက်ပါရှိရမည်ဖြစ်ပြီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်လွှာကိုပါ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီး ကျရောက်ရန်အတွက် အချိန်ကာလနီးကပ်လာပြီဖြစ်ခြင်းကြောင့် ရန်ကုန်မြို့တော်အတွင်း မဏ္ဍပ်များ တည်ဆောက်ရန်နှင့် ရေကစားပွဲတော်များ ကျင်းပနိုင်ရန် စတင်ပြင်ဆင်နေကြပြီဖြစ်သည်။ ရန်ကုန်မြို့တော်အတွင်း မဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိရာ နွေကာလဖြစ်ပြီး ရေသဘင်ပွဲ ဆင်နွှဲကြရာတွင် ရေပေးဝေမှုနှင့် ရေရရှိမှု အစီအစဉ်များမှာလည်း အဓိကအရေးပါသော အကြောင်းအရာဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

သိမ့်သိမ့်မိုး

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မတ် ၁၅ ရက်ကကျင်းပသည့် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်းတိုက်အတွင်း ကျင်းပခဲ့ပြီး ထူးချွန်ပအိုဝ်းလူငယ်များကို ဆုများချီးမြှင့်ခြင်း၊ ရိုးရာအဆိုအကများ ဖျော်ဖြေခြင်းများပြုလုပ်ရာသို့ လာရောက်ကြသော ကော့ကရိတ်မြို့မှ ပအိုဝ်းတိုင်းရင်းသား လူငယ်လေးများအား မြင်တွေ့ရစဉ်။

သတင်း-တင်ဝင်းလှိုင်၊ ဓာတ်ပုံ- စိုးထက်အောင်

အင်းပတ်လည်ကျေးရွာသို့ဆက်သွယ်သည့် ကျေးရွာချင်းဆက် ဂဝံလမ်းသစ် ဖောက်လုပ်

ကျောက်တံခါး မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နှင့် အင်းပတ်လည်ကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းအရှည် ခြောက်ဖာလုံ မြေသားလမ်းပေါ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေဖြင့် ၃၇၁ ဒသမ ၂၅ သန်း ဖြင့် ဥဒါန်းသစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ယခင်မြေသားလမ်းပေါ်တွင် ဂဝံခင်းကျင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် ယခင်က ရွံ့ဗွက်များထဲတွင် ကျေးလက်နေပြည်သူများမှ ဒုက္ခကြီးစွာသွားလာနေရပြီး မြို့ပြနှင့် ကျေးလက်သို့ ခက်ခဲစွာ ကျော်လွှားခဲ့ရသော လမ်းဖြစ်ပြီး ၎င်းလမ်းမှာ ဖြူးစု-အုတ်ပုံ-အင်းပတ်လည်- စစ်ပိုလ်ကြီးရွာများမှတစ်ဆင့် အမြန်လမ်းအထိ ပေါက်သောလမ်းဖြစ်၍ ၎င်းဂဝံလမ်းပြီးစီးပါက ကျေးလက်နေပြည်သူများ နွေမိုးဆောင်းအလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြသည်ကို သိရသည်။

၎င်းဂဝံလမ်း ဆောင်ရွက်နေမှုအခြေအနေကို မတ် ၁၉ ရက် နံနက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းကျော်နှင့် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်ဦးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ခင်ကို(ကျောက်တံခါး)

သတင်းတို

အပြင်ကွင်းကလေး ကျေးရွာလမ်းဖွင့်ပွဲကျင်းပ

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အပြင်ကွင်းကလေးကျေးရွာရှိ ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပခဲ့သည်။ အဆိုပါ လမ်းသစ်ဖွင့်ခြင်းကြောင့် အပြင်ကွင်းကလေးကျေးရွာရှိ ကျေးရွာသူ ကျေးရွာသား၊ ဒေသခံပြည်သူများ သွားလာဆက်သွယ်ရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းဟောင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်

ရှမ်းပြည်နယ် မိုင်းပန်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် မိုင်းဟောင်းကျေးရွာ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းအတွက် ကွန်ကရစ်လောင်းခြင်း၊ ရေကောင်း ရေသန့်ရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါရေတွင်း ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၀ အကျိုးပြုမည်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

သန်းခေါင်စာရင်း သင်တန်း တောင်သာ၌ ဖွင့်လှစ်

၂၀၁၄ - ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို တောင်သာမြို့ ပြည်လုံးချမ်းသာ သာသနာ့ဗိမာန်၌ မတ် ၁၇ ရက်ကကျင်းပခဲ့ရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်ဦးစီးဌာနမှူးမှ သန်းခေါင်စာရင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး သင်တန်းသား ၅၁၀ တက်ရောက်ခဲ့သည်။ **ကျော်မျိုးနိုင်**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ စက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း Container Cargo များအား ရန်ကုန်ဆိပ်ကမ်း-သန်လျင်စက်ရုံအခွဲအပ်နေရာ ခရီးစဉ်အတိုင်း 20 ft/40ft Transporter များဖြင့် သယ်ယူပို့ဆောင်ပေးရန်လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၄-၂၀၁၄ ရက်၊ မွန်းတည့် ၁၂ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၀၇

ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာ **နေပြည်တော်စတား**ဆိုင်ပိုင်ရှင်များဖြစ်ကြသော ဦးသိန်းထွန်းနှင့် ဒေါ်မေညွန့်ရီ(ခ)ဒေါ်မြဝင်းတို့မှာ ၂၇-၂-၂၀၁၄ ရက်၌ ဒက္ခိဏခရိုင်တရားရုံး၌ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမြင့် B.Sc, (Phys), H.G.P
အထက်တန်းရှေ့နေ (စဉ်-၁၉၂၉၂)
အမှတ် ၈/၅၉၊ ၂လမ်း၊ မင်္ဂလာသာဓုရပ်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

စစ်ကိုင်းမြို့ မန္တလေး-မုံရွာရတနာပုံလမ်းမကြီးဘေးတွင် လူနေဆိုင်ခန်းများဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ဒုတိယအကြိမ်အဆိုပြုအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းမြို့ မန္တလေး-မုံရွာရတနာပုံလမ်းမကြီး ရတနာပုံအဆင်းနေရာ ဦးပိုင်အမှတ် ၆၊ မြေဧရိယာ ၀ ဒသမ ၃ ဧကခန့်ပေါ်တွင် လူနေဆိုင်ခန်းဆောက်လုပ်ရေးအတွက် တည်ဆောက်မည့်ပုံစံအား အဆိုပြုတင်ပြရန် ၂၃-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၆-၂-၂၀၁၄ ရက်မှ ၁၅-၃-၂၀၁၄ ရက်အထိ တင်ဒါခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယအကြိမ်တင်ဒါလျှောက်လွှာများကို ၂၀-၃-၂၀၁၄ရက်မှစ၍ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုတင်ဒါများကို ၃၀-၃-၂၀၁၄ ရက်၊ ညနေ ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ အဆိုပြုတင်ဒါများကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၇၂-၂၁၁၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် AA/4901၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၁၈ယ/၄၂၉၃၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

အမည်ပြောင်း

ဦးနေဝင်းထွန်း-ဒေါ်ချိုဇင်သန့်တို့၏သား မောင်ဝေယံဖြိုးအား ယနေ့မှစ၍ မောင်ဘုန်းနေဇင်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းနေဇင်ပိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် -၂၄၀၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အလျားပေ၄၀၊ အနံပေ ၁၂၀၊ အမြင့် ၁၄ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း သိုလှောင်ရုံတစ်လုံး(အေ)အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း ခြောက်လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။	တင်ဒါပုံစံရောင်းချမည့်ရက် အချိန်	-	၂၀-၃-၂၀၁၄ရက်မှ ၂၆-၃-၂၀၁၄ရက်အထိ ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအထိ
၃။	တင်ဒါပိတ်မည့်ရက်၊ အချိန်	-	၂၆-၃-၂၀၁၄ရက် ၁၆:၃၀နာရီ
၄။	တင်ဒါပုံစံရောင်းချမည့်နေရာ	-	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
၅။	Deposit ပေးသွင်းရမည့်နေရာ	-	Deposit ငွေကျပ်သိန်း ၂၀ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် (P.O) Cheque ဖြင့် ဝယ်ယူပေးသွင်းရမည်ဖြစ်ပါသည်။
၆။	တင်ဒါဖွင့်ဖောက်မည့်နေ့ရက် အချိန်၊ နေရာ	-	၂၈-၃-၂၀၁၄ရက် ၁၃:၀၀နာရီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)

၇။ အဆိုပါ သိုလှောင်ရုံ(အေ)၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၃၀၊ ၀၆၇-၄၀၈၄၀၉ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရန်ကုန်အရှေ့ပိုင်းဆေးရုံသို့ ငွေကျပ် ၆၃ သိန်းကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သန့်ရှင်းရေးစုပေါင်းလုပ်အားပေးခြင်းနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို မတ် ၁၈ ရက် နံနက် ၇ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်ရှိ အရှေ့ပိုင်းဆေးရုံကြီး၌ ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အရှေ့ပိုင်းဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက လှူဒါန်းရခြင်းအကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၂ သိန်း ခုနစ်သောင်း အပါအဝင် အလှူရှင် ၁၄ ဦးမှ လှူဒါန်းငွေကျပ် ၆၃ သိန်း ခုနစ်သောင်းကိုးထောင် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများပေးအပ်လှူဒါန်းကြရာ အရှေ့ပိုင်း ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်အရှေ့ပိုင်း ဆေးရုံတွင် တက်ရောက်နေသည့် လူနာများအား အာဟာရဆန်ပြုတ်များ တိုက်ကျွေးခြင်း၊ ဆေးရုံကြီးအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းအား ဆောင်ရွက်နေသော စည်ပင်သာယာအဖွဲ့များအား လက်ဆောင်များ ပေးအပ်ခဲ့သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

ကျောက်တံခါးမြို့နယ်ရှိ ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖောက်လုပ်မှု ၉၀ရာခိုင်နှုန်း ပြီးစီး

ပဲခူး မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူဌေးကုန်း-ခတ်ချိုကွင်း- ကျားချောင်း- မှန်ချောင်း-ကင်းရွာ-မြို့ချောင်းအထိ ဆက်သွယ်ထားသော ယခင်ကျောက်ကြမ်းလမ်းကို ယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၈၅ ဒသမ ၅ သန်းဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော လေးမိုင် နှစ်ဖာလုံ ကတ္တရာလမ်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာချင်းဆက်ကတ္တရာလမ်းသစ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ ကတ္တရာလမ်းပြီးစီးသွားပါက မြို့ချောင်း၊ ကင်းရွာ၊ ကျားချောင်း၊ မှန်ချောင်း၊ ခတ်ချိုကွင်း၊ သူဌေးကုန်းရွာများမှ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည်တို့ အကျိုးပြုနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများတွင်လည်း လွယ်ကူမြန်ဆန်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

သူဌေးကုန်းမှ မြို့ချောင်းအထိ ကတ္တရာလမ်းပိုင်း ခင်းကျင်းဆောင်ရွက်နေခြင်းလုပ်ငန်းများကို မတ် ၁၇ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းလွင်နှင့် ခရိုင်ဦးစီးမှူး ဦးသိန်းကျော်တို့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးဦးမြင့်လွင်ဦးက ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ခင်ကို (ကျောက်တံခါး)**

ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအစည်းအဝေးကျင်းပ

မကွေး မတ် ၂၀

မကွေးတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးကို မကွေးမြို့ တောင်တွင်းကားလမ်းရှိ ဧရာဝတီ အဆင့်မြင့်စားသောက်ဆိုင်ခန်းမ၌ မတ် ၁၈ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးဦးစီးဌာနမှူး လူမှုဝန်ထမ်းဦးစီးဌာန အတွင်းရေးမှူး ဦးဇော်မင်းအ ဇန်နဝါရီ ၂၁ ရက်တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအစည်းအဝေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ECCD-LAW ကို ဆွေးနွေးပြီး တက်ရောက်လာကြသူများမှမကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းခြင်းနှင့် အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ မကွေးတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Save the Children မှ စီမံကိန်းညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ညီညီ(မကွေး)**

မြင်းခြံမြို့တွင် ပြည်သူ့ဗဟိုပြု အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ သင်တန်း မတ် ၂၄ ရက်တွင် စတင်ဖွင့်လှစ်မည်

မြင်းခြံ မတ် ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးသော ပြည်သူကို ဗဟိုပြုအများပြည်သူ့ဝန်ဆောင်မှု မီဒီယာသင်တန်းကို မတ် ၂၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့ဗဟိုပြု အများပြည်သူ့ဝန်ဆောင်မှု မီဒီယာသင်တန်းမှ သင်ကြားပို့ချမည့် ဘာသာရပ်များမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူ့ဝန်ဆောင်မှု မီဒီယာဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်နှင့်အကြောင်းပြချက်များ ဘာသာရပ်၊ ဆိုရှယ်မီဒီယာ အသုံးပြုနည်းလမ်းဘာသာရပ်၊ အင်တာနက် မီဒီယာဝန်ဆောင်မှုလုပ်ငန်းများဘာသာရပ်၊ သတင်းထုတ်ပြန်ချက်များ ရေးသားခြင်း၊ F.T.P, Web Portal သတင်းအချက်အလက်များ ပေးပို့ခြင်းဘာသာရပ်၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ အင်တာဗျူးမေးမြန်းခြင်း ဘာသာရပ်၊ သတင်း၊ သတင်းဆောင်းပါး၊ မိန့်ခွန်းရေးသားနည်း ဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေး သဘောသဘာဝဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် သတိပြုလိုက်နာရန်အချက်များ ဘာသာရပ်၊ ကွန်ပျူတာအခြေခံနှင့် အင်တာနက်၊ အီးမေးလ်အသုံးပြုနည်း ဘာသာရပ်နှင့် ဝန်ထမ်းကျင့်ဝတ်၊ စီမံခန့်ခွဲရေး ဘာသာရပ်များဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

ယခုသင်တန်းသို့ မြင်းခြံမြို့၊ တောင်သာမြို့၊ ကျောက်ပန်းတောင်းမြို့၊ နွားထိုးကြီးမြို့၊ ငါန်းဇွန်မြို့နှင့် ညောင်ဦးမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းသို့ စိတ်ပါဝင်စားသူမည်သူမဆိုလည်း တက်ရောက်နိုင်သည်။ သင်တန်းတက်ရောက်လိုပါက မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း မတ် ၂၃ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **ဇော်မင်းနိုင်**

ရေးမြို့ရှိကျုံသိုက်ချောင်းကြီးကို ပြန်လည်တူးဖော်

ရေး မတ် ၂၀

မွန်ပြည်နယ် ရေးမြို့နယ်တွင် ပြည်နယ် အစိုးအရအဖွဲ့၏ ရန်ပုံငွေ ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်း ၁၅၆ သိန်းဖြင့် မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှ ကျုံသိုက်ချောင်းကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မတ်လ ပထမအပတ်မှ တာဝန်ယူဆောင်ရွက်ပြီး မတ်လကုန်တွင် အပြီးသတ် ဆောင်ရွက်သွားမည်။ အဆိုပါ ချောင်းကြီး ပြန်လည်တူးဖော်ပြီးသွားပါက ရေးမြို့မှ လယ် ၄၃ ဧကနှင့် မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များမှာရေကြီး၊ ရေဝပ်နစ်မြုပ်ခြင်းဒဏ်မှ လွတ်ကင်းမည်ဖြစ်ပြီး ရေးမြစ်ချောင်းအတွင်းသို့ကောင်းမွန်စွာ စီးဆင်းနိုင်မည်ဖြစ်သည်။

နေမျိုးထွဋ်

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် (၇၄/ရွှေအိုက်)၊ ဦးပိုင်အမှတ် ၃၊ မြေဧရိယာ ၀ ဒသမ ၂၃၀ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအမည်ဖြင့် ၂၈-၁၂-၂၀၃၆ ရက်အထိ နှစ် ၃၀ မြေငှားဂရန်ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမှ လျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟု တင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေကွက်အမှတ် ၃၀၃၊ အမှတ် ၉၀ ရပ်ကွက်၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးသောင်းကြည်၏ အမွေဆက်ခံခွင့်ရှိသူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ-ဦးအောင်ဇော်ဦး ၁၂/အစန(နိုင်)၀၉၆၅၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစံရွှေ (LL.B) အထက်တန်းရှေ့နေ
အမှတ် ၁၀၂/၂၁၊ ပဲခူးမြစ်လမ်း၊ စစ်တောင်းရိပ်မွန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုလက်မှု၊ မြေကွက်အမှတ် ၆၆၊ ဧရိယာ ၀ဒသမ၄၂၇ဧကရှိ နှစ် ၆၀စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြမာလာလမ်း၊ အမှတ် ၆၆ဟုခေါ်တွင်သော ရေ၊ လျှပ်စစ်မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာအောင်သိန်း ၁၂/ဗတထ(နိုင်)၀၂၃၈၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L, M.P.A, M.A (BL),
PGDIT (New Delhi), D.Jap. (UFL) အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

၁၆-၂-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာအချပ်ပို ကြော်ငြာစာမျက်နှာ-၄ ပါ၊ ဦးချစ်စ ၁/မကတ(နိုင်)၀၀၉၀၅၃၊ မိုးကောင်းမြို့နေသူ၏ မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်မ မစန်းစန်းဦး ၁/မကတ(နိုင်)၀၀၁၈၅၀သည် မိုးကောင်းမြို့ အိုးတန်းရပ်ကွက်၊ အိမ်အမှတ် (၆၈)တွင်နေထိုင်သူ ဖခင်ဦးချစ်စ ၁/မကန(နိုင်)၀၀၉၀၅၃နှင့် မိခင်ဒေါ်နွယ်ဘီကိုင် ၁/မကတ(နိုင်)၀၀၉၀၉၄ တို့မှ မွေးဖွားသောတစ်ဦးတည်းသောသမီးအရင်းဖြစ်ပါသည်။ အခြားမွေးချင်းပေါက်ဖော်မရှိပါ။ မိခင်ဒေါ်နွယ်ဘီကိုင်သည် ၂၀၁၀ ခုနှစ် အောက်တိုဘာတွင် ကွယ်လွန်ပြီးနောက်၊ မိခင် ဒေါ်နွယ်ဘီကိုင်အမည်ပေါက် ဦးပိုင်(၁၄၄/ခ)၊ ကွင်းအမှတ်(၂၂၃)၊ နှစ်ထပ်တိုက်အိမ်နှင့်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အခြားတစ်စိမ်းတရံတစ်ဦးအား လွှဲပြောင်းပေးလိုသဖြင့် ဖခင်ဖြစ်သူမှ ကျွန်မ မစန်းစန်းဦးအား မွေးစားသမီးဖြစ်ကြောင်း၊ အမွေပြတ်စွန့်လွှတ်ကြောင်း၊ မဟုတ်မမှန်ကြော်ငြာခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မသည် ဖခင်ဖြစ်သူ ဦးချစ်စ၏တစ်ဦးတည်းသောသမီးအရင်းဖြစ်ကြောင်းနှင့် မိခင်ဒေါ်နွယ်ဘီကိုင်အမည်ပေါက်ဖြင့်ပိုင်ဆိုင်သော မိုးကောင်းမြို့၊ အိုးတန်းရပ်ကွက်ရှိ အိမ်အမှတ် (၆၈)၊ သွပ်မိုးအုတ်ကာနှစ်ထပ်တိုက်နေအိမ်ခြံမြေသည် အမွေဆက်ခံပိုင်ခွင့်ရှိသူ (သမီးရင်းဖြစ်သူ) ကျွန်မ မစန်းစန်းဦး တစ်ဦးတည်းနှင့်သာ သက်ဆိုင်ကြောင်း၊ ဖခင်ရည်ရွယ်သည့် အခြားတစ်စိမ်းတရံစာများနှင့် သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြသိန်း LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၁)
အမှတ် (၄၇၃)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပန်းခင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဒေါနလမ်း၊ မြေကွက်အမှတ်(၁၃/၈၉)အား ဒေါ်အေးအေးသွင် ၉/ပမန(နိုင်)၀၁၃၂၉၇ ထံမှ ကျွန်မဒေါ်ရီရီမော် (ဘ)ဦးလှအောင် ၉/လဝန(နိုင်)၀၁၂၉၈၉ သည် ၂၀၁၂ ခုနှစ်မှစတင်၍ ဝယ်ယူပိုင်ဆိုင်ကာ အဆောက်အအုံဆောက်လုပ်နေထိုင်လျက်ရှိပါသည်။

၂။ အဆိုပါမြေကွက်အမှတ် (၁၃/၈၉)အား ဒေါ်ရီရီမော်(ဘ)ဦးလှအောင် ၉/လဝန(နိုင်)၀၁၂၉၈၉ အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ဒေါ်ရီရီမော်
ရတနာမာန်အောင်ကျောင်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း ၃လမ်း၊ အမှတ် (၈)၊ ငါးလွှာ၊ ခြေရင်းခန်း ပေ(၁၂½×၄၇·၆) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်နေထိုင်သူ ဒေါ်မို့မို့အေး ၁၄/ပသရ(နိုင်)၁၁၆၂၈၀ ထံမှ ကျွန်ုပ်မိတ်ဆွေသည် လက်ရောက်ဝယ်ယူပိုင်ဆိုင်ရန် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ခိုင်လုံသောသက်သေခံစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက ကျန်ရောင်းဖိုးငွေများ ပေးချေလျက် အပြီးအပိုင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသင်တန်းများဖွင့်လှစ်

ကော့ကရိတ် မတ် ၂၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို မတ် ၁၇ ရက်က ကော့ကရိတ်မြို့နယ် ကျိုက်ဒုံမြို့နယ်ခွဲနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ်တွင် အဆိုပါသင်တန်းဖွင့်ပွဲ၌ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှူး ဦးစောချစ်သန်းနှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးတို့က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူနှင့် တက်ရောက်လာသူ ဦးရေ ၃၀၀ ရှိကြောင်း သိရသည်။

ကျိုက်ဒုံမြို့နယ်ခွဲနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များ၏ ယင်းအခမ်းအနားများသို့ သက်ဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

စိုးထက်အောင်

မတ် ၁၆ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် အေးရိပ်မွန် ၅ လမ်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီက ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မီးမီး(လှိုင်)

မြဝတီမြို့ မြို့နယ်အဆင့် စာရင်းစစ်/စာရင်းကောက် သင်တန်း ဖွင့်လှစ်

မြဝတီ မတ် ၂၀

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် မြို့နယ်အဆင့် စာရင်းကောက်/စာရင်းစစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က မြဝတီမြို့ သောင်ရင်းခန်းမတွင် ကျင်းပခဲ့သည်။

သန်းခေါင်းစာရင်း ကောက်ယူခြင်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း မြဝတီခရိုင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးက ပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်တင်ကားတောင်တက်လမ်းမတက်နိုင်ဘဲ နောက်ပြန်လိမ့်ကျ

စစ်ကိုင်း မတ် ၁၉

မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က စစ်ကိုင်းမြို့နယ် ရှင်ဖြူရှင်လှကျေးရွာတွင် အုတ်များတင်ဆောင်ကာ တောင်တက်လမ်းတက်စဉ် မတက်နိုင်ဘဲ နောက်ပြန်လိမ့်ကျကာ လမ်းဘေးတွင် တောင်တက်ရန် စောင့်ဆိုင်းနေသည့် ကိုယ်ပိုင်လူစီးယာဉ်ကို တိုက်မိသောယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့ အမှတ်(၂)ရဲကင်းစခန်းမှ ဒုတိယရဲအုပ်မျိုးကျော်သည် ရဲကင်းစခန်းတွင် တာဝန်ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့နယ် ရှင်ဖြူရှင်လှကျေးရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တပ်ကြပ်ကြီးမြင့်နိုင်၊ သက်သေဦးလွင်မောင်၊ ဦးဝင်းမြိုင်တို့နှင့်အတူ ဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးခဲ့ရာ စစ်ကိုင်းမြို့နယ် ရှင်ဖြူရှင်လှကျေးရွာ လေးကျွန်းသာယာ မဟာစေတီအနီး တောင်တက်လမ်း၌ စစ်ကိုင်းမြို့တွင်းမှ ဝါးချက်ဆေးရုံသို့ အုတ် ၂၈၀၀ တင်ဆောင်၍ မောင်းနှင်လာသော ယာဉ်မောင်းဖိုးထွန်း အုတ်လှောင်ကွင်းကြီးရပ် မတ္တရာမြို့နေသူ မောင်းနှင်လာသည့် ၇က/-- အဖြူရောင်တိုယိုတာဒိုင်နာ ခါးရှည်သည် တောင်တက်လမ်း ကုန်းထိပ်သို့ အရှိန်မြင့်မောင်းနှင်လာစဉ်ကားမှာ ကုန်းထိပ်ရောက်ခါနီး ဆက်မတက်နိုင်တော့ဘဲ နောက်ပြန်လိမ့်ကျခဲ့ရာ **(ယာပုံ)** ပေ ၅၀ ခန့်အကွာ လမ်းယာဘက်ဘေးတွင် ယာဉ်မောင်း မတင်နီလာဝင်း (၂၂ နှစ်) မဟာအောင်မြေမြို့နယ် နေသူ၏ယာဉ်အမှတ်၁ခ/--- TOYOTA-RAV-4 အမျိုးအစား အနက်ရောင်ကားမှာ တောင်တက်လမ်းတက်ရောက်ရန် ရပ်နားစောင့်ဆိုင်းနေစဉ် လိမ့်ကျလာသည့် ၇က/---မော်တော်ယာဉ်၏ နောက်မြီးနှင့်တိုက်မိခဲ့ပြီး ၁ခ/--- ယာဉ်မှာ ဝဲဘက်ခြမ်းတစ်ခုလုံး၊ ယာဘက်ခြမ်းရှိ နောက်တံခါး၊ နောက်မီးခွက်တို့ ကြေမွပျက်စီးခဲ့သည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်ခဲ့၍ ယာဉ်တိုက်မှုဖြစ်ခဲ့သောကြောင့် ယာဉ်မောင်းသူ ဖိုးထွန်းအားစစ်ဆေးလျက်ရှိသည်။ **ထွေးမြင့်နိုင်**

ကောက်ပဲသီးနှံရောဂါပိုးကျရောက်ခြင်းများ ကြိုတင်အသိပေးသည့် နည်းပညာပထမဆုရ

ရန်ကုန် မတ် ၂၀

ပရဟိတအဖွဲ့ တစ်ခုဖြစ်သော Proximity Designs မှ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ကျင်းပသည့် Hackathon ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို မတ် ၁၆ ရက်က ကျင်းပခဲ့ပြီး NilBug လူငယ်နည်းပညာရှင်အဖွဲ့မှ တီထွင်သည့် Android Application တစ်ခုမှာ ပထမ ဆုရရှိခဲ့သည်။

တောင်သူလယ်သမားများ အနီးအနားပတ်ဝန်းကျင်တွင် ပိုးမွှားကျရောက်ခြင်းနှင့် ကောက်ပဲသီးနှံရောဂါပိုး ကျရောက်ခြင်းများကို ကြိုတင်အသိပေးနိုင်သော နည်းပညာအက်ပလီကေးရှင်းတစ်ခုကို လူငယ်အဖွဲ့က တင်ပြပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ကိုအာကာမင်းအောင်ထံက သိရသည်။

ပထမဆုအတွက် အမေရိကန်ဒေါ်လာတစ်ထောင်နှင့် အဖွဲ့ဝင်များအတွက် SingTech Sapphire iTab Mini rsm; နှင့် Mr. Morle ၏ နည်းပညာ စီးပွားရေးစတင်ပံ့ပိုး ပညာပေးစာအုပ်များ ချီးမြှင့်ပေးခဲ့ပြီး ပြိုင်ပွဲစီစဉ်သူ ပရဟိတအဖွဲ့ Proximity Designs မှ တောင်သူလယ်သမားများ ရင်ဆိုင်နေကြရသည့် အခက်အခဲများအား နည်းပညာကျကျ ကူညီပေးနိုင်ရန်အတွက် ရည်ရွယ်ထားသည့်အပြင် လက်တွေ့၌လည်း ကူညီနိုင်ရန်အဆင့်အထိ အသုံးပြုနိုင်သည့် အက်ပလီကေးရှင်းတစ်ခု ဖြစ်လာစေရေး ကူညီပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းမှ ဒေါ်ဒက်ဘီအောင်ဒင်က ပြောကြားသည်။

ပြိုင်ပွဲယှဉ်ပြိုင်ချိန် ၄၈ နာရီကြာမြင့်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ နည်းပညာကျွမ်းကျင်သူ လူငယ်များ၊ ဒီဇိုင်နာများ၊ စွန့်ဦးတီထွင်နိုင်သူ စုပေါင်းရွေးချယ်မှု ပြုထားသည့် လူငယ်ပညာရှင် ၇၆ ဦးအား အဖွဲ့၁၇ ခုခွဲ၍ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ **နိုင်ဇာမွန်**

ပြည်သူ့ဗဟိုပြု အများပြည်သူဝန်ဆောင်မှု မီဒီယာသင်တန်းဆင်းပွဲ ရှမ်း(မြောက်ပိုင်း)၌ကျင်းပ

လားရှိုး မတ် ၂၀

ပြည်သူ့ဗဟိုပြု အများပြည်သူဝန်ဆောင်မှုမီဒီယာ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် လားရှိုးခရိုင် တွဲဖက်ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက အမှာစကားပြောကြားခဲ့ပြီး မီဒီယာသင်တန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်ရုံးတွင်လည်း ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ဟန်ဌေး**

နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပိန်းဇလုပ်ဒေသမှ ရန်ကုန်မြို့သို့ ရောက်ရှိကြကုန်သော မိတ်သင်္ဂဟအပေါင်းတို့ခင်ဗျာ... ပိန်းဇလုပ်ဒေသအသင်း(ယာယီ) ရန်ကုန်အသင်း၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ (မပျက်မကွက်) ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၂၃-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၀၀ နာရီ
နေရာ - ပိန်းဇလုပ်ကျောင်းတိုက်၊ ရွှေဂုံတိုင်ဆေးရုံ SSC နှင့် ခြောက်ထပ်ကြီးဘုရားအနီး၊ ဗဟန်းမြို့နယ်

နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ဇီးကုန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/က၊ မြေကွက်အမှတ် ၇၀/က၊ အလျားပေ ၂၀၊ အနံ ပေ၆၀ အကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရွှေပြည်သာမြို့နယ်၊ အမှတ် ၁ ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ် ၄၂/၇၀(က)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးစောလု(ခ်)ဘိုးရှိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၁၅-၃-၂၀၁၄ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ရောင်းဖိုးငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော် (တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်ဇာနီဝင်း LL.B
ဒေါ်မြနှင်းယု LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေများ
အမှတ် ၁၅၁၊ အခန်း ၃(ဒုထပ်)
၃၃လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ဦးအေးနိုင်
LL.B, D.B.L, D.M.L, Advocate
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၈၇/၈၉)
ဖုန်း-၀၉-၇၃၀၃၂၃၄၃

အမည်ပြောင်းခြင်း

ကျွန်တော် ကိုတင့်လွင် (ဘ)ဦးစစ်ကို ၁၄/ညတန(နိုင်)၀၉၁၈၄၂အား ကိုတင့်လွင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ကိုတင့်လွင်ကျော်

အမည်ပြောင်း

ဦးစိုင်းကျော်ကျော်ဝင်း၏ သမီး ကျိုင်းတုံမြို့၊ အထက (၄)၊ အ၅မတန်း(က)မှ မပွင့်ဖူးအောင်အား မထက်ထက်နေခြည်(ခ)နန်းတစ် ဟုပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့၊ ဈေးတန်း ၉၊ ဦးကိပ်နိုင်ထန်း ၄/ဖလန(နိုင်)၀၃၈၆၀၂၏သား အလက(ခွဲ) တမူးမြို့၊ ကျောင်းဝင်မှတ်ပုံတင်အရ မောင်ဘွဲ့လွမ်ဆွမ်းဖြစ်သော်လည်း အမည်မှန်မှာ မောင်ဘွဲ့နွန်ဆန်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ထောက်ကြန့်ရွာနေ ဦးစောမောင်ဒေါ်မယ်နှောင်းတို့၏သား ဦးဝင်းလှိုင်နှင့် ဦးအောင်တင်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်(ခ)ဦးအောင်တင်ဝင်း ၅/ကလထ(နိုင်)၁၈၆၇၅၃**

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ထားဝယ်ခရိုင်တရားမကြီးမှုအမှတ် -၂၉နှင့်ဆက်သွယ်သည်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

၁။ ဒေါ်မာမာလွင် **နှင့်** ဒေါ်သင်းစီ
၂။ ဒေါ်မြင့်ဟို
(၎င်းတို့၏ထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးဇော်ဝင်း)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်သင်းစီ၊ ကဒက်ငယ်ထိန်ရွာ၊ အောက်ရေဖြူကျေးရွာ၊ လောင်းလုံးမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၂၉တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၈ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၃၆၆၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၆၂၄၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၁၆-၃-၂၀၁၄ရက်တွင် မန္တလေးမြို့ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်းဥ္စာကျောင်းပသော မင်္ဂလာညစာစားပွဲ အခမ်းအနားအား တက်ရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးအောင်မောင်းနှင့် ဇနီး ဒေါ်အေးအေးမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာအသီးသီးမှ အရာရှိကြီးများနှင့်ဇနီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မန္တလေးပွဲစားကုန်သည် စက်ပိုင်များနှင့် ဇနီးများ၊ ကုန်စည်ဒိုင်မှလုပ်ငန်းရှင်များ၊ မန္တလေးဈေးချိုနှင့်ဈေးအသီးသီးမှ လုပ်ငန်းရှင်များ၊ အောင်မြင်သူအုပ်စုကုမ္ပဏီနှင့် ဆက်နွယ်အားပေးပါသော Supplier များနှင့် Customer များ၊ ကြင်းတော်ယန်ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌ ဦးစိန်မြင့်၊ ဒုဥက္ကဋ္ဌ ဦးဖြူဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဧည့်ခံကြိုဆိုနေရာချထားပေးပါသော အမျိုးသမီးအဖွဲ့များ၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော ဂျူးဂျူးကေ၊ နန်နီကေ၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မချိုမြရည်၊ မမြဝတ်ရည်၊ မသက်စုလွင်၊ မကံ့ကော်၊ မဆုလဲ့ရတနာ၊ မခိုင်လင်းလင်းထက်၊ ဒုတိယပိုင်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြပါသော သရုပ်ဆောင် ဇေယျာနှင့်ကိုဇော်ဇော်အောင် (အောင်မြင်သူ)၊ မိတ်ကပ်ဆံပင် မေဦး၊ မင်္ဂလာဝတ်စုံဒီဇိုင်နာကောင်းမြတ်နှင့် မေတ္တာဖြင့်မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော ကိုသန့်ထူးမြတ်နှင့် မစုမြတ်အောင် (Silk & Style)၊ လက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဦးအောင်နှင့်အန်တီဝေ (Great Diamond)၊ မေတ္တာဖြင့် သီချင်းများ လက်ဖွဲ့သီဆို ပေးပါသော နိုင်ငံကျော်အဆိုတော်လင်းလင်းနှင့် Dream Lover အဖွဲ့သားများ၊ ဓာတ်ပုံဗီဒီယို အလှဘဏ်၊ မီးအလှဆင်နွေငြိမ်း၊ LED ဇာနည် အီလက်ထရွန်နစ်၊ ပန်းအလှဆင် အန်တီနီလာ (Eternal Floral)၊ မင်္ဂလာပွဲတစ်ခုလုံးအား အစစအဆင်ပြေချောမွေ့အောင် စိတ်ရှည်လက်ရှည် ကူညီပေးကြပါသော အောင်မြင်သူအုပ်စုကုမ္ပဏီလက်အောက်ရှိ ဝန်ထမ်းများအားလုံး၊ ကပြဖျော်ဖြေဧည့်ခံပေးပါသော တော်ဝင်မြန်မာကျောင်းနှင့် ယူနန်ဘုံကျောင်းမှ အကအဖွဲ့များ၊ မင်္ဂလာပွဲတစ်ခုလုံးအား လိုလေသေးမရှိ မေတ္တာဖြင့် စီစဉ်ဆောင်ရွက်ပေးပါသော အန်တီဒေါ်မြတ်မြတ်ဦးနှင့် ဦးချိုကြီး (Royal Stars Event Planner Group)၊ အစားအသောက်များနှင့် တည်ခင်းဧည့်ခံပေးပါသော Rainbow မှ ဝန်ထမ်းများနှင့် ကြင်းတော်ယန်မှ ဝန်ထမ်းများအားလုံး၊ ရပ်ဝေးရပ်နီးမှ တက်ရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေသူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လက်ဆောင်ပစ္စည်းများပေးပို့ကြသော မိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူး အထူးပင်တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘညီအစ်ကိုမောင်နှမများနှင့်
မောင်လှမျိုး-မခင်ကျော်ကျော်ဆင့်

မွေးနေ့မင်္ဂလာဆုတောင်း

ဦးသန်းမြင့် (MD TOSTA GROUP LTD. & MD HIGH RISE CONSTRUCTION GROUP LTD.)၏ ၂၁-၃-၂၀၁၄ရက် (သောကြာနေ့)တွင် ကျရောက်သော မင်္ဂလာရှိသော မွေးနေ့တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ နှစ်(၁၀၀)တိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဇနီး - **ဒေါ်မြင့်**
သမီးများ - **တင်တင်သန်း-ခင်မောင်တင်**
အေးအေးသန်း-Capt.စံသိန်း (M.D, Glory Success Co.,Ltd.)
မြင့်မြင့်သန်း-ခင်မောင်အေး
မြေးများ - **မြတ်သက်နိုင်(ခ)**KAVETHA THAIN (Grade-12, ISM)
ကောင်းဇော်ဟန်(ခ)PRABHU NANDAN (Grade-9, ISM)
သက်နေဟိန်း(ခ)GOVINDA KRISHANA (Grade-5, ISM)
သန့်နေဟိန်း(ခ)GOPALA KRISHANA (LIGHT HOUSE)

(၁၅)နှစ်မြောက် မင်္ဂလာဆုတောင်း

(ဦး)ဦးဝင်းဗိုလ် ဒု-လ/ထ စက်ရုံမှူး-(အန်တီခိုင်) ဒေါ်ခိုင်ဆင့်ဝင်း ဒု-လ/ထ စက်ရုံမှူး အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)တို့၏ ၂၁-၃-၂၀၁၄ရက်တွင် ကျရောက်သော (၁၅)နှစ်မြောက် မင်္ဂလာနေ့မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုများတိုင်အောင် တစ်ဦးတည်းသောညီမလေး ဝင့်နန္ဒာဗိုလ်(ချစ်သဲ) G rade -8(A) အထက -၂၊ ကမာရွတ်နှင့်အတူ သာယာချမ်းမြေ့သောမိသားစုဘဝလေးကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

တူ/တူမလေး - ဒေါက်တာ အောင်ခိုင်စည် လ/ထ ဆရာဝန်-ဒေါက်တာခင်စုလွင် လ/ထ ဆရာဝန်
ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံ
တူလေး - မောင်မျိုးမင်းခန့် 2nd M.B (ဆေးတက္ကသိုလ်-၁)ရန်ကုန်

ရောင်းမည်

PENTHOUSE 9th FL (48'-73') sqft 3504
1 MBR, 1-BR, Lift
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၈၉၉၄၅၊ ၀၉-၅၁၆၀၇၇၈

အမည်ပြောင်း

အမက(၁၃) ရွှေပြည်သာမြို့နယ်၊ စတုတ္ထတန်း(ခ)မှ ဦးသော်တာဆွေ၏သား မောင်အဲဆိုင်းမွန်အား မောင်မင်းရဲမွန်ဟု ခေါ်ပါရန်။

မောင်မင်းရဲမွန်

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၈၉၈၊ မြေကွက်တည်နေရာအမှတ် ၈၉၈၊ သုဇာတာလမ်းမ၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးလှမောင် ၁၂/ဥကမ(နိုင်)၀၂၅၀၀၃၊ ဦးစိုးဝင်း ၁၂/ဥကမ(နိုင်)၀၄၈၃၅၂၊ ဦးအောင်မြင့် ၁၂/ဥကမ(နိုင်)၀၄၅၂၈၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှမောင်(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် ၎င်း၏အစုကို ဦးစိုး ၁၂/ဥကမ(နိုင်)၀၉၈၅၀၆ မှ ညီအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေဆုံးကြောင်း အထောက်အထားများတင်ပြ၍ ၎င်းနှင့်ဦးစိုးဝင်း၊ ဦးအောင်မြင့်တို့ကိုယ်စား အထွေထွေကိုယ်စားလှယ်စာ ၂၃၀၆၇(၁၄-၁၂-၂၀၁၁)၊ ၂၃၈၂၃(၂၁-၁၂-၂၀၁၁)နှင့် ၂၃၃၈၅(၁၆-၁၂-၂၀၁၁)ရသူ ဒေါ်သန္တာလှိုင် ၁၂/ဥကမ(နိုင်)၀၁၇၂၈၃ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၉၄/က၊ မြေကွက်တည်နေရာအမှတ် ၇၉၄/က၊ ၂၆လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှလှနွယ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှလှနွယ်နှင့် (ခင်ပွန်း) ဦးကြာယဉ်(ခ)ဦးစောကြာယဉ်တို့ ကွယ်လွန်သဖြင့် ဒေါ်မေမီပို ၁၂/ဥကတ(နိုင်)၀၈၇၇၁၆၊ ဦးခင်အောင်တိုး ၁၂/ဥကတ(နိုင်)၁၄၉၂၃၉၊ ဒေါ်မေမီချို ၁၂/ဥကတ(နိုင်)၀၈၁၃၆၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ထွေးထွေး၏သား မောင်နန်းဆက်(ဘ)ဦးမောင်မောင်သန်း ၅/ကလတ(နိုင်)၀၆၂၉၅၈သည် မိခင်ဆိုဆုံးမသည်ကို မနာခံဘဲ မိခင်ဖြစ်သူအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိဘအား ဆဲဆိုသည့်အဆင့်သို့ပင် ရောက်ရှိလာသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားသူ)	**(လွှဲအပ်ညွှန်ကြားချက်အရ)**
ဒေါ်ထွေးထွေး	**ဦးဇော်ဝင်း**
၅/ကလတ(နိုင်)၀၇၂၈၂၂	**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၅၆)**
	အမက (၁၄)၊ ကျောင်းဝင်းအတွင်း
	ဟော်ကုန်းရပ်၊ ရကက (၃)
	ပြင်ဦးလွင်မြို့

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ် ၁၉/ဃ၊ ၁အေ၁၊ ဧရိယာ ၀ ဒသမ ၀၉၅၆ ဧကရှိ မြေပိုင်မြေ(လန/၃၉ ရပြီး)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဉ္ဇူလမ်းသွယ်(၂)၊ အမှတ်(၄၂/ခ)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သိန်းသိန်းတော်(ခ)ဒေါ်သိန်းသိန်းခိုင် [၁၂/ရကန(နိုင်)၀၂၉၅၇၃၂+၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း (စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/A)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၅၅၇၈၅၅၊ ၀၉-၅၀၅၅၂၂၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၅၃၄၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေအမျိုးအစား ပါမစ်မြေဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဦးတင်ဝင်း V/RGN-000467 မှ အမည်ပေါက်၍ ၎င်းထံမှ ဦးသီဟဝင်းထက် ၁၂/ရကန(နိုင်)၀၆၉၁၀၀ က အစဉ်အဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ငွေငွေဝင်း LL.B, D.I.L, LCCI (UK) **အထက်တန်းရှေ့နေ**
အမှတ် ၁၃၆/၁၃၈၊ လေးလွှာ၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၄၂၀၁၃၉၄၄

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မြင်းခြံခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၄

ဦးအောင်ကျော်ဆွေ **နှင့်** ၁။ ဒေါ်ကြည်ညွန့်

၂။ ဒေါ်ခင်အုန်းမြင့်

တရားလို **တရားပြိုင်များ**

ဒေါ်ခင်အုန်းမြင့် တိုက်အမှတ် ၁၃၈၊ အမှတ်(၈)ရပ်ကွက်၊ မြင်းခြံမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဦးအောင်ကျော်ဆွေက **တရားပြိုင်များလိမ်လည်ရယူထားသည့် မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၃/၂၀၀၉ ၏ ၂၃-၁၂-၂၀၁၀ ရက် ချမှတ်သည့် ဒီကရီကို ပယ်ဖျက်ပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါသည်ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၃ရက် (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ဌေးဝင်း)
ဒုတိယခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေကျင်မြို့နယ်တရားရုံးတော်၌ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်ခင်စန်းယု **နှင့်**	၁။ ဦးဝင်းမြိုင်	၅။ ဦးသောင်း
ရှမ်းကြေးရပ်ကွက်	၂။ ဦးဇော်မိုးဝင်း	၆။ ဦးဖိုးဝ
ရွှေကျင်မြို့။	၃။ ဦးဖိုးရဲ	၇။ ဦးဘော်သူ
	၄။ ဦးသောင်းရွှေ	၈။ ကိုဖိုးကုလား

တရားလို **တရားပြိုင်များ**

၈။ တရားပြိုင်ကိုဖိုးကုလား၊ ရုံးတိုင်းကျေးရွာ၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။။

သင်အပေါ်၌ တရားလိုဒေါ်ခင်စန်းယုက တရားလိုပိုင်သော ဥယျာဉ်ခြံထဲသို့ ကျူးကျော်၍ ရော်ဘာပင်များ ခုတ်လှဲဖျက်ဆီးခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးနစ်နာမှုတန်ဖိုး စုစုပေါင်း ကျပ်သိန်းတစ်ရာရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၂၈ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကံမြင့်)
မြို့နယ်တရားသူကြီး
ရွှေကျင်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ထားဝယ်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၆

၁။ ဒေါ်ခိုင်လှလှဦး	**နှင့်**	ဒေါ်ခင်ဝင်း
၂။ ဦးတင်အောင်		ဒေါ်ခင်ဝင်း၏အခွင့်ရ
၃။ ဦးသန်းထိုက်		ကိုယ်စားလှယ်များ-
		၁။ မသီတာမျိုး
		၂။ ဦးမျိုးသန်းဦး
		၃။ ဦးမျိုးမြင့်

တရားလိုများ **တရားပြိုင်များ**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ် ၁၁၂နေ ဦးမျိုးသန်းဦး၊ ဦးမျိုးမြင့် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက စံငွေရမ်းခနှုန်းဖြင့် အိမ်ခန်းလခရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၃၁ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းလင်း
မြို့နယ်တရားသူကြီး
ထားဝယ်မြို့နယ်တရားရုံး

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၆၄

ကွယ်လွန်သူ ဦးစံနှင့် ဒေါ်ကြင်အေး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အမှတ် ၁၃၆၊ တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်၊ တာမွေမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးစံနှင့် ဒေါ်ကြင်အေး၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်ဝင်းနှင့်ဒေါ်သုသုစံတို့က အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဧပြီ ၂ရက် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၃ရက်) ၁၀း၀၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစံနှင့် ဒေါ်ကြင်အေး၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ် ဧပြီ ၂ရက် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၃ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်တင်ဝင်းနှင့် ဒေါ်သုသုစံတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် မတ် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီ)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အထွေထွေကိုယ်စားလှယ်စာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အရပ်တိုက်တွင် နေထိုင်သူ ဒေါ်ချစ်ချစ်စု(ခ)ဒေါ်ခင်ဝေ ၁၃/ကလန(နိုင်)၁၁၀၁၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဒေါ်ချစ်ချစ်စု(ခ)ဒေါ်ခင်ဝေ ၁၃/ကလန(နိုင်)၁၁၀၁၂၄ သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ မိုးမခနေအိမ်တွင်နေထိုင်သူ ဦးအောင်ရွှေ ၁၃/ကလန(နိုင်)၀၁၃၂၄၆ အား ကလောမြို့ ကြေးတိုင်နှင့် မြေစာရင်းဌာန၌ ၈-၁၀-၂၀၁၃ရက်တွင် စာချုပ်အမှတ် ၃၀၀ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခဲ့ပါသည်။ ထိုအထွေထွေကိုယ်စားလှယ်လွှဲစာ (General-Power) အား ကျွန်ုပ်တို့အမှုသည်မှ ယနေ့ကြော်ငြာပါရှိသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။ နောက်နောင် ဦးအောင်ရွှေ အနေဖြင့် ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာ (General-Power)ဖြင့် ဆောင်ရွက်ခဲ့ပါက ကိစ္စအားလုံးကို ကျွန်ုပ်၏အမှုသည်မှ တာဝန်ယူမည်မဟုတ်ပါ။ ကျွန်ုပ်တို့အမှုသည်နေထိုင်လျက်ရှိသော အိမ်နှင့်မြေ၏ဂရန်မှာလည်း ဦးအောင်ရွှေ လက်ဝယ်ရှိနေကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေငှားဂရန်နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ(General-Power)တို့ လက်ဝယ်ရှိသူ ဦးအောင်ရွှေအနေဖြင့် ကျွန်ုပ်တို့အမှုသည်မသိရှိဘဲ ဆောင်ရွက်ထားချက်တစ်စုံတစ်ရာရှိပါက ကျွန်ုပ်တို့အမှုသည်မှ လုံးဝတာဝန်ယူမည် မဟုတ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှဲ့လှဲ့ဝင်း LL.B	**ဒေါ်ခင်နှင်းဖြူ LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၄၁)	**အထက်တန်းရှေ့နေ (စဉ်-၃၄၉၂၂)**
အမှတ် ၁၀/၁၇၉၊ ၁၀ရပ်ကွက်၊	**၃/၁၆၁၊ ကလောမြို့၊**
ဥမင်လမ်း၊ ကလောမြို့	**ဖုန်း-၀၉-၄၂၈၃၄၉၄၃၂**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/အီး၊ မြေကွက်အမှတ် ၁၀၂စီ/၅၀၊ ဧရိယာ ၀ဒသမ၀၃၁ဧက၊ မြေကွက်တည်နေရာအမှတ် ၅၀၊ အောင်မင်းခေါင်(၁)လမ်း၊ ကမာရွတ်မြို့နယ် မြေပိုင်မြေအမည်ပေါက် ဦးကြည်အေး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၅၉/၁၂-၁၂-၂၀၁၁ဖြင့် ရရှိသူ ဒေါ်သန်းသန်းမြင့်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၂၉၇၊ မြေကွက် တည်နေရာအမှတ် ၂၉၇၊ သန္တာ ၇လမ်း၊ (၄)ရပ်ကွက်၊ ဦးစိန်ထွန်း အယ်လ်အက်စ်အန် ၄၀၆၆၀၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးစိန်ထွန်း ကွယ်လွန်သဖြင့် ဒေါ်မြစိန် ၁၂/ဥကမ(နိုင်)၀၁၂၄၁၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၂၃/၅၊ မြေကွက်တည်နေရာအမှတ် (၂၃/၅)၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ် ဦးစံနီသွင် ၁၂/လမတ(နိုင်)၀၀၅၁၇၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံနီသွင်ထံမှ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၉၀၃/၂၀၀၅၊ တရားမဇာရီမှုအမှတ် ၁၀၃/၂၀၁၁ အရ ၂၀-၈-၂၀၁၃ ရက်စွဲပါ ရောင်းချခြင်းအမိန့်တို့ဖြင့် ဝယ်ယူထားသူ (၁) ဒေါ်မေခင် ၁၂/သဃက(နိုင်)၀၃၃၃၉၁၊ (၂) ဒေါ်အေးအေး(ခ)မာလာမြင့် ၁၂/လမတ(နိုင်)၀၀၈၂၅၄ တို့က အမည်ပြောင်းရန်နှင့် ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊မြေကွက်အမှတ် ၃၀၅၊ မြေကွက်တည်နေရာအမှတ် ၃၀၅/၈ ရပ်ကွက်၊ မြနန္ဒာလမ်း၊ သာကေတမြို့နယ် ဦးဘတိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘတိုး(ဖခင်) နှင့်ဒေါ်စိန်နက်(မိခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁) ဒေါ်မြင့်မြင့်ချို ၁၂/သကတ(နိုင်)၀၅၄၉၅၄၊ (၂) ဦးခင်မောင်ညို ၁၂/သကတ(နိုင်)၀၈၆၃၃၅၊ (၃)ဦးသန်းအေး (ခ) သန်းဝင်း ၁၂/သကတ(နိုင်)၀၈၈၈၇၀ တို့က သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၁၉၇၇၊ မြေကွက်တည်နေရာအမှတ် ၁၉၇၇၊ ၁၄၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးခင်သောင်း ၁၂/မဂဒ(နိုင်) ၀၁၂၄၅၄ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးခင်သောင်းမှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် -ဠ၊ မြေကွက်အမှတ် ၆၅၊ မြေကွက် တည်နေရာအမှတ် (၆၅)၊ ခွာညိုလမ်း၊(ဠ)ရပ်ကွက်၊ ဦးခင်ဝင်း စီဘီ-၀၂၈၄၅၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(ဖခင်) ဦးခင်ဝင်း၊ (မိခင်) ဒေါ်ရှု့ရီ ကွယ်လွန်သဖြင့် ဒေါ်နန္ဒာခင်ဝင်း ၁၂/ဥကမ (နိုင်) ၂၀၉၆၇၁၊ ဒေါ်အဥ္ဇလီခင်ဝင်း ၁၂/ဥကမ(နိုင်) ၂၁၀၈၆၅တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးကျော်ဇောနိုင် (၃-၁-၁၉၅၀)-(၂၁-၃-၂၀၁၃)

ချစ်လှစွာသော ကြီး

လွန်ခဲ့သော မတ် ၂၁ ရက်မှစ၍ကျွန်မ၏နာရီများ ရပ်တန့်ခဲ့၊ ယနေ့တိုင်။

ဒါပေမယ့် သဘာဝယန္တရားကတော့ ပုံမှန်လည်ပတ်ဆဲ၊ ကာလပညတ်အရ တစ်နှစ်တဲ့။

ယနေ့ မတ် ၂၁ရက်တွင် မော်ဘီမြို့နယ်၊ မဟာဝိဟာရပရိယတ္တိစာသင်တိုက်၌ သံဃာတော်အပါး ၆၅၀အား အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါ၏။

ကြီး ကွယ်လွန်သည့်ရက်မှစ၍ နေ့စဉ် လစဉ် မိသားစုနှင့်တကွ မိတ်ဆွေများက ကြီးကို ရည်စူးပြုလုပ်သော လှူဒါန်းမှု၊ ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါ၏။

မြင့်မြတ်သောဘုံဘဝမှ ကြားသိ၍ သာဓုခေါ်နိုင်ပါစေ။

ကျွန်မနှင့်အတူ ချစ်ခင်ပွန်းအား လွမ်းဆွတ်တမ်းတကြသူများ၊ ယနေ့တိုင် မေတ္တာကရုဏာဖြင့် စောင့်ရှောက်ကြကုန်သော မိတ်ဆွေအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ကြီးနှင့်တကွ အားလုံး အမျှ၊ အမျှ၊ အမျှ…သာဓု၊ သာဓု၊ သာဓု

ချစ်ဇနီး တင်ဝင်းရည်

ဥပဒေပညာရှင် ဦးကျော်ဇောနိုင်သို့ တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

စောဒက

သံသရာဝဋ်အတွင်းမှာ
အိုခြင်း နာခြင်း သေခြင်း ဆိုတာ
ပြေးမလွတ်တဲ့ တရားလို့
မြတ်ရှင်စော ဟောကြားခဲ့တာကို
သိပါတယ်။
သိလျက်နှင့်ပင်
ကိုကျော်ဇောနိုင်တစ်ယောက်
ကသုတ်ကရက်၊ နှုတ်တောင်မဆက်ဘဲ
အလုပ်ခွင်က လက်တွဲဖြုတ်သွားတာကတော့
စောလွန်းပါတယ်လို့
စောဒကတက်မရလို့၊ အယူခံဝင်မရလို့၊
မခံချိမခံသာ၊ ရင်နာလှပါတယ်ကွယ်။

မမကြန်
(တစ်သက်တာစာပေဆုရှင်၊ အမျိုးသားစာပေဆုရှင်၊
သမိုင်းပညာရှင် ဆရာမကြီးဒေါ်ကြန်)

တစ်လပြည့်ဆွမ်းအလှူတော်ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ရတနာပုံရိပ်ငြိမ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယကဆရာတော် ဦးမာဃိန္ဒ(ပခုက္ကူ)အားရည်စူး၍ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် သံဃာတော်အရှင်သူမြတ်များအား တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ အထက်ပါကျောင်းတိုက်သို့ တပည့်ဒါယကာ ဒါယိကာမများအားလုံး ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တပည့် ဦးစန္ဒာသီရိနှင့်
ဒါယကာ ဒါယိကာမများ

မောင်ကျော်ဇံ (ခ) မောင်မောင်ချေ (စစ်တွေ)

အသက်(၄၈)နှစ်

အတ္တထက် ပရကြီးတဲ့ သူငယ်ချင်း
ဘယ်သူ့မှ မျက်နှာမငယ်ရအောင် ကူညီတတ်တဲ့
အချစ်ဆုံးသူငယ်ချင်း
March 17 Date ကို မလွန်ဆန်နိုင်ခဲ့ဘူး
လူတိုင်းသွားရမယ်ဆိုတာ သိပေမယ့်
သူငယ်ချင်းအတွက် စောလွန်းနေသေးတယ်
ဘယ်သူမှ မလွတ်ကင်းနိုင်တဲ့ သင်္ခါရအတွက်
တစ်နေ့နေ့မှာတော့ မင်းသွားတဲ့လမ်း ငါလည်းသွားရမှာပါ
မင်းလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေအတွက်
သူငယ်ချင်း
ကောင်းရာသုဂတိလားပါစေ-

ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/ခ B-၂၁၆၊ မြေကွက်တည်နေရာအမှတ် ၈၃၀၊ အောင်စေတီလမ်း၊ အင်းစိန်မြို့နယ်၊ ရွာမြေ အမည်ပေါက် ရွာမြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်မီမီချို ၁၂/တမန(နိုင်)၀၁၂၉၃၀က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/နောက်၊ မြေကွက်အမှတ်-၅၂၄/ခ၊ မြေကွက်တည်နေရာ အမှတ် ၅၂၄/ခ၊(၇)ဈေးလမ်း၊(၆)ရပ်ကွက်၊သာကေတမြို့နယ် ဦးထွန်းငွေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းငွေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စောနွဲ့ ၁၂/သကတ(နိုင်)၀၉၂၂၈၄က သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

၁၄-၃-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းလှိုင် (ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့)၏ရျာပနတွင် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲစွာပြီးပြည့်စုံအောင် မေတ္တာဖြင့်ကူညီပေးခဲ့ကြသည့် ဦးအုန်းမြင့် (ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့)နှင့်ဇနီး ဒေါ်စန်းစန်း၊ ဦးကြင်ဖေ(ဥက္ကဋ္ဌ၊ မွန်ပြည်နယ်လွှတ်တော်)နှင့်ဇနီး ဒေါ်ထားထားမြင့်၊ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းလှိုင်

ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့
အသက်(၆၅)နှစ်

မွန်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းလှိုင် အသက်(၆၅)နှစ်သည် ၁၄-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးချစ်လှ(ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊
ကယားပြည်နယ်အစိုးရအဖွဲ့)

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယရဲမှူးကြီးသန်းဆွေ

ဗိုလ်မှူး(ငြိမ်း)
O.T.S(71)

သူငယ်ချင်း ဒုတိယရဲမှူးကြီးသန်းဆွေသည် ၁၅-၃-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

O.T.S (71) မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းဝင်း(ခ) The L'mar Hla Shwe

အထက(၂)ပုဇွန်တောင် ကျောင်းသူဟောင်း
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ တိုက်အမှတ် ၄၃(ရှစ်လွှာ)၊ ၅၂လမ်းနေ ဦးထွန်းလှိုင်၏ဇနီး ဒေါ်သန်းသန်းဝင်း(ခ) The L'mar Hla Shwe သည် ၁၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း၊ ဆရာကန်တော့ပွဲတိုင်းတွင် သံဃာတော်များအား ကုသိုလ်ပြုရာ၌ တက်ကြွစွာ တာဝန်ယူခဲ့သည့်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

ဆရာ/ဆရာမ ဟောင်းများနှင့်
အထက(၂)ပုဇွန်တောင်
ကျောင်းသား/ကျောင်းသူဟောင်းများ

ဦးဌေးလှိုင်

အသက်(၆၂)နှစ်

အမှတ် ၃၃၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်တင်မှီ၏ခင်ပွန်း၊ Captain အောင်လှိုင်ဦး (Uniteam Marime Ltd.)-ဗိုလ်ကြီးခိုင်သင်းမွန်(ငြိမ်း)၊ ဒေါ်မြတ်စန္ဒာလှိုင်-ဦးဇော်လင်းတို့၏ဖခင်၊ မောင်ပိုင်ကောင်းခန့်၊ မောင်ဘုန်းပြည့်စုံဖြိုးတို့၏အဘိုး၊ (ဦးဌေးနိုင်)-ဒေါ်ခင်ခင်လေးတို့၏ညီသည် ၂၀-၃-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြရီ(ကျောက်တော်) B.Sc, B.Ed; H.GP

ကျောင်းအုပ် အထက၊ ပုဏ္ဏားကျွန်း
အသက်(၅၄)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးမောင်စိန်အောင်၊ ကျောင်းအုပ်ကြီး)-ဒေါ်သာမဖြူတို့၏သမီးကြီး၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စနဲကျေးရွာနေ (ဦးဘိုးတုတ်-ဒေါ်လုံးမေ)တို့၏သမီးချွေးမ၊ စကခ (၁၅)မှ ဒုအရာခံဗိုလ် ရုံးအုပ် ကျော်ရင်၏ဇနီး၊ မောင်သန်းစိုး၊ မောင်ကျော်ခိုင်စိုးတို့၏မိခင်၊ ဦးခင်ဝင်း(ဒုဦးစီးမြေစာရင်း၊ ရသေ့တောင်) - ဒေါ်ခင်စန်းဝင်း၊ ဦးသန်းထွန်း (မြန်မာ့ဆက်သွယ်ရေး) - ဒေါ်ခိုင်ရွှေ (အမက၊ ကျောက်တော်)၊ ဒုရဲမှူးအေးဝင်း(အမှတ် ၄၉၊ ယာဉ်ထိန်းတပ်ဖွဲ့စု)-ဒေါ်ခင်အေးမူ(လယ်/အုပ်)၊ နဂါးလေ ကျောက်ပန်းတောင်းမြို့၊ ဒုအရာခံဗိုလ် ရုံးအုပ် ဝင်းဘို(ရကတ)-ဒေါ်ခင်အေး(အလက-၂၊ ဗဟန်း)တို့၏အစ်မကြီး၊ မောင်ကျော်အေးခိုင် (4^{th} MMU)၊ မအိဘိုဘိုသွယ် (2^{nd} WYTU)၊ မောင်ဘိုဘိုသန့်ခိုင်၊ မဝင်းစုမြတ်၊ မောင်ဝင်းကို၊ မအေးသွယ်သွယ်ထွန်း၊ မောင်ဖြိုးနိုင်ထွန်းတို့၏အဒေါ်သည် ၁၈-၃-၂၀၁၄ရက် ညနေ ၆နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ချော်တွင်းကုန်းအိမ်ရာ၊ ကမ္ဘာအေးဘုရားလမ်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် အခန်း ၁၊ လိုင်း ၇၊ စည်သူလမ်း၊ ချော်တွင်းကုန်းအိမ်ရာ ကမ္ဘာအေးဘုရားလမ်း ဒုအရာခံဗိုလ်ဝင်းဘို နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်သန်းလွင်(ခ)ဒေါ်ခို (ပဲခူး)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၇၁၆နေ (ဦးထွန်းလွင်-ဒေါ်ချစ်)တို့၏သမီးကြီး၊ ပဲခူးမြို့နေ (ဦးလန်ဘား-ဒေါ်ကျင်မှုံ)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်)၏ဇနီး၊ ဦးလှလွင်-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်မေလွင်-(ဦးခင်အောင်)၊ ဒေါ်တင်မေပြုံး-ဒေါက်တာဦးကျော်ဝင်းတို့၏အစ်မကြီး၊ ဒေါ်စီစီ-ဦးစိုးသိန်း၊ ဦးဒေါနယ်(လ်)မောင်မောင်-ဒေါ်မာလာညွန့်၊ ဒေါ်ဒိုရင်းမောင်မောင်-ဦးခင်မောင်ရီ၊ ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်ရွှေ၊ ဒေါ်လုံးလုံးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၃-၂၀၁၄ရက်(အင်္ဂါနေ့) ည ၈း၅၅နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

မိခင်ကြီးအား အောက်မေ့ဝတ်ပြု အစည်းအဝေးကို ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှတင် (တကူကနာ၊ ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်း)

အသက်(၈၁)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ တကူကနာကျေးရွာနေ (ဦးချစ်မောင်-ဒေါ်စော)တို့၏သမီး၊ (ဦးပါငယ်-ဒေါ်ဖွားကြည်)တို့၏သမီးချွေးမ၊ အမှတ် ၃၃၊ ၁၉လမ်း၊လသာမြို့နယ်နေ(ဗိုလ်မှူးဖေအေး၊ တပ်မတော်-လေ)၏ဇနီး၊(ဦးအောင်သိန်း-ဒေါ်မရှိန်၊ ဘုရင်မအလှပြင်ဆိုင်၊ မော်လမြိုင်)၊ (ဦးငြိမ်း-ဒေါ်သောင်းမြ၊ ရွှေပန်းထိမ်)၊ [ဗိုလ်ကြီးအုန်းကျော်(တပ်မတော်-လေ)-ဒေါ်ပု၊ မင်္ဂလာဒုံဈေး]၊ [ဗိုလ်ကြီးသောင်းတင်(တပ်မတော်-လေ)-ဒေါ်သန်းကြည်၊ မိတ္ထီလာ]၊ (ဦးနီ)-ဒေါ်ထွန်းကြည်၊ ဘီလူးကျွန်း၊ ဦးအေးမြင့်-(ဒေါ်လှမွေး) မင်္ဂလာဒုံဈေးတို့၏ညီမ၊ ဦးကြည်ဆင့်-ဒေါ်ထွေးစိန်(ခေတ်လိုက်ပရိဘောဂ၊ပုဇွန်တောင်)၊ ဦးအောင်သန်း-ဒေါ်စန်းမိ(ကုန်သွယ်ရေး)တို့၏အစ်မ၊ တူ၊ တူမ ၄၄ယောက်တို့၏အဒေါ်သည် ၂၀-၃-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(၁၉လမ်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေမေတင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (O)၊ အခန်း(၂)နေ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း (ထောက်ပံ့နှင့်ပို့ဆောင်ရေး)၏ဇနီး၊ ဦးခင်အောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်ဝင့်ဝင့်ထွန်း(ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)တို့၏မိခင်ကြီး ဒေါ်မေမေတင်သည် ၁၇-၃-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ငါးလုပ်ငန်းဦးစီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နီ (ရွှေမြင့်မိုရ် မိုးကုတ်ယောဂီ)

အသက်(၇၂)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ပေါက်တောကျေးရွာနေ (ဦးအောင်ညွန့်-ဒေါ်တင်မေ)တို့၏သမီး၊(ဦးကျော်မောင်-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ ဖလမ်း၊ အမှတ် ၅၁၃/၅၁၄နေ ဦးဌေး၏ဇနီး၊ ဦးချမ်းငြိမ်း၊ ဦးထွန်းထွန်းသိန်း-ဒေါ်သီတာငြိမ်း၊ ဦးဝင်းဟန်-ဒေါ်ချောစုစုငြိမ်း၊ ဦးသန်းဆောင်-ဒေါ်မြတ်စုငြိမ်းတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွား၊ ဦးသန်းအေး-ဒေါ်ကြည်မြင့်၊ (ဦးအောင်ဝင်း)၊ ဒေါ်ခင်စန်းကြွယ်၊ ဦးစိုးပိုင်-ဒေါ်မြမြစန်းတို့၏အစ်မကြီးသည် ၁၉-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက် (သောကြာနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နီ (ရွှေမြင့်မိုရ် မိုးကုတ်ယောဂီ)

အသက်(၇၂)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ပေါက်တောကျေးရွာနေ (ဦးအောင်ညွန့်-ဒေါ်တင်မေ)တို့၏သမီး၊ ဦးဌေး၏ဇနီး၊ ဒေါ်တိုးရင်၏ညီမ၊ ဦးမောင်ဝင်း-(ဒေါ်မြင့်အေး)၊ ဦးမောင်မောင်ဝင်း-ဒေါ်လှရီ(ခ)ဒေါ်ဇူး၊ ဒေါ်လှသီ(ခ)ဒေါ်ခြူး၊ ဦးစိုးတင့်-(ဒေါ်သန်းနု)တို့၏အစ်မသည် ၁၉-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်မင်းသိမ်း(ငြိမ်း) - ဒေါ်ကော့နူးတို့၏ ကျေးဇူးရှင်မိခင် ဒေါ်ဒွမ်ဒေါ့ရွှယ်ဂျီသည် ၁၈-၃-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ
သူငယ်ချင်းများ

ကိုစောမြတ်အောင်

(စစ်တွေမြို့)
အသက်(၃၆)နှစ်

အိုးတန်းရပ်ကွက်၊ ကန ၁၇၀နေ (ဦးမောင်စောရွှေ)-ဒေါ်မအေးရွှေတို့၏သား၊ ဦးစောမြတ်ဦး-ဒေါ်နုနုရီတို့၏ညီ၊ ဒေါ်စောသန္တာ-ဦးမောင်မောင်ထွန်းသန်း(ခ)မောင်လေးတို့၏မောင်၊ ဒေါ်စောဝင်းနွယ် - ဦးသိန်းကျော်လင်း၊ မစောတင့်နွယ်တို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၁၉-၃-၂၀၁၄ရက် ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် အာဂိုတ်တော်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးချစ်ရီ

အသက်(၆၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ချောင်းဝရွာနေ ဦးစံပဲ-ဒေါ်ကြည်ငွေတို့၏သား၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ကိုတင်ဌေး-မစုစုခိုင်၊ မနုနုခိုင်၊ မောင်ဇေယျာဝင်းတို့၏ဖခင်သည် ၁၉-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့် (ဝါးခယ်မ)

အသက်(၈၉)နှစ်

ဝါးခယ်မနေ သခင်လူမင်း-ဒေါ်ပုတို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းကျောင်းလမ်း၊ ခြံအမှတ် ၅၊ မရမ်းကုန်းမြို့နယ်နေ (ဦးဝင်း)၏ဇနီး၊ ဦးအေးနိုင်အောင်-Joyce Kimi၊ ဦးအောင်ဟိန်း-ဒေါ်အေးအေးနိုင်တို့၏မိခင်၊ မောင်ရန်အေး၊ မောင်သက်စံတို့၏အဘွားသည် ၂၀-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြရီ (ဟင်္သာတ)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၈၊ ထီးတန်းဈေးကလေး၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘိုးသာ-ဒေါ်အေးသင်)တို့၏ သမီး၊ (ဦးစန်းမြင့်)၏ဇနီး၊ (ဦးကြင်မောင်-ဒေါ်ခင်တင့်)၊ (ဦးထွေးမောင်-ဒေါ်မြသွင်)၊ (ဒေါ်မြမှင်)၊ (ဒေါ်ကြည်အေး)၊ (ဒေါ်ကြည်ထွေး)တို့၏ ညီမ၊ အစ်မ၊ ဗိုလ်ကြီးတင်ထွတ်(ငြိမ်း)-ဒေါ်ခင်သန်းဌေး(ကစလ၊ ငြိမ်း)၊ ဦးစိုးမြင့်အောင် (FMI Star City) တို့၏မိခင်၊ ဒေါ်ကြည်ကြည်ဝင်း-(ဦးသိန်းလှိုင်)၊ဦးမြင့်ဆွေ-ဒေါ်ကြည်ကြည်ငြိမ်း၊ ဒေါ်ခင်ဝင်းမြင့်-ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)၊ ဦးမျိုးခိုင်-ဒေါ်ခင်ခင်ဦး၊ ဦးအောင်မြင့်သန်း-ဒေါ်ကြူကြူရှိန်တို့၏အဒေါ်၊ ကိုပြည့်ဖြိုးအောင် (Keppel Singapore) ၏ ဘွားဘွားကြီးသည် ၁၉-၃-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသန်းဖေ

B.E, Mechanical (1965-71)
မာန်အောင်မြို့
အသက်(၇၁)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ဦးဥတ္တမလမ်း (ဦးမောင်နီထွန်း-ဒေါ်သဲစိန်)တို့၏သား၊ ဖျာပုံမြို့နေ (ဦးဘခင်-ဒေါ်သိန်းခင်)တို့၏ သားသမက်၊ (ဦးထွန်းရင်)-ဒေါ်သန်းတင်၊ ဦးဘကြည်-ဒေါ်သန်းရှင်၊ ဦးထွေးဖြူ-ဒေါ်ခင်ခင်သန်းတို့၏မောင်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ၃၁ လမ်း၊ အမှတ် ၄၉/၅၁၊ ဒုတိယထပ်နေ ဒေါ်ကြည်ကြည်အောင်(ဘဏ္ဍာရေးဌာန၊ စက်မှု-၁၊ ငြိမ်း)၏ခင်ပွန်း၊ မပွင့်သဇင်ဖေ(ခ)မေဖူးပိုင်၏ဖခင်၊ တူ/တူမ ၂၇ယောက်တို့၏ဦးလေးသည် ၁၉-၃-၂၀၁၄ရက် ည ၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၄ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဖေ (မာန်အောင်)

အသက်(၇၁)နှစ်

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန် အသင်းဝင် ဦးသန်းဖေသည် ၁၉-၃-၂၀၁၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများနှင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေး အကြောင်းကြားအပ်ပါသည်။ (တိုက် ၄၉/၅၁၊ ၃၁လမ်း အောက်ဘလောက်၊ ဒုတိယထပ်ရှိနေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
အမှုဆောင်ကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ် ပြားကြီးကျေးရွာ၊
ပြားကြီးကျောင်းဆရာတော်

ဘဒ္ဒန္တကုဏ္ဍာစာရ မဟာထေရ်

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ပြားကြီးကျေးရွာ၊ ပြားကြီးကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တကုဏ္ဍာစာရ မထေရ်မြတ်သည် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၅ရက်) ၂၀-၃-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (ရျာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ
ပြားကြီးကျေးရွာ၊ ရမ်းဗြဲမြို့နယ်

ဒေါ်အုံးကြည် (ဗဟန်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးလူကလေး-ဒေါ်မြသီ)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်စိန်ယဉ်)၊ (ဒေါ်သန်းကြည်-ဗိုလ်ကြီးခင်မောင်လှ)တို့၏ညီမ၊ ဦးစန်းမြင့်-ဒေါ်လှလှသန်းတို့၏အစ်မသည် ၂၀-၃-၂၀၁၄ရက် (ကြာသပတေးနေ) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးချစ်ဆွေ (ပန်းတနော်)

အသက်(၈၂)နှစ်

ပန်းတနော်မြို့နေ (ဦးဖိုးညွှန့်-ဒေါ်သင်းကြွေ)၏သား၊ (ဦးအေးမောင်-ဒေါ်သိန်းချစ်)၏သားသမက်၊ ဒေါ်လှမြိုင်၏ခင်ပွန်း၊ ဒေါ်မြသန်း(ဒေါ်မြသန်းနှင့်ညီမများ၊ မြတ်မဥ္ဇူပါတိတ်၊ မင်္ဂလာဈေး)၊ ဦးသန်းအေး-ဒေါ်စန်းရီ၊ ဦးသန်းလွင်-ဒေါ်အေးသိန်း၊ ဒေါ်မြဝင်း၊ ဒေါ်ခင်စန်းဝင်းတို့၏အစ်ကို၊ ကိုဇော်ဇော်၊ မမီမီခိုင်၊ မမီမီလှိုင်တို့၏ဖခင်သည် ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ် ၃၀နေအိမ်၌ ၁၉-၃-၂၀၁၄ရက် ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ပန်းတနော်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးအံ့ကြည် (ဟင်္သာတ)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး
အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၁၄-အေ၊ ရွှေပင်လုံအိမ်ရာနေ(ဦးကြီးရား-ဒေါ်ငြိမ်းရင်)တို့၏သား၊ (ဆရာကြီးဦးခို-ဒေါ်ငွေစိန်)တို့၏သားသမက်၊ (ဦးလှရွှေ-ဒေါ်မြမြခင်)၊ ဒေါ်ခင်ဆွေ၊ (ဒေါ်ခင်သောင်း)၊ (ဒေါ်လှမြတ်ကြည်)တို့၏အစ်ကို၊ ဒေါ်တင်တင်ဝင်း(မန်နေဂျာ၊ ငြိမ်း၊ စား/ဖျော်)၏ခင်ပွန်း၊ ဦးဖြိုးထွန်းအောင်(Singapare)-ဒေါ်လွင်မူယာဦး၊ ဦးညီထွန်းအောင်-ဒေါ်ဇာဇာမြင့်၊ ဒေါက်တာညီထွန်းနိုင်(USA)-ဒေါက်တာဖြူအေးဟန်(USA)တို့၏ဖခင်၊ မောင်လွင်ဖြိုးအောင်၏အဘိုးသည် ၂၀-၃-၂၀၁၄ရက် နံနက် ၇း၄၅နာရီတွင် ပင်လုံးဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှလှဝင်း(ခ)ဒေါ်ငုတ်အွယ်

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၁၊ ကံ့ကော်ရိပ်သာ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်နေ (ဦးအလင်း-ဒေါ်ထွေးတင်)တို့၏သမီး၊ (ဦးအရွှေ-ဒေါ်ငွေမြ)တို့၏သမီးချွေးမ၊ (ဦးမြင့်လွင်၊ ဂါတ်ဗိုလ်ကြီး၊ ငြိမ်း၊ မြန်မာ့မီးရထား)၏ဇနီး၊ (ဦးတင်အောင်)၊ ဒေါ်စန်းမြင့်(လ/ပြ၊ အလက-၂၊ မင်္ဂလာဒုံ)၏အစ်မ၊ ကိုသက်ထွန်း(B.Sc, Phys)-မမြမြအေး(B.Com)၊ ကိုချစ်ဦး(B.Sc, Forestry) (သစ်တောဦးစီး၊ မန္တလေးတိုင်းဒေသကြီး)-မစိုးစိုးသောင်း(B.A)၊ ကိုအောင်လွင် (B.E, Mech-1995)၊ ကိုမျိုးမြင့်သိန်း(B.A, Hist)-မရွှေလီရင်(B.Sc,Bot) (မိုးမြင့်ကြယ်သင်္ဘောအုပ်စုနှင့်ကုန်စည်ပို့ဆောင်ရေး)၊ မညိမ်းညိမ်းအေး၊ ကိုအောင်မင်းသူ(B.A, Hist)(မိုးမြင့်ကြယ် သဲကျောက်ရောင်းဝယ်ရေး)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၉-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာညွန့်ညွန့်အေး(ခ)နီးနီး (စလင်း/မကွေး)

ကထိက ဌာနမှူး၊ ဥပဒေပညာဌာန၊ ပင်လုံတက္ကသိုလ်
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊စမ်းချောင်းလမ်း၊ အမှတ် ၇၂၊ ခြောက်လွှာ(A)နေ ဦးသန်းရှိန်(ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ခင်နုနုဝေတို့၏သမီး၊ ဒေါက်တာကိုကိုဦး(UN)-ဒေါ်နန်းဆိုင်ဟွမ်(AZG)၊ ဒေါ်ချိုချိုဖူး(ရိုးမဘဏ်၊ လမ်းမတော်ဘဏ်ခွဲ)၊ ဦးညီညီဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီး)-ဒေါ်ချစ်ချစ်သက်၊ ဒေါ်လွင်လွင်ဌေး(မြို့နယ်တရားသူကြီး၊ ဟိုပုံး)၊ ဦးနိုင်ဝင်းကို (Multigate Co.,Ltd.)-ဒေါ်သက်သက်အေး(အထက-၃၊ စမ်းချောင်း)၊ ဒေါ်ခင်သီတာရှိန်(စာရင်းစစ်မှူး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့၏ညီမ၊ ဦးနောင်ဆန်းလင်း(Kansai Electric Power Co.,Inc)-ဒေါ်ခိုင်မြတ်သူ၊ ဒေါ်ဖြူဖြူရှိန်(REM Co.,Ltd.)တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၁၉-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၂၀နာရီတွင် လှိုင်လင်ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာညွန့်ညွန့်အေး

ကထိက၊ ဥပဒေပညာဌာန၊ ပင်လုံတက္ကသိုလ်
အသက်(၄၄)နှစ်

မကွေးတက္ကသိုလ်၊ ဥပဒေပညာဌာနတွင် (၁၀)နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာညွန့်ညွန့်အေးသည် ၁၉-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဒေါ်ခင်ညိုနှင့် ဥပဒေပညာမိသားစု
မကွေးတက္ကသိုလ်

ပြည်သူ့လွှတ်တော် အစည်းအဝေး
လွှတ်တော်ကိုယ်စားလှယ် လစ်လပ်မဲဆန္ဒနယ် ၃၀ ရှိ၍ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်ရှိ
စာမျက်နှာ-၇

အမျိုးသားလွှတ်တော် အစည်းအဝေး
မွေးရာပါနိုင်ငံသားနှင့်ဥပဒေအရ နိုင်ငံသားပြုခွင့်ရသူတို့သာ နိုင်ငံသားဖြစ်ထိုက်သည်ကို စိစစ်လေ့လာတွေ့ရှိ
စာမျက်နှာ-၇

ယနေ့ မာတိကာ

ယူကရိန်းအရေး ရုရှားနှင့် စစ်ဖြစ်မည်မဟုတ်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားပြောကြား
စာ ၄

အဝိကအကြောင်းအရာကြီး လေးခုကို ဆွေးနွေးကြပါမယ်
ဆောင်းပါး
စာ ၆

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီမံကိန်းကာလအတွင်း လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် မတ် ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ် (၂) သံမဏိစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက စက်ရုံ၏ထုတ်လုပ်မှုဆိုင်ရာများအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထုတ်လုပ်မှုအရည်အသွေးကောင်းမွန်ရေး၊ *စာမျက်နှာ ၉ ကော်လံ ၁* ❁

နွေအပူဒဏ်ရှောင်၊ ပျော်ရွှင်စွာရေဆော့ကစား

နွေဦးကာလကို ချင်းနင်းဝင်ရောက်လာပြီဖြစ်သည့် မတ်လလယ်မှစတင်ကာ တာချီလိတ်မြို့နှင့်အနီးဝန်းကျင်ဒေသများတွင် နေ့အပူချိန်များ သိသိသာသာ တိုးမြင့်လာပြီဖြစ်ရာ တာချီလိတ်-မိုင်းဆတ် လမ်းမကြီးဘေး ပုန်းထွန်ရပ်ကွက်အနီးရှိ တောရိပ်တောင်ရိပ်ဖြင့် အေးမြသော နမ့်မယ်ဆိုင်ချောင်းအတွင်း အပူဒဏ် ရှောင်တိမ်းကြသူများမှာ မိသားစုအလိုက်၊ အပေါင်းအသင်းအစုအဖွဲ့လိုက် ပျော်ပွဲစားထွက်ရင်း၊ ပျော်ရွှင်စွာရေကစားနေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို မတ် ၂၀ ရက်က မြန်မာ့အလင်းသတင်းအဖွဲ့မှ ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါသည်။ **မောင်ယဉ်ကျေး**

ပျောက်ဆုံးလေယာဉ်အစိတ်အပိုင်း၏သဲလွန်စ ပတ်သ်မြို့အရှေ့တောင်ဘက် မိုင် ၁၅၀၀ ခန့်၌ တွေ့ရှိ

ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် ဂြိုဟ်တုမှတ်တမ်းအရ သြစတြေးလျ ကမ်းလွန်ပင်လယ်ပြင်၌ မျောပါနေသောအရာများမှာ ခိုင်မာသောသဲလွန်စဖြစ်ကြောင်း မလေးရှားအစိုးရက မှတ်ချက်ပြုခဲ့ပြီးနောက် ရှာဖွေရေးတွင်ပါဝင်သည့် လေယာဉ်၊ သင်္ဘောများမှာ မတ် ၂၀ ရက်က ဆိုးရွားသောရာသီဥတုကို အန်တုကာ ရှာဖွေရေးအရှိန်မြှင့်ခဲ့ကြသည်။

လွန်ခဲ့သော ၄ ရက်က ကမ္ဘာ့အဝေးဆုံးအပိုင်းမှ ဂြိုဟ်တုကတွေ့ရှိသော ကြီးမားသည့်အရာများမှာ ပျောက်ဆုံး လေယာဉ်ရှာဖွေရေး၌ စိတ်အချရဆုံး သဲလွန်စဖြစ်ကြောင်း၊ သို့သော် ယင်းအရာများမှာပျောက်ဆုံးလေယာဉ်၏ အစိတ်အပိုင်းများဖြစ်ကြောင်း၊ အတည်ပြုရန်မှာ ရက်ပေါင်းများစွာကြာမြင့်မှာဖြစ်ကြောင်း၊ မလေးရှားအစိုးရအနေဖြင့် ဖော်ပြပါသဲလွန်စများ တွေ့ရှိထားသည့်တိုင် နေရာ

ဘာသာပြန် ကျော်သဲအိမ်

အနှံ့ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းသဲလွန်စများ တွေ့ရှိသောနေရာမှာ သြစတြေးလျ အနောက်ဘက်ရှိ ပတ်သ်မြို့၏အရှေ့တောင်ဘက် မိုင် ၁၅၀၀ ခန့်အကွာ၌ဖြစ်ကြောင်း သိရသည်။

မလေးရှား ပို့ဆောင်ရေးဝန်ကြီး အီရှန်မုဒ္ဒင်ဟူစိန်က မိမိတို့အနေဖြင့် ခိုင်မာသော သဲလွန်စရရှိထားပြီးဖြစ်ရာ ရှာဖွေနယ်နိမိတ်ကို လျှော့ချတော့မည်ဖြစ်ကြောင်း၊ တွေ့ရှိသော သဲလွန်စကို ရှာဖွေဖော်ထုတ်ပြီး အတည်ပြုနိုင်ရန် အဆင့်ဆင့်လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း၊ သို့သော် လုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၄) ရက်သာ လိုတော့သည်



mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ မတ် ၂၁ ရက်။ သောကြာနေ့

Advertisement

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘိလပ်မြေများကို အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ (သရက်၊ ကြံခင်း၊ ကျောက်ဆည်)စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် ပုတ်ပြတ်နှုန်းထားများပေးပို့ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
အနုပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင်(ပထမ)နှစ် ပန်းတျာနှင့် ပန်းချီပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း)စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများတွင် စုံစမ်းမေးမြန်း၍ ၃၀-၄-၂၀၁၄ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

၁။	အနုပညာဦးစီးဌာန ရုံးအမှတ် ၃၅၊ နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၀၃၇
၂။	လေ့ကျင့်ရေးသုတေသနနှင့်ပြည်ပဆက်ဆံရေးဌာနခွဲ ရုံးအမှတ် ၃၅၊ နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၁၆၅ ဖုန်း-၀၆၇-၄၀၈၄၄၃
၃။	အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့	ဖုန်း-၀၁-၅၅၅၆၄၂ ဖုန်း-၀၁-၅၅၄၆၉၅
၄။	အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀×၂၁ လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့	ဖုန်း-၀၂-၆၁၁၆၉ ဖုန်း-၀၂-၆၁၁၇၀

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝင်းသူဇာအရောင်းဆိုင်(တောင်ဒဂုံနှင့် မကွေး)မှ လက်ကျန်ကုန်ပစ္စည်းများရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။	**ရောင်းချမည့်ပစ္စည်းအမည်**	-	ဝင်းသူဇာ(တောင်ဒဂုံ)၏ လက်ကျန်ပစ္စည်း(၆၇၇) မျိုးနှင့် ဝင်းသူဇာအရောင်းဆိုင် (မကွေး)၏ လက်ကျန်ပစ္စည်း (၂၇၉)မျိုး
၂။	**ဈေးနှုန်းအဆိုပြုလွှာများစတင် ရောင်းချမည့်ရက်**	-	၂၄-၃-၂၀၁၄ ရက်
၃။	**အဆိုပြုလွှာနောက်ဆုံးပေးသွင်း ရမည့်နေ့ရက်၊ အချိန်**	-	၈-၄-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီ
၄။	**တင်ဒါဖွင့်ဖောက်မှုဆောင်ရွက် မည့်နေ့ရက်၊ အချိန်**	-	၈-၄-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ
၅။	**အဆိုပြုလွှာတင်သွင်းရမည့်နေရာ**	-	စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)	- ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန	- ၀၆၇-၄၀၈၃၈၁





SPECIAL POWER OF ATTORNEY
ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်နေ ဦးမြစိန်(ဘ) ဦးတင် ၁၂/ကတန(နိုင်)၀၀၂၄၇၂ မှ လုပ်ပိုင်ခွင့်ရရှိထားသော ကျိုက္ကမော့တောင်ကွင်း လယ်ကွင်းအမှတ် ၆၁၈၊ ဦးပိုင်အမှတ် ၄၁၊ ဧရိယာ ၁ဒသမ၄၈ ဧကကို ဦးမြစိန်မှ ဦးလှဦး(ဘ)ဦးကစ်တနား ၁၂/ကတန(နိုင်)၀၇၂၇၄၇ အား Special Power ဖြင့် လွှဲအပ်ပေးထားပါသည်။ ယခုအခါ ဦးမြစိန်မှ လွှဲပြောင်းပေးထားသော ယင်း Special Power ကို ဦးလှဦးထံမှ ပြန်လည်ရုပ်သိမ်းပါသည်။



ဒေါ်ခင်မာမြ ၉/မခန(နိုင်)၀၀၆၉၆၃၆၊ ဒေါ်ခင်ချိုမြ(ခ)ဒေါ်ချိုချိုမြ ၁၂/ကမရ(နိုင်)၀၃၈၁၃၄၊ ဦးစိုးဝင်းမြ ၉/ညဥန(နိုင်)၀၁၇၁၉၂၊ ဒေါ်သီသီမြ ၁၂/ကမရ(နိုင်)၀၃၈၁၃၅ တို့နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၊ မြို့မကွက်သစ်ရပ်နေ ဦးဇော်ဝင်းမြ ၉/မရမ(နိုင်)၀၃၀၆၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်ဝင်းမြ၏ ညီအစ်ကိုမောင်နှမများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရပ်တွင် နေထိုင်ခဲ့သော ဦးမြမောင်(ကွယ်)၊ ဒေါ်သန်းသန်း(ကွယ်)တို့မှ သားသမီး (၅)ဦးဖြစ်သော (၁)ဒေါ်ခင်မာမြ၊ (၂) ဒေါ်ချိုချိုမြ(ခ)ဒေါ်ခင်ချိုမြ၊ (၃)ဒေါ်သီသီမြ၊ (၄)ဦးဇော်ဝင်းမြ၊ (၅) ဦးစိုးဝင်းမြတို့မှ မိဘနှစ်ပါးကျန်ရစ်ခဲ့သော မခွဲစိတ်ရသေးသော အမွေပုံပစ္စည်း(၁၉)မျိုးနှင့် ပတ်သက်၍ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ညောင်ဦးမြို့နယ်တွင် ကျွန်ုပ်၏အမှုသည် ဦးဇော်ဝင်းမြနှင့်လူကြီးမင်းတို့လေးဦးတို့ ညှိနှိုင်းမှုကို ဦးဇော်ဝင်းမြမှ သဘောမတူကြောင်း ၃-၂-၂၀၁၄ရက်တွင် ကန့်ကွက်လွှာတင်သွင်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ အမွေပုံပစ္စည်း (၁၉)မျိုးမှာ-

(၁) ညောင်ဦးမြို့နယ်တွင် မေခလာတည်းခိုခန်း
(၂) ညောင်ဦးမြို့နယ်ရှိ သစ်ဝါးလုပ်ငန်း
(၃) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် တစ်လုံး
(၄) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သစ်စက်တစ်လုံး
(၅) ညောင်ဦးမြို့နယ် မြို့မကွက်သစ်ရှိ သစ်စက်နှင့်ကပ်လျက် မြေကွက် တစ်ကွက်
(၆) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ သစ်စက်နှင့်ကပ်လျက် မြေကွက်နှစ်ကွက် အနက်မှ မြေတိုင်းရပ်ကွက်(၁၁)၊ ဦးပိုင် ၀ဒသမ၀၅၈ဧက၊ (၆ခ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဂိုဒေါင် တစ်လုံးနှင့်(၆က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဂိုဒေါင်တစ်လုံး
(၇) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အုတ်တိုက်တစ်ထပ်တိုက်တစ်လုံး၊
(၈) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး
(၉) ညောင်ဦးမြို့နယ်၊ ရွာသစ်ရပ်၊ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်တစ်လုံး
(၁၀) ညောင်ဦးမြို့နယ် မကျည်းတောရပ်ရှိ မြေကွက် တစ်ကွက်၊
(၁၁) ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ဒသမ၁၄၇ဧက၊ မြေအမျိုးအစား မြို့မြေ
(၁၂) ဦးပိုင်အမှတ် ၆၅ ဧရိယာ ၀ဒသမ၁၄၇ ဧက၊ မြေအမျိုးအစား မြို့မြေ
(၁၃) ဦးပိုင်အမှတ် ၆၇ ဧရိယာ ၀ဒသမ၁၄၉ ဧက၊ မြေအမျိုးအစား မြို့မြေ
(၁၄) ဦးပိုင်အမှတ် ၇၅၊ ဧရိယာ ၀ဒသမ၁၁၈ ဧက၊ မြေအမျိုးအစား မြို့မြေ
(၁၅) ရှမ်းပြည်နယ်ကလောမြို့နယ်ရှိ ပေ(၄၀×၆၀)မြေကွက်ပေါ်တွင် တစ်ထပ်တိုက် အိမ်တစ်လုံး
(၁၆) ဆ/၅၆၉၅၊ ဘီအမ်အမျိုးအစား ညောင်ဦးသားကား
(၁၇) ၈ည/၇၀၉၉ Hi Ace အမျိုးအစား ကား
(၁၈) ညောင်ဦးမြို့နယ်၊ သီရိပစ္စယာတိုးချဲ့ (၄) ရပ်ကွက်၊ ၂လမ်း၊ ပေ(၈၀×၆၀)မြေကွက်
(၁၉) ညောင်ဦးမြို့နယ် မြို့မကွက်သစ်ရှိ သစ်စက်အရှေ့ဘက်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဂိုဒေါင်တစ်လုံး။

အမွေပုံပစ္စည်း (၁၉)မျိုးအနက် ၈ည/၇၀၉၉ Hi Ace အမျိုးအစား ကားသာလျှင် ဦးဇော်ဝင်းမြ၏ လက်ဝယ်တွင်ရှိပြီး ကျန်(၁၈)မျိုးသည် ဒေါ်ခင်မာမြ၊ ဒေါ်ခင်ချိုမြ(ခ) ဒေါ်ချိုချိုမြ၊ ဒေါ်သီသီမြ၊ ဦးစိုးဝင်းမြတို့၏ လက်ဝယ်တွင်ရှိနေပါသည်။ ၎င်းတို့ လေးဦးအနေဖြင့် အမွေပုံ ပစ္စည်း (၁၉)မျိုးကို အမွေမခွဲစိတ်ရသေးမှန်း သိပါလျက်နှင့်အမွေပုံပစ္စည်းခွဲဝေပြီးသယောင်နှင့်အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် ပြောဆိုခြင်း၊ အမည်ခံထားခြင်း၊ ဟန်ဆောင်စာချုပ်များ ချုပ်ဆိုကာပိုင်ဆိုင်မှုကိုထိပါးခြင်းသည် အမွေရှင်ဖြစ်သူ ဦးဇော်ဝင်းမြ၏ ကိုယ်စိတ်ဂုဏ်သိက္ခာကိုပါ ထိခိုက်နစ်နာအောင် ပြုလုပ်နေခြင်းတို့အား တားမြစ်လိုက်ပါသည်။

ဦးဇော်ဝင်းမြ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဇင်ငြိမ်း LL.B (စဥ်-၇၄၅၅) တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၉၈၊ စာဂလမ်း၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၀၀၁၇၉၃၊ ၅၇၂၆၉၀





ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကုန်းဘောင် ၁၆လမ်း၊ မြေကွက်အမှတ် ၇၀၁၊ မြေအကျယ်အဝန်းပေ(၄၀×၆၀) ရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးသင် S/ OKA-၀၁၀၇၇၀ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက် ပိုင်ရှင်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၁၆၆/၂၀၁၃)အရ ဦးတင်ငွေ ၁၂/ပဘတ(နိုင်)၀၀၉၆၃၅က အထက်ပါမြေကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်ယဉ်ကြည်(LL.B) အထက်တန်းရှေ့နေ
အမှတ် ၅၄၄၊ မွှေးရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

အနုညာတသမာဓိခုံရုံး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ် - ၁

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် — လျှောက်ထားသူ
[၎င်း၏အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)၊
ဌာနကြီးမှူး၊ ထုတ်လုပ်ရေးလုပ်ငန်းများဌာန]

နှင့်

TAG Co., LTD — လျှောက်ထားခံရသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသန်းဦး၊ ဥက္ကဋ္ဌ)

**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)၏
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၈) ဦးလှကြည် (B.A.,H.G.P, R.L) ၏
၁၆-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)၊ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၄)နှင့် မြဝတီသတင်းစာ၏ စာမျက်နှာ(၂၂)တို့တွင်ပါရှိသော ကန့်ကွက်ရှင်းလင်းချက်အားလုံးမှာ ပကတိဖြစ်ရပ်မှန်များ လုံးဝမဟုတ်ပါ။ လုပ်ကြံတင်ပြချက်များသာဖြစ်ကြောင်းကို အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်(B.Sc.,R.L) မှ တကယ့်ဖြစ်ရပ်မှန်နှင့် မူရင်းဥပဒေပြဋ္ဌာန်းချက်အတိုင်း တင်ပြပြီး မိဘပြည်သူအားလုံးသိရှိစေရန်အတွက် ပြန်လှန်ရှင်းလင်းတင်ပြခြင်း**

ရက်စွဲ။ ၁၈-၃-၂၀၁၄

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် [အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)]နှင့် TAG Co.,Ltd (အခွင့်ရကိုယ်စားလှယ် ဦးသန်းဦး)တို့အကြား ဖြစ်ပွားလျက်ရှိသော အငြင်းပွားမှုအမှတ်(၁)တွင် အနုညာတသမာဓိခုံရုံးရှေ့သို့ လာရောက်ရန် (၂)ကြိမ်ခွင့်မဲ့ပျက်ကွက်လျက်ရှိကြသော ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဦးလှကြည်တို့အား ၁၇-၃-၂၀၁၄ရက် ရုံးချိန် (၁၃:၀၀)နာရီတွင် ခုံရုံးရှေ့သို့ ကိုယ်တိုင်လာရောက်ကြရန် ဒုတိယအကြိမ်ဆင့်ဆိုစာကို အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်က (၁၂-၃-၂၀၁၄)ရက်ထုတ် The New Light of Myanmar သတင်းစာ၏ စာမျက်နှာ(၁၃)တွင် အင်္ဂလိပ်ဘာသာစကားဖြင့်လည်းကောင်း၊ (၁၄-၃-၂၀၁၄)ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂)တွင်လည်းကောင်း၊ (၁၅-၃-၂၀၁၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၆)တွင်လည်းကောင်း၊ အခြားနည်းဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ သတင်းစာများတွင် ဖော်ပြခဲ့သော ခုံရုံးရှေ့သို့လာရောက်ရန် ဒုတိယအကြိမ် ဆင့်စာနှင့်ပတ်သက်၍ (၁၆-၃-၂၀၁၄)ရက်ထုတ် ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြဝတီသတင်းစာတို့တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ တရားလွှတ်တော်ရှေ့နေ ဦးလှကြည်က ကန့်ကွက်ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြခဲ့သည်။ သို့သော်လည်း ခုံရုံးရှေ့သို့ မလာရောက်ဘဲ (၃)ကြိမ်မြောက် ခွင့်မဲ့ပျက်ကွက်ခဲ့ပါသည်။

ယင်းကန့်ကွက်ရှင်းလင်းချက်ပါ စာသားများတွင် အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်အပေါ် ပုဂ္ဂိုလ်ရေးအရ အဓိကပစ်မှတ်ထား၍ စွပ်စွဲတိုက်ခိုက်ခဲ့သောအချက်အားလုံးမှာ ဖြစ်ရပ်မှန်များမဟုတ်ပါ။ လုပ်ကြံဖော်ပြချက်များသာဖြစ်ပါသည်။ ထို့ပြင် ၁၉၄၄ခုနှစ် အနုညာတသမာဓိ အက်ဥပဒေပုဒ်မ-၁၁ (၁)မှာလည်း မူရင်းဥပဒေပြဋ္ဌာန်းချက်နှင့် လုံးဝလွဲမှားနေပါသည်။

The Arbitration Act of 1944 မှာ အင်္ဂလိပ်ဘာသာစကားဖြင့် ပြဋ္ဌာန်းထားသော အက်ဥပဒေဖြစ်ပါသည်။ တရားဝင်မြန်မာဘာသာစကားသို့ ပြန်ဆိုထားခြင်းမရှိသေးပါ။ ယင်းဥပဒေပုဒ်မ-၁၁(၁)၏ မူရင်းပြဋ္ဌာန်းချက်မှာ S.11(1)The Court may, on the application of any party to a reference, remove an arbitrator or umpire who fails to use all resonable dispatch in entering on and proceeding with the reference and making an award" ဖြစ်ပါသည်။

အဆိုပါ မူရင်းပြဋ္ဌာန်းချက်ကို မြန်မာဘာသာစကားသို့ပြန်ဆိုရလျှင် "တရားရုံး (Court) သည် စာဒကမှုတစ်ခုတွင်ပါဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ၊ စာဒကမှုတွင်တင်ပြသည့် စာရွက်စာတမ်းအားလုံးကို သင့်လျော်သလိုအသုံးပြုရန် ပျက်ကွက်သော အနုညာတခုံသမာဓိလူကြီးတစ်ဦး(သို့) umpire တစ်ဦးကို (သို့) ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရာတွင် သင့်လျော်သလိုအသုံးပြုရန် ပျက်ကွက်သော အနုညာတခုံသမာဓိလူကြီးတစ်ဦး(သို့) umpire တစ်ဦးကို ဖယ်ရှားပစ်နိုင်၏"ဟူ၍ ဖြစ်၏။

ယင်းဥပဒေပြဋ္ဌာန်းချက်အရ တရားရုံး (Court)အား စီရင်ပိုင်ခွင့်အပ်နှင်းထားခြင်းသာဖြစ်ပြီး အနုညာတသမာဓိခုံရုံး (Arbitral Tribunal)သို့ စီရင်ပိုင်ခွင့်အပ်နှင်းထားခြင်းမဟုတ်ချေ။ ထို့ကြောင့် အနုညာတခုံသမာဓိလူကြီး ဦးကျော်မင်းက အဆိုပါစီရင်ပိုင်ခွင့်ကို လုံးဝကျင့်သုံးပိုင်ခွင့်မရှိကြောင်းမှာ အလွန်ထင်ရှားသည်။ ၎င်းတို့သည် တရားမဝင်မပြည့်စုံသော ဘာသာပြန်ဆိုချက်ကို အမှန်အဖြစ်အသုံးပြု၍ တင်ပြထားခြင်းဖြစ်ကြောင်း သိသာထင်ရှားလှ၏။ ထို့ကြောင့် အနုညာတခုံသမာဓိလူကြီး ဦးကျော်မင်းက စီရင်ပိုင်ခွင့်မရှိဘဲ ပုဒ်မ-၁၁(၁)ကို မိမိ၏ စီရင်ပိုင်ခွင့်ဟု လွဲမှားစွာအသုံးပြုခြင်းကို ကျွန်ုပ်က လက်မခံပါ။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မှားယွင်းသော ဦးကျော်မင်း၏လုပ်ဆောင်ချက်ကို ကျွန်ုပ်က လက်မခံခြင်းမှာ မှန်ကန်ပေသည်။ မမှန်ကန်ကြောင်း ငြင်းဆိုလျှင် ဥပဒေအထောက်အထားဖြင့် ပြန်လည်ရှင်းလင်းပေးရန် တောင်းဆိုပါသည်။

၁၉၄၄ခုနှစ်၊ အနုညာတသမာဓိ အက်ဥပဒေပုဒ်မ-၂၂နှင့် နှစ်ဖက်သဘောတူ စာချုပ်အပိုဒ်(၁၇)ပါ စည်းကမ်းချက်များအရ အနုညာတသမာဓိလူကြီးများကို ခန့်ထားခဲ့ပြီး ခုံရုံးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်၍ အနုညာတသဘောတူညီချက်တွင် ကွဲလွဲချက်မရှိသောကြောင့် အနုညာတသမာဓိခုံရုံးသည် မည်သည့်တရားရုံးနှင့် အုပ်ချုပ်မှုအဖွဲ့တစ်ခုခု၏ ကြပ်ကဲမှုရယူရန် မလိုအပ်ချေ။ လိုအပ်သည်ဟုဆိုလျှင် ဥပဒေအထောက်အထားဖြင့် ပြန်လည်တင်ပြပေးရန် တောင်းဆိုပါသည်။ မူရင်းဥပဒေပြဋ္ဌာန်းချက်တွင် "Arbitration without intervention of a Court"(တရားရုံးတစ်ခု၏ ဝင်ရောက်စွက်ဖက်ခြင်းမရှိသော အနုညာတသမာဓိစီရင်ရေးဖြစ်သည်။)ဟု အခန်း(၂)တွင် အတိအလင်းပြဆိုထားပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ တရားလွှတ်တော်ရှေ့နေမှ တင်ပြထားသောအချက်များမှာ မူရင်းဥပဒေပြဋ္ဌာန်းချက်တွင် လုံးဝမပါရှိချေ။ အနုညာတသမာဓိခုံရုံး၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်သည့် ပုဂ္ဂိုလ်က သက်ဆိုင်ရာ အထက်တရားရုံးသို့ စာဒကမှု (Reference)ကို ဖွင့်လှစ်ဆောင်ရွက်ရမည်ဟူသာ ပြဋ္ဌာန်းချက်များရှိသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှ မကျေနပ်လျှင် အဘယ်ကြောင့် အထက်တရားရုံးသို့ စာဒကမှုကို တင်သွင်းခဲ့ခြင်းမရှိပါသနည်း။ အထက်တရားရုံး၏ စီရင်ပိုင်ခွင့်ကို မိမိ၏စီရင်ပိုင်ခွင့်အဖြစ် မှားယွင်းစွာသုံးစွဲလျက် ၁၉၄၄ခုနှစ်၊ အနုညာတသမာဓိဥပဒေနှင့်အညီ တရားမျှတစွာဆုံးဖြတ်ခဲ့သော အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်အပေါ် ပုဂ္ဂိုလ်ရေးအရ မဟုတ်မမှန်စွပ်စွဲပုတ်ခတ်ပြီး အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်မှားယွင်းနေပါသည်။ စာချုပ်အပိုဒ်(၁၇)အရ umpire တစ်ဦးကို ခန့်ထား၍ ၎င်း၏အပြီးသတ်ဆုံးဖြတ်မှုကို အဘယ်ကြောင့်မခံယူဘဲ ရှောင်ရှားခဲ့ပါသနည်း။ ဖြေကြားပေးပါ။

မူရင်းဥပဒေပုဒ်မ-၅ တွင် "S 5-The authority of an appointed arbitrator umpire shall not be revocable except with the leave of the Court unless a contrary intention is expresed in the arbitration agreement" (အနုညာတသမာဓိဆိုင်ရာ သဘောတူညီချက်တွင် ဆန့်ကျင်ကွဲလွဲသော ရည်ရွယ်ချက်ဖော်ပြထားသည့်ကိစ္စရပ်မရှိလျှင် ခန့်ထားပြီးသော ခုံသမာဓိလူကြီး(သို့မဟုတ်) umpire တစ်ဦး၏ အခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းခြင်းမပြုလုပ်ရဟူ၍ ဖြစ်သည်။ ဤပြဋ္ဌာန်းချက်တွင် shall not be revocable ဟု အတိအလင်းပြဋ္ဌာန်းထား၍ မဖြစ်မနေလိုက်နာရမည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း ထင်ရှားလှသည်။

ဤသို့ ယင်းဥပဒေ၏ ပုဒ်မ-၂၂ နှင့် ပုဒ်မ-၅ တွင် အတိအကျပြဋ္ဌာန်းထားပါလျက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏ရှေ့နေ ဦးလှကြည်တို့က အဘယ်ကြောင့် ယင်းဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်ကြပြီး တည်ဆဲဥပဒေနှင့်အညီ ခန့်ထားခဲ့သော အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်အား အယုံအကြည်မရှိကြောင်းဖြင့် မဟုတ်မမှန် လုပ်ကြံဖန်တီးချက်များတင်ပြ၍ခုံရုံး၊ အနုညာတခုံသမာဓိလူကြီး(ဟောင်း)ဟု ဖော်ပြကြပါသနည်း။ တည်ဆဲဥပဒေက ၎င်းတို့တင်ပြသကဲ့သို့ ခွင့်မပြုကြောင်း အလွန်ထင်ရှားနေသည်။ ၎င်းတို့လုပ်ရပ်မှန်ကန်သည်ဟု ယူဆလျှင် ဥပဒေအထောက်အထားကို တင်ပြရှင်းလင်းပါရန် ဖိတ်ခေါ်ပါသည်။

အနုညာတခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်အနေဖြင့် အယုံအကြည်ကင်းမဲ့ဖွယ် အချက်(က)(ခ)(ဂ)တို့ကို ဆုံးဖြတ်ခဲ့ကြောင်း၊ စွပ်စွဲချက်မှာ လုံးဝမမှန်ဘဲ လုပ်ကြံဖန်တီးချက်များသာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စွပ်စွဲချက်(က)ကိစ္စနှင့်ပတ်သက်၍ ဦးမောင်မောင်အုန်းမြိုင်က ဆုံးဖြတ်ထားသည်မှာ အမှုတွဲတွင် အမှန်တကယ်ပေါ်ပေါက်လျက်ရှိသော ဥပဒေအချက်နှင့် အကြောင်းချင်းရာအချက်များအရ နှစ်ဖက်သက်သေခံချက်များနှင့် ၎င်းတို့မှတင်ပြသော စာရွက်စာတမ်းများကို ပြည့်စုံစွာစစ်ဆေးပြီးမှသာ ဆုံးဖြတ်ရန်သင့်သော ကိစ္စဖြစ်သည်ဟု ကျွန်ုပ်က လေးနက်စွာယုံကြည်ပါသဖြင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပလပ်ကြောင်းဆုံးဖြတ်သည်ဟူ၍ ဖြစ်သည်။ ဤသို့ ကျွန်ုပ်က ဆုံးဖြတ်သည်ကို ခိုင်မာသည့်အကြောင်းပြချက်မရှိဘဲ အမှန်တရားလို လျစ်လျူရှု၍ ပယ်ချသည်ဟု စွပ်စွဲသည်မှာ မှားယွင်း၏။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တင်ပြသော သက်သေခံစာရွက်စာတမ်း(၈)မျိုးနှင့် TAG Co.,Ltd. မှတင်ပြသော သက်သေခံစာရွက်စာတမ်း(၃၀)မျိုးတို့ကို ကျွန်ုပ်က အသေးစိတ်ဝေဖန်သုံးသပ်ပြီးမှ ယင်းဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်၏။ ၎င်းတို့မှတင်ပြသည့် သက်သေ ၁၅ ဦးအနက် နှစ်ဦးကိုသာ စစ်ဆေးဆဲအဆင့်ဖြစ်ပြီး TAG Co.,Ltd. ၏ ခုခံပိုင်ခွင့်မရရှိသေးသည့်အခြေအနေတွင် ကျွန်ုပ်က တရားမျှတစွာဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ ကျွန်ုပ်၏ အဆိုပါဆုံးဖြတ်ချက်ကို လေ့လာလိုသူ မည်သူကိုမဆို အမှန်တရားပေါ်ပေါက်ရေးအတွက် ကျွန်ုပ်က ဖတ်ရှုခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

စွပ်စွဲချက်(ခ)ကိစ္စမှာ ကျွန်ုပ်နှင့်မသက်ဆိုင်ချေ။ TAG Co.,Ltd. နှင့် မြဝတီထရေးဒင်းလီမိတက်အကြားတွင် စာချုပ်စာတမ်းတစ်စုံတစ်ရာမရှိ၍ အနုညာတသမာဓိခုံရုံးဖြင့် ဖြေရှင်းရန်အကြောင်းတစ်စုံတစ်ရာမပေါ်ပေါက်သောကြောင့် TAG Co.,Ltd. က မြဝတီထရေးဒင်းလီမိတက်အပေါ်တွင် ပဒ္ဒမှာဆပ်ပြာဖိုး ကြွေးငွေများရလိုကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ တရားမကြီးမှုအမှတ် ၈၂/၂၀၁၃ ကို စွဲဆိုခြင်းဖြစ်သည်။ ယင်းကိစ္စမှာ TAG Co.,Ltd. က ၎င်း၏ရပိုင်ခွင့်ကို ကျင့်သုံးခြင်းသာဖြစ်၍ ကျွန်ုပ်အပေါ် ယခုကဲ့သို့ စွပ်စွဲခြင်းမှာလည်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏ရှေ့နေ ဦးလှကြည်တို့၏ မတရားလုပ်ကြံစွပ်စွဲချက်ဖြစ်ကြောင်း ထင်ရှားလှ၏။

စွပ်စွဲချက်(ဂ) ကိစ္စမှာလည်း ကျွန်ုပ်၏မှားယွင်းချက်များမဟုတ်ချေ။ ကျွန်ုပ်အပေါ် လုပ်ကြံစွပ်စွဲချက်များသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၁၅-၇-၂၀၁၃ရက်မှ ခြောက်လအတွင်း သက်သေနှစ်ဦးကို ကျွန်ုပ်နှင့်အတူ အနုညာတခုံသမာဓိလူကြီး ဦးကျော်မင်းတို့ စုံညီရုံးထိုင်စစ်ဆေးခဲ့ကြခြင်းသာဖြစ်ပြီး ကျွန်ုပ်တစ်ဦးတည်းက သက်သေများကိုစစ်ဆေးခဲ့ခြင်း မဟုတ်ချေ။ ယင်းကိစ္စကို အဘယ်ကြောင့် ၎င်းတို့၏ အနုညာတခုံသမာဓိလူကြီး ဦးကျော်မင်းကို အပြစ်မဆိုကြသနည်း။ ဦးကျော်မင်းမှာ ယခင်က တိုင်းတရားသူကြီး(ငြိမ်း)တစ်ဦးဖြစ်သောကြောင့် အဆိုပါသက်သေများကို ကျွန်ုပ်က မတရားပြုလုပ်၍ ရနိုင်ပါမည်လား။ ဦးကျော်မင်းက သက်မဲ့အရုပ်တစ်ခုဖြစ်ပါသလား။ သက်သေမေးမြန်းခြင်းအခွင့်အရေးမှာ ၎င်းတို့၏ရှေ့နေနှင့် TAG Co.,Ltd.ရှေ့နေတို့၏ လုပ်ငန်းသာဖြစ်သည်။ အမှန်အတိုင်းဖွင့်လှစ်ပြရလျှင် TAG Co.,Ltd. ၏ ရှေ့နေ၏မေးခွန်းမှာ ဟုတ်/မဟုတ်နှင့် မှန်/မမှန်ကို ဖြေဆိုရန်ဖြစ်သော်လည်း ၎င်းတို့၏သက်သေက တိုက်ရိုက်မဖြေကြားဘဲ စာမျက်နှာများစွာ ထွက်အောင်ဝေ့လည်ကြောင်ပတ် ထွက်ဆိုချက်များပေးခဲ့သောကြောင့် အချိန်ကြာမြင့်ခြင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် သက်သေ ဗိုလ်မှူးချုပ်ဇေသိုက်တို့က လုပ်ငန်းတာဝန်ဖြင့် မကြာခဏခရီးထွက်ကြသဖြင့် ရုံးချိန်းရက်ရှည်ခွင့် တောင်းခံခြင်းတို့ကြောင့်သာ ကြန့်ကြာခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ပယောဂကြောင့် မဟုတ်ချေ။ အမှန်တရားကို သိချင်သူများက လေ့လာသိရှိလိုပါက ကျွန်ုပ်ထံမှ မှတ်တမ်းများအပြည့်အစုံကို လေ့လာခွင့်ပြုပါမည်။

ထပ်ဆင့်၍ တင်ပြရလျှင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အခွင့်ရကိုယ်စားလှယ်က ကြားဖြတ်လျှောက်လွှာများတင်သွင်းခြင်းကြောင့် TAG Co.,Ltd. ဘက်မှ ကန့်ကွက်လွှာတင်ခြင်း၊ နှစ်ဖက်လျှောက်လဲချက်ပေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပြုလုပ်ခဲ့ရာ ၎င်းတို့ဘက်မှ အမှုကိုတမင်ကြန့်ကြာအောင် ဖန်တီးပြုလုပ်ခဲ့ကြခြင်းသာဖြစ်၏။

အနုညာတသမာဓိအက်ဥပဒေပုဒ်မ-၁၁(၁)အရ တရားနည်းလမ်းတကျ အသိပေးကြေညာပြီး ခုံရုံးအား တရားဝင်ဖျက်သိမ်းခဲ့သည်ဆိုခြင်းမှာ တည်ဆဲဥပဒေပုဒ်မ-၁၁(၁)တွင် ပြဋ္ဌာန်းထားခြင်းမရှိသောကိစ္စကို တစ်ဖက်သတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ဥပဒေနှင့် ဆန့်ကျင်နေပါသည်။ ယင်းလုပ်ရပ်ကြောင့် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသောခုံရုံးမှာ ပျက်ပြယ်မသွားဘဲ တရားဝင် ဆက်လက်တည်မြဲလျက်ရှိကြောင်း အသိပေးအကြောင်းကြားပါသည်။

ခုံရုံးမှာ မဖျက်ဘဲတရားဝင်ဆက်လက်တည်မြဲလျက်ရှိနေခြင်းကြောင့် ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့် ၎င်း၏ရှေ့နေ ဦးလှကြည်တို့က ခုံရုံးရှေ့သို့ မပျက်မကွက်လာရောက်ရန် ဥပဒေအရ တာဝန်ကိုယ်စီရှိကြပါသည်။

ခုံသမာဓိလူကြီး ဦးကျော်မင်းက ၁၃-၁-၂၀၁၄ရက်တွင် ခုံရုံးရှေ့၌ ၎င်း၏ဆန္ဒအရ နုတ်ထွက်ကြောင်းကြေညာပြီး ခုံသမာဓိလူကြီးအဖြစ်မှ နုတ်ထွက်သွားခြင်းမှာ မှန်ကန်ပါသည်။ ယခု ၎င်းတို့က တင်ပြထားသလိုမဟုတ်ချေ။ တစ်ဖက်သတ်ဆုံးဖြတ်ခြင်းမဟုတ်ပါ။ ၁၃-၁-၂၀၁၄ ရက်က ဦးကျော်မင်းက နုတ်ထွက်ကြောင်းကြေညာသည့် အသံဖိုင်မှာ ကျွန်ုပ်ထံတွင် ရှိနေပါသည်။ အမှန်အတိုင်းကြားချင်ပါက ဖွင့်ပြပါမည်။ ဦးကျော်မင်းက နုတ်ထွက်သွား၍ အနုညာတခုံသမာဓိလူကြီးအသစ်ကို ခန့်ထားရန် ဤခုံရုံးမှ ညွှန်ကြားခဲ့သော်လည်း ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပါ။ ယနေ့တိုင် ခုံသမာဓိလူကြီးအသစ်ကို ခန့်ထားခြင်းမပြုလုပ်သည်မှာ ၁၉၄၄ခုနှစ်၊ အနုညာတသမာဓိအက်ဥပဒေပုဒ်မ-၈(၁)(က)(ခ)(၂)ကို ဆန့်ကျင်လျက်ရှိကြောင်း သိစေအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄၊ မြေကွက်အမှတ် ၁၂၉၄၊ ဧရိယာ ပေ(၄၀×၆၀) ရှိ အမှတ် ၁၂၉၄၊ သရဖီလမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ခင်တိုးမြင့် ၁၂/ဗတထ(နိုင်)၀၃၁၉၁၂ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်ခင်တိုးမြင့်ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ (B.Sc,D.A,R.L) (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၄၄၊ မြေကွက်တည်နေရာအမှတ် ၄၄၊ အနော်မာ(၂)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်ညွန့်စိန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်စိန်နှင့်ခင်ပွန်း ဦးဝင်းစိန် ကွယ်လွန်သဖြင့် ဒေါ်ရင်ရင်ကြည် ၁၂/ဥကတ(နိုင်) ၀၅၉၄၀၂၊ ဒေါ်မော်လီဝင်း ၁၂/ဥကတ(နိုင်)၁၂၁၃၁၄၊ ဒေါ်ချယ်ရီဝင်း ၁၂/ဥကတ (နိုင်)၁၇၃၈၈၆၊ ဦးမျိုးဇော်ဝင်း ၁၂/ဥကတ(နိုင်)၁၇၃၈၄၇၊ ဦးမိုးဇော်ဝင်း ၁၂/ဥကတ (နိုင်)၀၆၉၉၀၉၊ ဒေါ်နှင်းယမုံ ၇/သဝတ(နိုင်)၀၈၆၅၂၈၊ ဒေါ်အေးဝါဝါဝင်း ၁၂/ဥကတ(နိုင်)၁၇၃၈၆၀တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၆၂ (၂၃-၁-၂၀၁၄)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်ရင်ရင်ကြည် ၁၂/ဥကတ(နိုင်) ၀၅၉၄၀၂ ကပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၇၈၇(၁၀-၂-၂၀၁၄)ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပျောက်ဆုံးကြောင်း

ကျွန်မ နော်ထူးရာဖော ၁၄/ငပတ(နိုင်) ၁၆၃၇၂၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၄၉၁၄၄

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၃ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၁၂၊ ၃(A)၊ ဒုတိယထပ် (ခေါင်းရင်းခန်း)၊ အလျား×အနံ ပေ(၁၂½×၅၀)တိုက်ခန်းကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးမျိုးသန့်ဝင်း ၁၂/အစန(နိုင်)၁၈၀၈၅၉နှင့်ဇနီးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာနည်နေဝင်း[LL.B,D.I.L,DL 101(WIPO)Geneva]
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၃)
ဖုန်း-၀၉-၄၃၀၈၁၆၉၄၊ ၀၉-၂၅၄၀၆၄၀၆၃

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းအမှတ် ၁၄၊ ကုန်းဘောင် ၂ လမ်း၊ မြေကွက်အမှတ် ၁၇၁ ဟု ခေါ်တွင်သော မြေအလျား×အနံ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားဂရန် မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက် မူလအမည်ပေါက် ဒေါ်လှလှညို (LMDW -၀၀၂၀၉၄) ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးသန်းဌေး ၁၂/ဥကမ(နိုင်)၀၉၇၀၄၆ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမြေကွက်နေအိမ် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်စိန် ၇/တငန(နိုင်)၀၀၆၄၈၆
ဖုန်း-၀၉-၅၅၀၁၀၅၄

[illegible]

ဥတုရာသီ တောကိုမှီ၍

[illegible]

မြန်မာ့အလင်း
ဂျာနယ်စီးပွားအားကစား
၂၀၁၄ခုနှစ်၊ မတ် ၂၁ ရက်၊ သောကြာနေ့။

SUPER
စူပါကွေကာ

လူမှုစီးပွား

နတ်ကြီးကျေးရွာတွင် ဘာလီဆေးအေးပင်များ စီးပွားဖြစ်စိုက်ပျိုး

စာ - ၃

ပြည်တွင်းရေးရာ

သင်္ဘောပင်အရွက်ဖြင့် တုပ်ကွေးရောဂါပျောက်ကင်းစေနိုင်

စာ - ၄

လူမှုစီးပွား

သီပေါကျေးလက်ဒေသမှ ပြည်သူများ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီ

စာ - ၅



အာဆင်နယ်နဲ့ ဝင်းဂါးရဲ့လားရာ

စာ - ၂

MAN UTD VS MAN CITY

DATE	-	26 MARCH 2014
KICK	-	OFF-2:15
VENUE	-	OLD TRAFFORD

စိတ်ဝင်စားစွာစောင့်ကြည့်ရမယ့် မန်ယူ Super-sub ရဲ့အနာဂတ် သို့မဟုတ် ဟာနန်ဒက်ဇ်

စာ - ၂၊၇

နေပြည်တော်
၂၀-၃-၂၀၁၄
ရက်မှစတင်၍
တစ်ပြိုင်တည်းပြသမည်

ရွှေဆောင်
ဖုန်း- 252113, 388034, 370787
၂၀-၃-၂၀၁၄ ရက်မှစတင်၍
တစ်ပြိုင်တည်းပြသမည်

အာဆင်နယ်နဲ့ ဝင်းဂါးရဲ့ လားရာ

မန်နေဂျာတစ်ယောက် အသင်းတစ်သင်းမှာ တည်မြဲခြင်း၊ မတည်မြဲခြင်းကို ဘာနဲ့တိုင်းတာဆုံးဖြတ်ကြမလဲလို့မေးရင် ဒီဘက်ခေတ်ဘောလုံးလောကမှာ ရှည်ရှည်ဝေးဝေးနဲ့ များများစားစား ပြောစရာမရှိဘူး။ အရှင်းဆုံးပြောရရင် မန်နေဂျာတစ်ယောက် အသင်းတစ်သင်းမှာ တည်မြဲသင့်၊ မတည်မြဲသင့်ဆိုတာဟာ အောင်မြင်မှုနဲ့ တိုက်ရိုက်ပတ်သက်တယ်လို့ ပြောရင်လွန်မလား။

ထွေထွေထူးထူးမစဉ်းစားနဲ့။ ဘောလုံးအားကစားဆိုတာက ကျယ်ပြန့်တယ်။ နက်နဲတယ်။ ရပ်တည်ဖို့ခဲယဉ်းတယ်။ အဲဒီအတွက် အောင်မြင်မှုဆိုတာ သိပ်လိုတယ်။ အသင်းကြီးဆိုရင်လည်း အသင်းကြီးအလျောက်။ အသင်းငယ်ဆိုရင်လည်း အသင်းငယ်အလျောက်။ ဘယ်လိုအသင်းပဲဖြစ်ဖြစ် အသင်းရဲ့ အဆင့်အတန်းနဲ့ လိုက်ဖက်တဲ့ပန်းတိုင်ဆိုတာရှိသလို အဲဒီပန်းတိုင်ကို ရောက်အောင်လျှောက်နိုင်မှုအပေါ်မှာ တည်မီပြီး အသင်းတစ်သင်းရဲ့ အနာဂတ်ဆိုတာကလည်း အယိမ်းအလှုပ်ရှိတတ်တဲ့အခါ အသင်းတစ်သင်းကို ဦးဆောင်ပဲ့ကိုင်ပြီး ရောက်လိုရာကို စေညွှန်တတ်တဲ့ မန်နေဂျာတစ်ဦးအနေနဲ့ ရောက်သင့်တဲ့နေရာကို ရောက်အောင်မပို့ပေးနိုင်ရင် အဲဒီမန်နေဂျာအနေနဲ့ အဲဒီအသင်းကို အကောင်းဆုံးဦးဆောင်နိုင်ပါတယ်လို့ ပြောဖို့ခက်တယ်။

အထူးသဖြင့် ကျင်လည်ရာဝန်းကျင်တစ်ခုမှာ အထိုင်ကျအစွမ်းပြဖို့ဆိုရာမှာ အချိန်လိုတာမှန်တယ်။ အသင်းတစ်သင်းကို အခုကိုင်တွယ်ပြီး အခုချက်ချင်းအောင်ပွဲယူပေးနိုင်တဲ့ မန်နေဂျာဆိုတာရှားသလို အဲဒီလိုအခုရေတွင်းတူး အခုရေကြည်သောက်ချင်စိတ်နဲ့ မန်နေဂျာတစ်ယောက်ကို အခုခန့် အခုထုတ်ဆိုတဲ့ လုပ်ထုံးက အမှန်နဲ့ မနီးစပ်နိုင်ပေမယ့် လိုအပ်တဲ့အချိန်အတိုင်းအတာတစ်ခုပေးအပ်ခဲ့ပါလျက် အဲဒီမန်နေဂျာဟာ အဲဒီအသင်းကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ အဆင့်တစ်ခုဆီ မပို့နိုင်ဘူးဆိုရင်တော့ အဲဒီမန်နေဂျာရဲ့ တည်ရှိမှုအပေါ် စစ်တမ်းထုတ်သင့်ပြီလို့ပြောရင်လွန်မလား။ အထူးသဖြင့် အသင်းတစ်သင်းဟာ အသင်းကြီးတစ်သင်းဖြစ်ပါလျက် ဆယ်စုနှစ်တစ်စုနီးပါးအောင်မြင်မှုနဲ့ ဝေးလာရပြီဆိုတာဟာ အဲဒီအသင်းကို ပြန်လည်တည်ဆောက်ဖို့လိုပြီလို့ အတိအလင်းညွှန်းဆိုရာရောက်ပေမယ့် အဲဒီလို ပြောင်းလဲဖို့ လက်တွန့်နေခြင်းကိုက အသင်းကို ပိုပြီး နစ်မွန်းစေတယ်လို့ ပြောရင်ရမလား။

တကယ်တော့ အာစင်ဝင်းဂါးလို မန်နေဂျာမျိုးဟာ ခပ်ရှားရှားမန်နေဂျာထဲမှာ ပါတယ်။ အာစင်ဝင်းဂါးလို မန်နေဂျာမျိုးကို အရည်အချင်း မရှိဘူးလို့ ပြောလို့မရဘူး။ အာစင်ဝင်းဂါးဟာ အသင်းတစ်သင်းကို တည်ငြိမ်အောင် ကိုင်တွယ်နိုင်ခြင်း မရှိဘူးလို့လည်း ပြောလို့မရဘူး။ အရှင်းဆုံးပြောရရင် အာစင်ဝင်းဂါးဟာ ထက်မြက်တဲ့သူ။ အရည်အသွေးအပြည့်ရှိတဲ့သူ။ အသင်းတစ်သင်းကို မှန်ကန်တဲ့လမ်းကြောင်းပေါ်ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့သူ။ သူ့လက်ထက်မှာ အာဆင်နယ်ဟာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖူးတယ်။ အက်ဖ်အေဖလားရဖူးတယ်။ ကွန်မြူနတီဒိုင်းပွဲမှာ အောင်ပွဲခံဖူးတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ကို ၁၅ ရာသီဆက်တိုက်ရဖူးတယ်ဆိုတာတွေဟာ တော်ရုံတန်ရုံစွမ်းဆောင်မှုမဟုတ်တာ သေချာတယ်။

ဒါပေမယ့် ဒီနေရာမှာ အာစင်ဝင်းဂါးဟာ သာမန်အသင်းတစ်သင်းကို ဒီလိုပဲ့ကိုင်နိုင်တယ်ဆိုရင် လက်ရှိသူ့ရဲ့ သက်တော်ရှည်ဆိုတဲ့ဂုဏ်ဒြပ်အပေါ် စစ်တမ်းထုတ်စရာမလိုအပ်နိုင်ပေမယ့် အခုသူတာဝန်ယူထားတဲ့ အာဆင်နယ်ဆိုတာက သာမန်အသင်းတစ်သင်းမဟုတ်ဘူး။ အင်္ဂလန်ဘောလုံးလောကမှာ တတိယအအောင်မြင်ဆုံးအသင်းလို့တောင်ပြောရတဲ့အသင်း။ အမှတ်ပေးချန်ပီယံဆုရယူနိုင်မှုကိုပဲကြည့်ကြည့်၊ စုစုပေါင်းဆုဖလားရယူနိုင်မှုနဲ့ပဲယှဉ်ယှဉ်။ အာဆင်နယ်ထက်သာတဲ့ အသင်းဆိုလို့ အင်္ဂလန်မှာ မန်ယူနဲ့ လီဗာပူးပဲရှိတယ်။ အရှင်းဆုံးပြောရရင် ဝင်းဂါးလက်ထက်မှာ အာဆင်နယ်ဟာ အောင်ပွဲမရတာမဟုတ်ပေမယ့် ဝင်းဂါးယူပေးနိုင်တဲ့ အောင်မြင်မှုဟာ အာဆင်နယ်ရဲ့ အဆင့်အတန်းနဲ့ လိုက်ဖက်မှုမရှိဘူး။ အထူးသဖြင့် ဘောလုံးရာသီ ရှစ်ရာသီတိုင်တိုင် ဆုဖလားမဲ့ခဲ့မှုဟာ အာဆင်နယ်ရဲ့ အဆင့်အတန်းနဲ့ ဆန့်ကျင်ဘက်ဖြစ်နေသလို ဝင်းဂါးရဲ့ အရည်အသွေးကိုလည်း သံသယဖြစ်သွားစေတယ်။

အရှင်းဆုံးပြောရရင် အာဆင်နယ်ဟာ ဝင်းဂါးလက်ထက်မှာ အသင်းကြီးတစ်သင်း ဟန်ပျောက်ဆုံးနေရုံတင်မကဘူး မြို့ခံပြိုင်ဘက်ချယ်လ်ဆီးကိုတောင် တဖြည်းဖြည်းယှဉ်နိုင်မှုကင်းမဲ့လာတယ်။ ပြောရရင် အာဆင်နယ်ဟာ ဝင်းဂါးလက်ထက်မှာ ချယ်လ်ဆီးနဲ့ ၄၉ ပွဲဆုံခဲ့ပြီး ၁၉ ပွဲပဲနိုင်တယ်။ ဒါ့အပြင် နောက်ဆုံးငါးရာသီမှာ အာဆင်နယ်ဟာ ချယ်လ်ဆီးကို နှစ်ပွဲတည်းနိုင်တယ်။ ပြီးတော့ အာဆင်နယ်ဟာ ဝင်းဂါးလက်ထက်မှာ ပရီမီယာလိဂ်ချန်ပီယံ သုံးကြိမ်၊ အက်ဖ်အေဖလားချန်ပီယံ လေးကြိမ်၊ ကွန်မြူနတီချန်ပီယံ လေးကြိမ်သာရပြီး စုစုပေါင်းဆုဖလား ၁၁ကြိမ်သာ ရခဲ့ပေမယ့် အာဆင်နယ်ကို ဝင်းဂါးတာဝန်ယူနေတဲ့ ကာလအတွင်း ချယ်လ်ဆီးကတော့ ပရီမီယာလိဂ်ချန်ပီယံ သုံးကြိမ်၊ အက်ဖ်အေဖလား ခြောက်ကြိမ်၊ ကက်ပီတယ်ဝမ်းဖလားချန်ပီယံ သုံးကြိမ်၊ ကွန်မြူနတီဒိုင်းချန်ပီယံ သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ်၊ ဥရောပရှုံးထွက်ဖိုလ်များဖလား တစ်ကြိမ်နဲ့ ဥရောပစူပါဖလား တစ်ကြိမ်ယူပြီး စုစုပေါင်း ဆုဖလား ၁၉ လုံးရတယ်။ ဝင်းဂါးတို့မရတဲ့ ဥရောပမှာပါ ချယ်လ်ဆီးက အောင်ပွဲတွေရခဲ့တာ။ ဒီတော့ အာဆင်နယ်မှာ ဝင်းဂါးရဲ့ဦးဆောင်မှုကို ဘယ်လိုသတ်မှတ်မလဲ။

တကယ်တော့ ဝင်းဂါးဟာ မူတစ်ခုရဲ့ဘောင်မှာ ပိတ်မိနေသူလို့ပြောရင်ရမလား။ ပြောရရင် မူဆိုတာ အစုအဖွဲ့တစ်ခုမှာရှိသင့်တဲ့အရာဆိုတာမှန်ပေမယ့် အချိန်အခါနဲ့ အနေအထားအရပြောင်းသင့်ရင် ပြောင်းဖို့လိုတယ်။ အရင်ကမူတစ်ခုနဲ့အောင်မြင်ခဲ့ပေမယ့် အဲဒီမူကို တရားသေဆုပ်ကိုင်ထားဖို့မသင့်ဘူး။ ပြောချင်တာက ဒီဘက်ခေတ်ဘောလုံးလောကဟာ ငွေကို အခြေခံတဲ့လောက။ အောင်ပွဲကို ငွေနဲ့ဝယ်လို့မရပေမယ့် ငွေကအောင်ပွဲကို အနီးစပ်ဆုံး နေရာအထိပို့ပေးနိုင်တဲ့အခြေအနေ။ ဒီလိုအချိန်မှာ ဝင်းဂါးက စိစစ်လွန်းတယ်။ အပြောင်းအရွှေ့ဈေးကွက်မှာ ငွေအမြောက်အမြားမသုံးဘူးဆိုတဲ့မူကို လုံးဝလက်မလွှတ်ဘူး။ ဒီတော့အသင်းက ပြိုင်ဘက်တွေနဲ့ယှဉ်ရင် တစ်ဆင့်နိမ့်ကို နိမ့်နေတယ်။

အထူးသဖြင့် ဝင်းဂါးအတွက် ဒီရာသီဟာ အခွင့်အရေးအရဆုံးရာသီ။ ဖာဂူဆန်အနားယူမှုနဲ့ မန်ယူရဲ့ကျရိပ်။ ချယ်လ်ဆီး၊ မန်စီးတီးတို့ရဲ့ မန်နေဂျာအပြောင်းအလဲနဲ့ ပြန်လည်တည်ဆောက်မှုကာလ။ ဒီလိုအချိန်မှာ ဝင်းဂါးအနေနဲ့ အခွင့်အရေးယူသင့်ပေမယ့် ထိထိမိမိမသုံးဘူး။ အိုဇေးလ်ကို ပေါင်သန်း ၄၀ ကျော်ပေးခေါ်တာဟာ မှန်တယ်ဆိုပေမယ့် ဝင်းဂါးဟာ သူလျှောက်သင့်တဲ့လမ်းကို အဆုံးအထိမလျှောက်ဘူး။ သူလိုဝါရင့် မန်နေဂျာတစ်ဦးအနေနဲ့ အိုဇေးလ်တစ်ဦးရရုံနဲ့ ထိရောက်မှုမရှိနိုင်တာ သိပေမယ့် ငွေကုန်မှာကြောက်ပြီး လျှောက်လမ်းကို လမ်းခုလပ်မှာ တင်ရပ်တယ်။ ဇန်နဝါရီမှာဆိုရင် ထိမိတဲ့ခေါ်ယူမှု လုံးဝမလုပ်ဘူး။ ဒီတော့ အာဆင်နယ်လည်း ရောက်သင့်တဲ့အဆင့်ကို မရောက်ဘူး။

တကယ်တော့ အာဆင်နယ်ဟာ ဓနအင်အားအရ တောင့်တင်းခိုင်မာမှုမရှိတဲ့ အသင်းလည်း မဟုတ်ဘူး။ နှစ်စဉ်ချန်ပီယံလိဂ်ဝင်ခွင့် ရရှိနေမှုကနေ ဝင်ငွေတွေရနေသလို ပရိသတ်ခိုင်ခိုင်မာမာရှိတဲ့အတွက်လည်း ဝင်ငွေကောင်းကောင်းရှိတဲ့အသင်း။ ပြောချင်တာက ငွေမသုံးနိုင်လို့ မသုံးတာမဟုတ်ဘဲ သုံးနိုင် သုံးသင့်ပါလျက် မသုံးတာဆိုတော့ ပွဲကိုင်သူကို အပြစ်မပြောရင် ဘယ်သူ့ကို အပြစ်ပြောမလဲ။ ပြောရရင် ရှစ်ရာသီဆက် ဖလားလက်မဲ့ဖြစ်တည်မှုဟာ အသင်းတစ်သင်းအတွက် အပြောင်းအလဲကြီးကြီးမားမားလုပ်ဖို့ အချိန်တန်ပေမယ့် ဝင်းဂါးဘာကြောင့် ထိထိမိမိ ပြောင်းလဲမှုမလုပ်သလဲ။ ပြောရရင် အာဆင်နယ်ဟာ သူ့လက်ထက်မှာ ပွဲ ၁၀၀၀ ပြည့်တော့မယ်။ လာမယ့် ချယ်လ်ဆီးနဲ့ပွဲဆိုရင် ၁၀၀၀ ပြည့်ပြီ။ ဒါတောင်အသင်းက အသင်းကြီးဟန် လုံးဝမရှိသေးတာ။ အသင်းရဲ့အဆင့်အတန်းနဲ့ လိုက်ဖက်တဲ့ အောင်မြင်မှုမရသေးတာတွေဟာ ဝင်းဂါးရင်ထဲမှာ စွဲနေတဲ့ မူဝါဒအမှားတစ်ခုကြောင့်လို့ ပြောရင်ရမလား။

ဒီတော့ မန်နေဂျာတစ်ယောက် အသင်းတစ်သင်းမှာ တည်မြဲသင့် မတည်မြဲသင့်ကို ဘာနဲ့တိုင်းတာကြမလဲ။ ရှစ်ရာသီကြာ ဖလားလက်မဲ့အခြေအနေကနေ တစ်နှစ်တိုးပြီး ကိုးရာသီဆက်ဖလားမရမှုဆိုပြီး ဖြစ်လာခဲ့ရင်တော့ ဝင်းဂါးကိုယ်တိုင်မူပြောင်းရင်ပြောင်း။ ဒါမှမဟုတ် ဝင်းဂါးကိုပြောင်းလို့ပဲပြောချင်မိတော့မယ်။

ဝေမိုးဆက်

ဝင်းဂါးနှင့်အာဆင်နယ်မှတ်တမ်း

စုစုပေါင်းပွဲ	-	၉၉၉ ပွဲ
စုစုပေါင်းအနိုင်ရမှု	-	၅၇၂ ပွဲ
စုစုပေါင်းသရေကျမှု	-	၂၃၅ ပွဲ
စုစုပေါင်းရှုံးနိမ့်မှု	-	၁၉၇ ပွဲ
စုစုပေါင်းဖလားရမှု	-	၁၁ ကြိမ်

စိတ်ဝင်စားစွာစောင့်ကြည့်ရမယ့် မန်ယူ Super-sub ရဲ့ အနာဂတ် သို့မဟုတ် ဟာနန်ဒက်ဇ်

Super-sub ရဲ့ အခန်းကဏ္ဍဟာ ပရီမီယာလိဂ်မှာတော့ လွန်ခဲ့တဲ့နှစ်ပေါင်း အတော်ကြာကတည်းက တည်ရှိနေခဲ့တာပါ။ အထူးသဖြင့် ပါရမီရှင်ကစားသမားတွေပြည့်နှက်နေတဲ့ အသင်းတွေမှာအများအားဖြင့် ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ဒါပေမယ့် Super-sub တစ်ယောက်ဟာ အသင်းရဲ့ အောင်မြင်မှုတွေနဲ့တော့ တိုက်ရိုက်ဆက်စပ်မှုရှိနေတယ်လို့လည်း ပြောနိုင်ပါတယ်။

ပရီမီယာလိဂ်သမိုင်းမှာ Super-sub လို့ ပြောနိုင်တဲ့ ကစားသမားတွေ အများကြီးရှိနေပေမယ့် တစ်ချိန်က နာမည်ကြီး Super-sub တွေကတော့ လီဗာပူးအသင်းမှာ ၁၉၇၃ ခုနှစ်ကနေ ၁၉၈၃ခုနှစ်ထိ ကစားခဲ့တဲ့ တိုက်စစ်မှူး ဒေးဗစ်ဖဲယားခရော့ပါ။ သူဟာလီဗာပူးအသင်းမှာကစားခဲ့တဲ့ပွဲတွေမှာ သွင်းယူခဲ့တဲ့ ၅၅ ဂိုးမှာ ၃၉ဂိုးဟာ လူစားလဲပါဝင်ကစားခွင့်ရရှိခဲ့ပြီးမှ သွင်းယူခဲ့တဲ့ ဂိုးလည်းဖြစ်ပါတယ်။ ဒါပေမယ့် သူဟာနောက်ဆုံးအသင်းကနေ မထွက်ခွာစဉ်အထိ အသင်းရဲ့ ပထမကစားသမားအဖြစ် ကစားခွင့်မရရှိခဲ့ပါဘူး။ နောက်တစ်ဦးကတော့ လက်ရှိကာဒစ်ဖ်အသင်းရဲ့ မန်နေဂျာ ဆိုးလ်ရှားပါပဲ။ သူဟာမန်ယူအသင်းမှာ ၁၉၉၆-၂၀၀၇ ခုနှစ်အထိ ကစားခဲ့သူဖြစ်ပါတယ်။ သူဟာမန်ယူအသင်းမှာ ပွဲ၃၀၀ ကျော်ပါဝင်ကစားခဲ့ကာ ၁၂၆ ဂိုး သွင်းယူပေးထားခဲ့ပေမယ့် အရန်ခုံကနေပြီး လူစားလဲပါဝင်ကစားမှ သွင်းယူခဲ့တဲ့ ဂိုးက ၂၉ဂိုး ပဲရှိပါတယ်။ ဒါပေမယ့် သူလူစားလဲပါဝင်ကစားမှ သွင်းယူပေးတဲ့ဂိုးအရေအတွက်ဟာ နည်းနေပေမယ့် အသင်းရဲ့ အဓိကပွဲတွေတိုင်းမှာ လူစားလဲပါဝင်ကစားပြီး အသင်းအတွက် အနိုင်ပွဲတွေရယူပေးနိုင်တာကတော့ လူတိုင်းအတွက်မမေ့နိုင်စရာ Super-sub တစ်ဦးလည်း ဖြစ်ပါတယ်။အခြား Super-sub တစ်ဦးက ချယ်လ်ဆီးအသင်းမှာ ၁၉၉၇ခုနှစ်ကနေ ၂၀၀၀ပြည့်နှစ်အထိ ကစားခဲ့တဲ့အန်ဒရီဖလိုပါပဲ။သူဟာချယ်လ်ဆီးအသင်းကိုပေါင်၃၀၀၀၀၀နဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး အသင်းမှာ ဇိုလာ၊ မက်ဟုချ်တို့လို နာမည်ကြီးကစားသမားတစ်ဦး မဟုတ်ပေမယ့် သူသွင်းယူပေးခဲ့တဲ့ဂိုး ၅၀မှာ ၁၃ ဂိုးကတော့ လူစားလဲပါဝင်ကစားခွင့်ရရှိမှ သွင်းယူခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်း ပရိသတ်တွေအတွက်တော့ အမြဲတမ်းအမှတ်ရနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ်ရဲ့နာမည်ကြီး Super-sub နှစ်ဦးကတော့ ဟာနန်ဒက်ဇ်နဲ့ ဇက်ကိုတို့ပါပဲ။ လက်ရှိရာသီမှာ ဇက်ကိုရဲ့ အနေအထားတွေဟာ တည်ငြိမ်မှုရှိနေပေမယ့် ဟာနန်ဒက်ဇ်ရဲ့ အနာဂတ်ကတော့ လှုပ်ခတ်နေတာကို တွေ့ရပါတယ်။ ဟာနန်ဒက်ဇ်ဟာ မန်ယူအသင်းမှာ ပွဲချိန်ပြည့်ပါဝင်ကစားရခြင်းမရှိဘဲ ပွဲချိန်နောက်ပိုင်းတွေမှအသင်းမှာပါဝင်ကစားပြီး အသင်းအတွက် အရေးကြီးတဲ့ ဂိုးတွေကိုသွင်းယူနေခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ရဲ့ လျင်မြန်မှုတွေနဲ့ ဖြတ်ထိုးဉာဏ်ကောင်းမှုတွေဟာ တစ်ဖက်အသင်းရဲ့ နောက်တန်းတွေကိုတော့ အကောင်းဆုံးခြိမ်းခြောက်ပြီး အသင်းအတွက်အရေးကြီးတဲ့ ဂိုးတွေကို သွင်းယူပေးနေတာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာနန်ဒက်ဇ်ဟာ ၂၀၁၀ ပြည့်နှစ်က မက္ကဆီကိုကလပ် ဂွာဒါလာဂျာအသင်းကပြောင်းရွှေ့လာခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းမှာကစားခွင့်ရရှိတဲ့ ပထမဦးဆုံး မက္ကဆီကို ကစားသမားဖြစ်ပါတယ်။ သူဟာမန်ယူအသင်းကို ရောက်ရှိခဲ့စဉ်ကတည်းက အသင်းနဲ့အတူ ၁၄၁ပွဲ ပါဝင်ကစားထားပြီး ၅၇ဂိုးအထိ သွင်းယူပေးထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် သူပါဝင်ကစားခွင့်ရထားတဲ့ ပွဲတစ်ဝက်ကျော်ဟာ သူ့အနေနဲ့လူစားလဲပါဝင်ကစားခွင့်ရရှိခဲ့တဲ့ပွဲတွေလည်းဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ဟာ အသင်းရဲ့ပရီမီယာလိဂ်နဲ့ ဥရောပပွဲ ၁၁၅ပွဲမှာ ၅၅ကြိမ်တိုင် လူစားလဲ ပါဝင်ကစားခဲ့ရပါတယ်။ ဒါပေမယ့် အက်ဖ်အေဖလားနဲ့ ကက်ပီတယ်ဝမ်းဖလားပွဲတွေမှာ ပါဝင်ကစားခဲ့တဲ့ ၂၃ပွဲ မှာ ၁၂ဂိုး သွင်းယူထားခဲ့တာကိုတောင် ထည့်မတွက်ထားပါဘူး။ ဒါပေမယ့်သူ့အနေနဲ့အသင်းမှာ အမြဲတမ်း ကစားသမားတစ်ဦးအနေနဲ့တော့ ကစားနိုင်ခြင်း မရှိသေးပါဘူး။

အရင်ရာသီတွေမှာ ဟာနန်ဒက်ဇ်ဟာ မန်နေဂျာဖာဂူဆန်ရဲ့ လက်အောက်ပုံမှန်ကစားခွင့်မရရှိပေမယ့် ပုံမှန်ခြေစွမ်းပြပြီး လူစားလဲပါဝင်ခွင့်ရရှိထားတဲ့ပွဲတွေမှာ ဂိုးတွေသွင်းယူနိုင်တာကို တွေ့ရပါတယ်။ ဒါပေမယ့်ဒီရာသီမှာတော့ ဟာနန်ဒက်ဇ်ဟာ အသင်းရဲ့ မန်နေဂျာသစ် ဒေးဗစ်မိုယက်စ်ရဲ့ လက်အောက်မှာခြေစွမ်းပြကစားနိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဟာနန်ဒက်ဇ်ဟာ ဒီနှစ်ရာသီမှာအသင်းနဲ့အတူပရီမီယာလိဂ် ၁၉ပွဲမှာ ၁၃ပွဲဟာ လူစားလဲ ပါဝင်ကစားခွင့်ရရှိထားပေမယ့် ၂ဂိုးသာ သွင်းယူနိုင်တာကိုတွေ့ရပါတယ်။ ဒါ့အပြင် သူ့အနေနဲ့အသင်းမှာပုံမှန်ခြေစွမ်းပြကစားနိုင်ခြင်းမရှိသလို မန်နေဂျာသစ်ရဲ့ နှစ်သက်မှုကိုမခံရတာကြောင့် အသင်းကနေထွက်ခွာဖို့အထိ ဖြစ်နေတယ်လို့တောင် သတင်းတွေ ထွက်နေပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ခြေစွမ်းကိုနှစ်သက်မှုရှိနေတဲ့ ဥရောပအသင်းတွေက ခေါ်ယူဖို့အတွက် ကမ်းလှမ်းမှုတွေ ပြုလုပ်ထားတာကိုတွေ့ရပါတယ်။

ဒါပေမယ့် မန်ယူအသင်းရဲ့ Super-sub တစ်ဦးဖြစ်တဲ့ ဟာနန်ဒက်ဇ်ရဲ့ လက်ရှိရလဒ်ကောင်းတွေရရှိဖို့အတွက် ရုန်းကန်နေရတဲ့မန်ယူအသင်းကို အကောင်းဆုံးကူညီပေးပြီး အသင်းမှာပဲ ဆက်လက်ရှိနေမလား။ ဒါမှမဟုတ် Super-sub တစ်ဦးရဲ့ အခန်းကဏ္ဍကို အဆုံးသတ်ကာ ပုံမှန်ကစားခွင့်ရရှိနိုင်မယ့် တစ်သင်းသင်းကိုပဲ ပြောင်းရွှေ့ကစားမလားဆိုတာကတော့ . . . . ။

အောင်က



ဟာနန်ဒက်ဇ် စွမ်းဆောင်ရည်မှတ်တမ်း

ခုနှစ်	ပြိုင်ပွဲ	ပွဲ(လူစားလဲ)	ဂိုး	ပံ့ပိုးပေးမှု
၂၀၁၀-၁၁	ပရီမီယာ	၂၇(၁၂)	၁၃	၁
၂၀၁၁-၁၂	ပရီမီယာ	၂၈(၁၀)	၁၀	၂
၂၀၁၂-၁၃	ပရီမီယာ	၂၂(၁၃)	၁၀	၃
၂၀၁၃-၁၄	ပရီမီယာ	၁၆(၁၂)	၂	၂

Australian Grand Prix ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် နီကိုရော့စ်ဘတ်။

» စာမျက်နှာ ၈ မှ

နာမည်ကျော် ကားမောင်းသမား လူးဝစ်ဟာမီလ်တန်သည် ယခုနှစ် Australian Grand Prix ပြိုင်ပွဲတွင် ထိပ်ဆုံးနေရာမှ တာထွက်ခွင့်ရရှိခဲ့သော်လည်း အင်ဂျင်ပြဿနာကြောင့် ဒုတိယအပတ်၌ပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ထို့အတူ ၂၀၁၃ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲရာသီတွင် ချန်ပီယံဆုရရှိခဲ့သူ ရက်ဘူးလ်အသင်းသား ဆီဘက်စတီယန်ဗက်တဲလ်သည်လည်း ကား၏ ပါဝါပြဿနာကြောင့် သုံးပတ်သာ ယှဉ်ပြိုင်မောင်းနှင်နိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဆက်လက်ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။

မာစီဒီးစ်အသင်းက ၂၀၁၄ ဖော်မြူလာဝမ်းပြိုင်ပွဲ၏ ရာသီအဖွင့်ပွဲစဉ်တွင် ရရှိခဲ့သော အောင်မြင်မှုကို မတော်တဆမှုကြောင့် သတိလစ်မေ့မြောနေသူ မိုက်ကယ်ရှူးမေကာကို ရည်စူးကြောင်း ပြောဆိုခဲ့သည်။

ဂျာမနီနိုင်ငံသားတစ်ဦးဖြစ်သည့် ဖော်မြူလာဝမ်းကားမောင်းသမားဟောင်း ရှူးမေကာသည် ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ဖော်မြူလာဝမ်းပြိုင်ပွဲ ရာသီများတွင် မာစီဒီးစ်အသင်းအတွက် ပါဝင်ယှဉ်ပြိုင်ပေးခဲ့ဖူးသူဖြစ်ပြီး Australian Grand Prix ပြိုင်ပွဲများတွင် လေးကြိမ်ဗိုလ်စွဲခဲ့ကာ ဩစတြေးလျနိုင်ငံသား လက်ဖ်ဒါဗီဆင်နှင့်အတူ အအောင်မြင်ဆုံး ကားမောင်းသမားအဖြစ် မှတ်တမ်းတင်ခံထားရသူဖြစ်သည်။

၂၀၁၄ Australian Grand Prix ပြိုင်ပွဲ၏ ထိပ်ဆုံးငါးဦး

စဉ်	အမည်	အသင်း	ရမှတ်
၁	နီကိုရော့စ်ဘတ်	မာစီဒီးစ်	၂၅
၂	မဂ္ဂနပ်ဆင်	မက္ကလာရင်	၁၈
၃	ဘတ်တွန်	မက္ကလာရင်	၁၅
၄	အလွန်ဆို	ဖာရာရီ	၁၂
၅	ဘော့တပ်စ်	ဝီလီယံ	၁၀

၂၀၁၄ ခုနှစ် BNP Paribas Open တင်းနစ်ပြိုင်ပွဲ၌ ဂျိုကိုဗစ်နှင့် ပန်နက်တာတို့ အောင်ပွဲများရရှိ

ထက်အောင်



မတ် ၃ ရက်မှ ၁၆ ရက်အထိ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတွင် ကျင်းပခဲ့ပြီး မြေမာကွင်း၌ ယှဉ်ပြိုင်ရသည့် ၂၀၁၄ ခုနှစ် BNP Paribas Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် နိုဗက်ဂျိုကိုဗစ်က လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အီတလီနိုင်ငံသူ ဖလာဗီယာပန်နက်တာက လည်းကောင်း အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အနိုင်ရဗိုလ်စွဲ

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၂) ဂျိုကိုဗစ်နှင့် ကမ္ဘာ့အဆင့်(၅) ရော်ဂျာဖက်ဒါရာတို့ ဆုံတွေ့ခဲ့ပြီး ၂ နာရီနှင့် ၁၂ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရကာ ဂျိုကိုဗစ်က ၃-၆၊ ၆-၃၊ ၇-၆(၇-၃)ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် BNP Paribas Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုသည် ဂျိုကိုဗစ်အတွက် ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးရရှိခဲ့သည့် တစ်ဦးချင်းချန်ပီယံဆုဖလားဖြစ်သည်။ ဂျိုကိုဗစ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော Dubai Tennis Championships ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဖက်ဒါရာအား အရေးနိမ့်ခဲ့ရမှုကို ပြန်လည်ချေပနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က “အခုနှစ်အတွက် ပထမဆုံးချန်ပီယံဆုကို ရယူနိုင်ခဲ့တဲ့အတွက် အလွန်ပျော်ရွှင်မိသလို စိတ်လှုပ်ရှားမှုလည်း ခံစားရပါတယ်။ ဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်းက အခုနှစ်အတွင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်လာနိုင်ခဲ့ခြင်းပါ။ အခုပြိုင်ပွဲမှာ အောင်မြင်မှုရရှိခဲ့လို့ ကိုယ့်ကိုယ်ကိုယုံကြည်မှု ပိုမိုတိုးတက်လာစေပါတယ်။ ဒီယုံကြည်မှုကို ရာသီကုန်ချိန်အထိ သယ်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်ထားတယ်” ဟု ပြောသွားသည်။

ဂျိုကိုဗစ်သည် ၂၀၀၈၊ ၂၀၁၁ ခု နှစ် BNP Paribas Open တင်းနစ်ပြိုင်ပွဲများတွင်လည်း ဗိုလ်စွဲခဲ့ဖူးသူဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် နိုင်ခြေအဆင့်(၂၀)သတ်မှတ်ခံခဲ့ရသူ ပန်နက်တာက နိုင်ခြေအဆင့်(၂) ရက်ဝမ်စကာကို ၆-၂၊ ၆-၁ ဖြင့် နှစ်ပွဲပြတ်အနိုင်ရကာ ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်သည်။ ပန်နက်တာသည် ဆီမီးဖိုင်နယ်အဆင့်တွင်လည်း နိုင်ခြေအဆင့်(၁) လီနာကို နှစ်ပွဲပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သူဖြစ်ပြီး BNP Paribas Open ပြိုင်ပွဲ တစ်ဦးချင်းချန်ပီယံဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

တက်ရောက်နိုင်

အသက် ၃၂ နှစ် အရွယ်ရှိ ပန်နက်တာသည် အဆိုပါ ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် WTA ကမ္ဘာ့အဆင့် ရပ်တည်မှုတွင် ယခင်အဆင့် ၂၁ နေရာမှ ၁၂ နေရာသို့ တက်ရောက်လာနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး

နတ်ကြီးကျေးရွာတွင် ဘာလီဆေးအေးပင်များ စီးပွားဖြစ်စိုက်ပျိုး

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် နတ်ကြီးကျေးရွာ၌ အထွက်နှုန်းကောင်းပြီး ဈေးရရှိသော ဘာလီဆေးအေးအမျိုးအစား ဆေးရွက်ကြီးပင်များကို စီးပွားဖြစ်စိုက်ပျိုးလာကြောင်း သိရသည်။

နတ်ကြီးကျေးရွာအပါအဝင် အနီးဝန်းကျင်ဒေသများဖြစ်သော ငါန်းဇွန်၊ တောင်သာစသည့်တို့၌ နေထိုင်သော တောင်သူအများစုမှာ ဗမာဆေးရွက်ကြီးပင်ကိုသာ ရှေးအစဉ်အဆက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်အနေဖြင့် စိုက်ပျိုးခဲ့ရာ လွန်ခဲ့သောနှစ်မှစတင်ကာ အရွက်၊အလက်ကြီးထွားပြီး အထွက်နှုန်းများ၍ ဈေးကောင်းရရှိသော ဘာလီဆေးအေးကို ပြောင်းလဲစိုက်ပျိုးလာခဲ့ကြသည်။ ရေသွင်းစိုက်ပျိုးရသော ဘာလီဆေးရွက်ပင်များမှာ အမြင့်သုံးပေနီးပါးရှိ၍ အရွက်တစ်ရွက်လျှင် တစ်ပေကျော်မျှရှိပြီး တစ်ပင်လျှင် ၁၈ ရွက်မှ အရွက် ၂၀ အထိရှိကာ အအေးကြိုက်သော အပင်ဖြစ်၍ ဆေးရွက်များကို နေရိပ်ထဲတွင် ခြောက်သွေ့စွာလှန်း၍ ဂိုဒေါင်များထဲတွင် သဲမပါစေရန် စနစ်တကျ သိမ်းဆည်းထားကြရကြောင်း သိရသည်။

“စိုက်ပျိုးမယ့် ကုန်ကျစရိတ်ကို ဝယ်ယူမယ့် ကုမ္ပဏီက ကြိုတင်ထုတ်ပေးထားပါတယ်။ ကိုးလပိုင်းထဲမှာ ပျိုးချ၍ ၁၀ လပိုင်းမှာ စတင်စိုက်ပျိုးကြပြီး သုံးလနှင့် လေးလကြားဆိုခူးဆွတ်ကြတယ်။ တစ်ဧကကို ပျိုးပင် ၇၀၀၀ စိုက်ပျိုးနိုင်ပြီး ဘာလီဆေးရွက်တစ်ပင်က ဗမာဆေးရွက်ကြီးပင် သုံးပင်နှင့်ညီမျှပြီး ဧကပိဿာချိန် ၈၀၀ နီးပါး ထွက်ရှိပါတယ်။ ကုမ္ပဏီက အရည်အသွေးကိုရွေး၍ အစားသုံးစားခွဲခြားကာ အကောင်းဆုံးအမျိုးအစားကို ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၂၆၀၀၀၀ နှုန်းပေး၍ အညံ့ဆုံးအမျိုးအစားကို ငွေကျပ် ၁၂၀၀၀၀ ထိပေးပါတယ်။ နှစ်စဉ် စာချုပ်ချုပ်ကြရပြီး စိုက်ပျိုးစရိတ်ထုတ်ပေးသော ကုမ္ပဏီကို ထွက်ရှိသော ဆေးရွက်အချိန် ၄၀၀ သွင်းရပြီး ပိုတာကိုတော့ ကြိုက်ရာမှာ ရောင်းခွင့်ပြုတယ်။ တစ်ခါစိုက်ပျိုးလျှင် ကုန်ကျစရိတ် ခုနစ်သိန်း၊ ရှစ်သိန်းရှိပေမယ့် အရိုးရော၊ အရွက်ပါရောင်းတဲ့အခါ ၁၅ သိန်းလောက် ဝင်ငွေရတာကြောင့် တွက်ခြေကိုက်သဖြင့် တွင်ကျယ်စွာ စိုက်ပျိုးလာတာပါ”ဟု ဘာလီဆေးရွက်စိုက် တောင်သူတစ်ဦးက ပြောပြခဲ့သည်။

ယခုအခါ ဘာလီဆေးအေးပင်များကို စီးကရက်ကုမ္ပဏီများက စိုက်ပျိုးနည်းစနစ်နှင့် ကုန်ကျစရိတ် ကြိုတင်ထုတ်ပေးသောကြောင့် နေရာတော်တော်များများတွင် စီးပွားဖြစ်စိုက်ပျိုးလာကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယခင်အပတ်မှအဆက်)

၁၁။ **ငါန်းဇွန်မြို့နယ်အတွင်း တယ်လီဖုန်းဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် တာဝါတိုင်စိုက်ထူပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ စိုက်ထူပေးနိုင်ပါက ငါန်းဇွန်မြို့နယ်အတွင်းရှိ ဂျိုး၊ ကုန်းလည်၊ သေနတ်စိမ်း၊ သာကျင်ရွာတို့တွင် စိုက်ထူပေးစေလိုပါသည်။ မြေနေရာချထားရေးအတွက် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းမေးမြန်းချက်နှင့်ပတ်သက်၍** ငါန်းဇွန်မြို့နယ်တွင် GSM တာဝါတိုင်တစ်တိုင် တည်ဆောက်ထားပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ငါန်းဇွန်မြို့နယ်၊ မြို့သာတွင် တာဝါတိုင်တစ်တိုင် တိုးချဲ့တပ်ဆင်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ မြေနေရာရရှိပြီးဖြစ်သည်ဟုသိရှိရပါသဖြင့် လုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်လာမည်ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသာမက ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်လာပါက ယခုထက်ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးဥပဒေအရ စီးပွားရေးအရ တွက်ခြေကိုက်သည့်မြို့ကြီးများသာမက ဆက်သွယ်ရေးဖွံ့ဖြိုးမှုနောက်ကျနေသည့် ကျေးရွာများပါ တာဝါတိုင်များဆောင်ရွက်ပေးရန် ကတိကဝတ် ရှိပါသည်။ သို့ဖြစ်ပါ၍ မကြာမီကာလအတွင်း ဆက်သွယ်မှုအဆင်ပြေလွယ်ကူလာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၂။ **ညောင်ဦးမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဌာနမှ အော်တိုတယ်လီဖုန်းအလုံး ၁၀၀၀ ကို ၂၀၁၄ ခုနှစ်တွင် ငှားရမ်းအသုံးပြုခွင့် ပြုခဲ့ပြီးဖြစ်ပါသည်။ သို့သော်လက်ရှိအခြေအနေအရ တိုးပွားလာသည့် အိမ်ထောင်စုများ၊ ဟိုတယ်၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အခြားလုပ်ငန်းအသစ်များ၊ ကားဝင်းအသစ်၊ ပုဂံဘူတာ၊ ခရိုင်ရုံးများ၊ ဘဏ်များ စသည့်လုပ်ငန်းများအတွက် အော်တိုတယ်လီဖုန်းကတ် ၅၀၀ တိုးချဲ့ငှားရမ်း သုံးစွဲခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ညောင်ဦးမြို့ ZXJ-10 အော်တိုအိတ်ချိန်းမှာ ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်တပ်ဆင်ခဲ့သော အိတ်ချိန်းဖြစ်ပြီး လိုင်းအင်အား ၁၀၂၄ လိုင်း၊ တပ်ဆင်ပြီး ၁၀၁၉ လိုင်း ရှိပါသည်။ ညောင်ဦးမြို့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားလာသည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် တိုးတက်လာသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဘဏ်များတွင် အသုံးပြုရန် အော်တိုဖုန်းလိုင်းများ လိုအပ်လာမည်ဖြစ်ပါသည်။ လိုင်းအင်အားတိုးချဲ့ရန်မှာ အိတ်ချိန်းသာမက မြို့တွင်းကေဘယ်လ်များပါတိုးချဲ့တည်ဆောက်ရမည်ဖြစ်ပြီး ဘတ်ဂျက်နှင့် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သဖြင့် ယခုလောလောဆယ်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် လိုင်းအင်အား တိုးချဲ့တည်ဆောက်နိုင်ရေး လိုအပ်သည်များအား တွက်ချက်၍ ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၃။ **ပုဂံညောင်ဦးဒေသ ဟိုတယ်များအားလုံးလွှမ်းခြုံနိုင်သော ဧရိယာအတွင်း၌ အင်တာနက်ဆက်သွယ်နိုင်ရန်အတွက် ဖိုင်ဘာ ပင်မဆက်ကြောင်းလိုင်းများ ဆက်သွယ်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** ပုဂံညောင်ဦးဒေသဟိုတယ်များအားလုံး လွှမ်းခြုံနိုင်သော ဧရိယာအတွင်း၌ အင်တာနက်ဆက်သွယ်နိုင်ရန်အတွက် ဖိုင်ဘာပင်မဆက်ကြောင်းလိုင်းများ ဆက်သွယ်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်နေသော မန္တလေး-စစ်ကိုင်း-မြင်းမူ-ရေဦး- ရေစကြို-ပခုက္ကူ-ညောင်ဦး ဖိုင်ဘာဆက်ကြောင်းမှ ညောင်ဦးမြို့သို့ (48 Core) ရောက်ရှိပြီးဖြစ်ပါသည်။ ဟိုတယ်များအားလုံးသို့ ဖိုင်ဘာအင်တာနက်ရရှိစေရေးအတွက် သက်ဆိုင်ရာ ဟိုတယ်/လုပ်ငန်းရှင်များမှ ကုန်ကျစရိတ်များကျခံ၍ ဖိုင်ဘာအင်တာနက်သုံးစွဲလိုကြောင်း လျှောက်ထားလာပါက OD Work (Other Deposit Work) အနေဖြင့် ဆောင်ရွက်ပေးနိုင်ပါကြောင်းဖြေကြားအပ်ပါသည်။ ယခုလောလောဆယ်အားဖြင့်လည်း အချို့ဟိုတယ်များတွင် ဖိုင်ဘာအင်တာနက်လိုင်းများ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၄။ **ငါ့သရောက်မြို့နယ်ခွဲသည် အိမ်ထောင်စု ၉၀၄၆ စု လူဦးရေ ၄၁၅၄၆ ရှိပါသည်။ ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရေးအတွက် တာဝါတိုင်များ တိုးချဲ့ဆောက်လုပ်ပေးရန်မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ညောင်ဦးမြို့နယ်တွင် GSM ရေဒီယိုစခန်းလေးခု တည်ဆောက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ လျာထားဆောင်ရွက်လျက်ရှိပါသည်။ ငါ့သရောက်မြို့နယ်ခွဲတွင် တာဝါတိုင်များ တည်ဆောက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဦးစားပေးအစီအစဉ်အရ အဆင့်လိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၅။ **လိုင်း ၃၀၀ ပါ ကြိုးဖုန်း Auto Exchange ငါ့သရောက်မြို့နယ်ခွဲတွင် တပ်ဆင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ငါ့သရောက်မြို့နယ်ခွဲတွင် လိုင်း ၃၀၀ ပါ အော်တိုအိတ်ချိန်းတစ်ခု တည်ဆောက်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဘတ်ဂျက်နှင့် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သဖြင့် ယခုလောလောဆယ် ချက်ချင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း နောက်ဘတ်ဂျက်များတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၆။ **ဆက်သွယ်ရေး တာဝါတိုင်များ တည်ဆောက်ရန် လိုအပ်သည့် မြေနေရာများကို အခြားမြို့ကြီးများနည်းတူ ငှားရမ်းခ (သို့မဟုတ်) ဒေသပေါက်ဈေးဖြင့် ဝယ်ယူဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ဆက်သွယ်ရေးတာဝါတိုင်များကို တည်ဆောက်ရာတွင် တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းများကိုသာ ကုမ္ပဏီများက တင်ဒါစနစ်ဖြင့် ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မည္ဆန်ကြားမိ အချို့သောကုမ္ပဏီများက ကြိုတင်ဆောင်ရွက်လို၍လည်းကောင်း၊ အခြားသောအကြောင်းများကြောင့် လည်းကောင်း၊ မြေနေရာများ ရှာဖွေနေကြခြင်းဖြစ်ပါမည်။ မည်သို့ပင်ဖြစ်စေကာမူ အဆိုပါတာဝါတိုင်များမှာ နိုင်ငံတော်ပိုင်သာဖြစ်ပါသည်။ မြေနေရာရရှိရေးဆောင်ရွက်ပေးနိုင်ပါက နိုင်ငံတော်အနေဖြင့်တစ်ဖက်တစ်လမ်းမှ ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ပါသည်။ မြေနေရာအနေဖြင့် နည်းပညာပိုင်းဆိုင်ရာအရ သင့်လျော်ကိုက်ညီသော နေရာဖြစ်ရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့/ ဒေသအာဏာပိုင်များ/ မြို့မိမြို့ဖ/ ရပ်မိရပ်ဖများနှင့် ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ကယားပြည်နယ်

လွိုင်ကော်မြို့တွင် စင်းလုံးငှားယာဉ်စခန်းဖွင့်

ရွှေရတီအမည်ရှိ စီးလုံးငှားယာဉ်စခန်းကို ကယားပြည်နယ် လွိုင်ကော်မြို့ လောဝမ္မရပ်ကွက် လောပိတလမ်းရှိ စစ်မှုထမ်းဟောင်းရုံးရှေ့၌ မတ် ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လွိုင်ကော်ခရိုင်အတွင်း၌ ခရီးသည်နှင့် ကုန်စည်များသယ်ယူပို့ဆောင်ပေးခြင်းလုပ်ငန်းကို ရွှေရတီစီးလုံးငှားယာဉ် အငှားယာဉ်များက စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ရွှေရတီစီးလုံးငှားယာဉ် အငှားယာဉ်စခန်းကို ယာဉ် ၁၀ စီးဖြင့် စတင် ဖွင့်လှစ်ပြေးဆွဲခြင်းဖြစ်ပြီး ကယားပြည်နယ်၏ ရေမြေတောတောင်သဘာဝအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားရောက်လေ့လာရာတွင် လွယ်ကူစေရန်ဟူသော အဓိကရည်ရွယ်ချက်များဖြင့် ယခုယာဉ်စခန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် ယာဉ်ငှားရမ်းခနှုန်းထားကို သက်ဆိုင်ရာမှ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲခြင်းဖြစ်ကြောင်း ရွှေရတီစီးလုံးငှား ယာဉ်စခန်းတာဝန်ခံ ဦးခင်မောင်ကျော်က ပြောကြားသည်။

ယခုအခါ ကယားပြည်နယ်တွင် ငြိမ်းချမ်းမှုရရှိလာပြီဖြစ်၍ငြိမ်းချမ်းမှု၏ အသီးအပွင့်အဖြစ်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ပြည်တွင်းပြည်ပခရီးသည်များ အဝင်အထွက်၊ အသွားအလာများ ပြားလာခဲ့ရာ အဝေးပြေးနှင့်ဒေသတွင်းသွား ခရီးသည်ပို့ဆောင်ရေးယာဉ်များ တိုးချဲ့ဖွင့်လှစ် ပြေးဆွဲလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး

မြို့ရေပေးဝေရေးတိုးချဲ့ဆောင်ရွက်မည်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ရေပေးဝေရေးလုပ်ငန်းကို ပြီးခဲ့သည့် ၁၀နှစ်ကျော်ကာလမှ စတင်ကာဆောင်ရွက်ခဲ့၍ ရေဂါလန်ရှစ်သောင်းဆံ့ရေစုကန်ဖြင့် မြို့ပေါ်ရပ်ကွက် လေးခုတို့တွင် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိသည်။ မြို့မှာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေလိုအပ်ချက်လည်းများပြားလာရာ တိုးချဲ့ရေပေးဝေနိုင်ရေး အစည်းအဝေးကို မတ် ၁၇ ရက် နံနက်က ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ရေပေးဝေရေးလုပ်ငန်းကို ရပ်ကွက်များ၌ ရေပေးဝေရေးကော်မတီများဖွဲ့စည်းကာ ရေစုကန်နှင့်ရေစင်များတိုးချဲ့ဆောက်လုပ် ဆောင်ရွက်ရေး၊ လက်ရှိအသုံးပြုနေသော ရေပိုက်များစိစစ်လဲလှယ်ရေးတို့အပြင် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

နယ်စပ်ဖွံ့ဖြိုးရေးအတွက် ယာဉ်/ယန္တရားများပံ့ပိုးဆောင်ရွက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ မြေတူးစက်၊ လမ်းကြိတ်စက်၊ မြေထိုးစက်နှင့် မြေသယ်ယာဉ်များ အပါအဝင် ယာဉ်၊ ယန္တရားကြီးများခြောက်စီးနှုန်းစီ ဒေသအရောက် ပို့ဆောင်ပေးနေသည်ကို တွေ့မြင်ကြားသိရသဖြင့် ဒေသခံတိုင်းရင်းသားများအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ဒေသတစ်ခုလျှင် မြေတူးစက်တစ်စီး၊ မြေထိုးစက်တစ်စီး၊ လမ်းကြိတ်စက်တစ်စီးနှင့် မြေသယ်ယာဉ်သုံးစီးနှုန်းစီရရှိမည်ဖြစ်ပြီး ယင်းဒေသများတွင် လမ်းများဖောက်လုပ်ရန်၊ လယ်ယာမြေများဖော်ထုတ်ရန်အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်ဖြင့် စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၅ နှစ်ခန့်က ကိုးကန့်ဒေသ၊ "ဝ"ဒေသ၊ ကချင်အထူးဒေသ(၁)နှင့် ချင်းဒေသများတွင် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးတို့အတွက် ဂျပန်နိုင်ငံမှကူညီထောက်ပံ့ပေးသော လယ်ယာသုံးပစ္စည်းများအား တိုင်းရင်းသားကိုယ်စားလှယ်များထံလွှဲပြောင်းပေးအပ်ခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရမိသည်။ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ၃၀-၈-၁၉၉၉ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် လမ်းသစ်လမ်းရှိ ပျဉ်းမပင်ပစ္စည်းသိုလှောင်ရုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က နယ်စပ်/စည်ပင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်တင်(ကွယ်လွန်)နှင့် ဗိုလ်မှူးချုပ်သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဝဏ္ဏမောင်လွင်၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်လှထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး Mr. Kamo နှင့် သံမှူး Mr. Naoki Ito၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ Mr.T.Yoshida နှင့် Mr.T. Iwasaki၊ ကုလသမဂ္ဂ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ် (UNDCP) မှ Mr. Richard Dickins၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များတက်ရောက်ကြသည်။ အစီအစဉ်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဝဏ္ဏမောင်လွင်က စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးနှင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးအထောက်အကူပြုရန်၊ တင်သွင်းရောက်ရှိလာသော လယ်ယာသုံးပစ္စည်းများ အခြေအနေ၊ နယ်စပ်ဒေသများသို့ ဖြန့်ဝေပေးပို့မှုအခြေအနေ၊ နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ လူမှုစီးပွားမြင့်မားတိုးတက်လာမှုနှင့် ဘိန်းအစားထိုးသီးနှံတိုးချဲ့စိုက်ပျိုးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှသံမှူးကြီး Mr.Kamoက အမှာစကားပြောကြားရာတွင် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးအတွက်သာမက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးကိုပါ ရည်မှန်း၍ ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်ကိုတွေ့ရှိရသဖြင့် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။ အခမ်းအနားအပြီးတွင် သက်ဆိုင်ရာဒေသများသို့ပေးပို့ရန် ခါတ်မြေဩဇာများ တင်ဆောင်ထားသည့် ယာဉ်တန်းများ၊ လယ်ထွန်စက်ကြီးများ အစီအရီ မောင်းနှင်ထွက်ခွာသွားချိန်၌ တက်ရောက်လာသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၏ ရင်တွင်းခံစားချက်ကို သူတို့၏အပြုံးမျက်နှာများပေါ်တွင် ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

တစ်ချိန်သောကာလတစ်ခု၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယာဉ်/ယန္တရားအကူအညီများကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ခြင်း မရှိခဲ့ပါ။ နယ်စပ်ဒေသများနှင့်ဆက်နွယ်နေသည့် စစ်အင်ဂျင်နီယာတပ်ရင်း(၅)ရင်းရှိ ယာဉ်/ယန္တရားများဖြင့်သာ ဖြန့်ကြက်ဆောင်ရွက်ပေးခဲ့ရသည်။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့မှ စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးတို့အတွက် လယ်ထွန်စက်ကြီးများအပါအဝင် ကူညီထောက်ပံ့မှုများရရှိခဲ့သည်။ ထိုင်းနိုင်ငံချေးငွေဖြင့် ယာဉ်/ယန္တရားများအတွက် အပိုပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အစီအစဉ်ဖြင့် ပိုမိုဆောင်ရွက်ပေးလာနိုင်ပြီဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက် မြေထိုးစက်နှစ်စီး၊ လမ်းကြိတ်စက် နှစ်စီး၊ မြေသယ်ယာဉ်လေးစီး စုစုပေါင်း ရှစ်စီးနှုန်းစီ ထုတ်ပေးခဲ့သည်။ ထို့ပြင် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဒေသဆိုင်ရာ နတလလုပ်ငန်းကော်မတီနယ်မြေအလိုက် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုရန် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများသို့ မြေတူးစက်တစ်စီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ်လေးစီးစီ၊ ဖဖရ (မော်လမြိုင်)၊ ဖဖရ (လားရှိုး)၊ ဖဖရ (တောင်ကြီး)၊ ဖဖရ (လွိုင်ကော်)၊ ဖဖရ (ထားဝယ်)၊ ဖဖရ (ဟားခါး)၊ ဖဖရ (စစ်တွေ)၊ ဖဖရ (ဘားအံ)ရုံးများသို့ ထုတ်ပေးပြီးဖြစ်သည်။ ဖဖရ (မြစ်ကြီးနား)၊ ဖဖရ (မုံရွာ) နှင့် ဖဖရ (ကျိုင်းတုံ) ရုံးများမှာ ထုတ်ယူရန်ဆောင်ရွက်ဆဲဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယင်းကဲ့သို့ ယာဉ်/ ယန္တရားများ ကူညီပံ့ပိုးပေးခြင်းဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ လမ်းအရည်အသွေး၊ လုပ်ငန်းအလိုက် စံချိန်စံညွှန်းများလည်း မြင့်မားကောင်းမွန်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မြင့်စိုး(နတလ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

သီပေါကျေးလက်ဒေသမှ ပြည်သူများ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိန်းချေ/တိမ်းစံကျေးရွာအုပ်စု ကွန်ကျောင်း၊ နောက်ကပ်၊ လွယ်ကျိုင်း၊ နားလင်း၊ တိန်းချေ/ တိန်းစံကျေးရွာများနှင့် မြို့ပြသို့ဆက်သွယ်သော ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း၊ သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ်သို့လည်းကောင်း မြို့ပြနှင့်ကျေးလက်ဒေသသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုလွယ်ကူချောမွေ့စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ခင်းကျင်းဆောင်ရွက်ပေးခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးအချိန်မရွေး အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများဆောင်ရွက်ရာ၌ ယခင်ထက်များစွာ အကျိုးပြုမည်ဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း အသက် ၇၅ နှစ်ရှိ ဒေသခံတစ်ဦးဖြစ်သည့် ဦးလုံးဆမ်စိုင်းအွမ်က ပြောသည်။

ကတ္တရာလမ်း ကွန်ကရစ်တံတားနှင့် ကျေးလက်မှမြို့ပြသို့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် အဆင်ပြေစွာ ဖြတ်သန်းသွားလာနေကြသည်ကို မတ် ၁၈ ရက်က ဤသို့မြင်တွေ့ခဲ့ရသည်။ **(အပေါ်ပုံ)**

စိုင်း(သီပေါ)

နိုင်ငံကြီးသားပီသစွာ
အခွန်ဆောင်တာ
ပြည့်အကျိုးပါ

သင်္ဘောပင်အရွက်ဖြင့် တုပ်ကွေးရောဂါပျောက်ကင်းစေနိုင်

စိုးဝင်း(SP)

အားလုံးအတွက် အရေးပါတယ်ထင်လို့ ထပ်ဆင့်ပြန့်ပွားလိုက်ရပါတယ်။

မကြာသေးခင်က ကျွန်တော့်ရဲ့ ကျောင်းနေဖက်သူငယ်ချင်းရဲ့သားဖြစ်သူဟာ တုပ်ကွေးရောဂါကြောင့် ကိုယ်ပူချိန်ကို ဘယ်လိုပျောက်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာဖြစ်လို့ ထပ်ဆင့်အသိပညာပွားပေးခြင်းလည်းဖြစ်ပါတယ်။ အရေးပေါ်ခန်းထဲကနေ သွေး ၁၅ လီတာသွင်းပြီးတာတောင် သွေးခဲမှုစံနှုန်းက အဆင့် ၁၅ မှာပဲ ရှိနေတဲ့အခြေအနေပါ။

အဖေဖြစ်သူက သားအတွက်တော်တော့်ကို စိုးရိမ်ပြီး အခြားသူငယ်ချင်းတွေ အကူအညီနဲ့ သူ့သားကျန်းမာလာဖို့ ကြိုးစားခဲ့ပါတယ်။ သူ့သားကို သင်္ဘောသီးပင်အရွက် ဖျော်ရည်ကို တိုက်လိုက်ပါတယ်။ သွေး ၂၀ လီတာ သွင်းပြီးတာတောင် သွေးခဲနေမှုစံနှုန်းက အဆင့် ၄၅ဖြစ်ပြီးနောက် သင်္ဘောသီးအရွက်ဖျော်ရည် ထပ်သောက်လိုက်တော့ စံနှုန်း ၁၃၅ ကို ခုန်တက်သွားပါတော့တယ်။ ဆရာဝန်နဲ့သူနာပြုဆရာမတွေလည်း အံ့သြလို့ မဆုံးပါဘူး။

နောက်တစ်ရက်မှာ သက်သာသွားတော့ သူ့သတင်းကောင်း ဆင့်ပွားလို့ ကျွန်တော့်ကို သူငယ်ချင်းလုပ်သူက ပြောပါတယ်။

ပြုလုပ်ပုံအဆင့်ဆင့်ကတော့ သင်္ဘောသီး အရွက်တစ်ရွက်ကို သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ပြီး အဝတ်ထဲထည့်ညှစ်ပါ။ ညှစ်ယူတဲ့အခါမှာလည်း လက်ဖက်စားဇွန်းတစ်ဇွန်းစာပဲ ညှစ်ရမှာဖြစ်ပါတယ်။ တစ်ရက်ကို နှစ်ဇွန်းစာ သုံးဆောင်ပါ။ မချက်ပါနဲ့၊ ရေနွေးနဲ့ မဆေးပါနဲ့၊ တကယ်လို့ ရေနွေးနဲ့ ဆေးခဲ့ရင် အာနိသင်ဆုံးရှုံးစေနိုင်လို့ ဖြစ်ပါတယ်။ သင်္ဘောသီးရဲ့ ပင်စည်တွေမပါဘဲ သင်္ဘောသီးပင်အရွက်တစ်မျိုးတည်း အသုံးပြုပြီးဖျော်ပါ။ ခါးတဲ့အရသာရှိပေမယ့် အကျိုးရှိနိုင်တယ်လို့လည်း သိရပါတယ်။

စာဖတ်ပရိသတ်လည်း အခြားနေရာတွေကနေလည်း ကြားမိကြမှာပါ။ ဒါပေမယ့် မကြားဖူးခဲ့ရင်လည်း ပြောချင်ပါတယ်။ သင်္ဘောသီးပင်ရဲ့ အရွက်ဖျော်ရည်က တုပ်ကွေးရောဂါပျောက်ကင်းစေပါတယ်။ တုပ်ကွေးရောဂါဟာ နေရာတကာ ပျံ့နှံ့နေတယ်ဆိုတော့ မည်သူ့ကိုမဆို မျှဝေစေချင်ပါတယ်။ ကျွန်တော့်ရဲ့ အခြားသူငယ်ချင်းတစ်ယောက်လည်း မနှစ်က တုပ်ကွေးရောဂါနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ သူတုပ်ကွေးရောဂါဖြစ်ပြီး ဆေးရုံမှာ သုံးရက်ကြာတော့ သူ့ရဲ့သွေးခဲနေမှုစံနှုန်းက အဆင့် ၂၈၀၀၀ ကို ကျသွားပါတယ်။ အသက်ရှူကျပ်နေပါတယ်။ အသက်ကတော့ ၃၂ နှစ်ပဲ ရှိပါသေးတယ်။ နောက်တော့ ဆရာဝန်က တုပ်ကွေးရောဂါကုဖို့ ဆေးမရှိဘူးလို့ ပြောပါတယ်။ သူ့ခန္ဓာကိုယ်အတွင်း သွေးကြောလည်ပတ်မှုကနေ တုပ်ကွေးရောဂါကို တိုက်ခိုက်ခုခံနေတာကိုပဲ စောင့်နေရပါတော့တယ်။ သွေးက နှစ်ကြိမ် သွင်းပြီးပါပြီ။ သွေးကြောတွေ ပုံမှန်လည်ပတ်ဖို့ ဆုတောင်းပေးရုံမှတစ်ပါး ဘာမှမလုပ်တတ်တော့ပါဘူး။ အဲဒီအချိန်မှာ ကံကောင်းထောက်မစွာပဲ သူ့ယောက္ခမဖြစ်သူက သင်္ဘောသီးပင်အရွက်ဖျော်ရည်က ကိုယ်ပူနဲ့တုပ်ကွေးရောဂါကို ပျောက်ကင်းစေတယ်လို့ ကြားတော့ အမြန်ဆုံး သူ့ကို ဖျော်တိုက်လိုက်ပါတယ်၊ နောက်တစ်ရက်မှာ သူ့သွေးကြောလည်ပတ်မှုဟာ ပုံမှန်ဖြစ်ပြီး ကိုယ်ပူကျလာပါတယ်။ နောက်ထပ်ဆက်တိုက် သင်္ဘောသီးပင်အရွက်ဖျော်ရည်ကို ထပ်တိုက်တော့ သုံးရက်ကြာမှ လုံးဝပျောက်ကင်းသွားပါတော့တယ်။ အံ့သြဖို့ကောင်းပေမယ့် ဒါဟာ တကယ့်ဖြစ်ရပ်မှန်ပါ။ တုပ်ကွေးရောဂါနဲ့ ကိုယ်ပူတဲ့လူကို သင်္ဘောသီးပင်အရွက်အစွမ်းနဲ့ပျောက်ကင်းစေတယ်လို့ ယုံကြည်ပါတယ်။ ကိုယ်ပူချိန်ကို ကျစေတာပါ။ အပူကြောင့် အသံဝင်ခြင်းကိုလည်း ပျောက်ကင်းစေနိုင်တာကိုလည်း ကျွန်တော် စမ်းသပ်တွေ့ရှိခဲ့ပါတယ်။

တုပ်ကွေးရောဂါဟာ နေရာတကာ ဖြန့်ကြက်နေတာဆိုတော့ ကျေးဇူးပြုပြီး ဒီသတင်းကို မျှဝေကြစေချင်ပါတယ်။ သဘာဝစွမ်းအားဟာ တုပ်ကွေးရောဂါသည်ကို ပျောက်ကင်းစေပါတယ်။ အလွန်လွယ်ကူတဲ့ နည်းလမ်းပါ။ အရည်ညှစ်ပြီး ဖျော်ရည်လုပ်ပါ။ သောက်သုံးပါ။ ထူးဆန်းစွာ ပျောက်ကင်းသက်သာလာပါလိမ့်မယ်။

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၅၀) ဘဏ်မြောက်

ပင်လောင်းဘဏ်ခွဲ ကို

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့ တွင်

၂၁.၃.၂၀၁၄ (သောကြာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ပင်လောင်းဘဏ်ခွဲ

အမှတ်(၁၀)၊ ပြည်ထောင်စုလမ်းမကြီး၊ မင်္ဂလာကွက်သစ်ရပ်ကွက်၊

ပင်လောင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။

ဖုန်း – (၀၈၁) ၅၄၅၄၉၊ ၅၄၅၅၀၊ ၅၄၅၅၂

ဖက်စ် – (၀၈၁) ၅၄၅၅၃၊ ၅၄၅၅၄

www.kbzbank.com

မြန်မာ့အလင်း
၂၁-၃-၂၀၁၄ (သောကြာနေ့)

MAN UTD VS MAN CITY

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
မန်ယူ	၂၀	၁၁	၄	၂၀	၃	-	၁	၁	၁	၁	၆၂
မန်စီးတီး	၃	၅	၃	၄	-	-	၁	-	-	-	၁၆



KEY PLAYER

ရွန်းနေ-တိုက်စစ်

ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး	-	၁၁ဂိုး
ယခုနှစ် ပရီမီယာလိဂ်ပွဲထွက်မှု	-	၂၄ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၁၆၇ဂိုး
မန်ယူအတွက် စုစုပေါင်းသွင်းဂိုး	-	၂၁၀ဂိုး
မန်ယူအတွက်စုစုပေါင်း ပွဲကစားမှု	-	၄၃၂ပွဲ

KEY PLAYER

ဇက်ကို-တိုက်စစ်

ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး	-	၈ဂိုး
ယခုနှစ် ပရီမီယာလိဂ်ပွဲကစားမှု	-	၂၁ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၃၈ဂိုး
မန်စီးတီးအတွက် စုစုပေါင်းသွင်းဂိုး	-	၅၈ဂိုး
မန်စီးတီးအတွက်စုစုပေါင်း ပွဲကစားမှု	-	၁၄၅ပွဲ

Man Utd Formation - 4-2-3-1



Man City Formation - 4-2-3-1



PREDICTED TEAM

မန်ယူ၏ ခြေစွမ်းမှာတည်ငြိမ်မှုမရှိ။ အထူးသဖြင့် ရွန်းနေ၊မာတာ၊ဗန်ပါစီတို့၏ တိုက်စစ်ဇုန်သည် ဂိုးသွင်းခြေ မတည်ငြိမ်ပေ။ ထို့အပြင် မန်ယူ၏ခံစစ်ကြောင်းသည် ယခုရာသီ၌ အားနည်းမှုများရှိနေသည်ကို တွေ့ရပေသည်။

LAST FIVE MATCHES RECORD

L	W	W	D	D

LAST FIVE MATCHES RECORD

W	W	D	L	W

PREDICTED TEAM

ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားတို့မှ ထွက်ခဲ့ရမှုသည် ပရီမီယာလိဂ်၌ မန်စီးတီး၏ရှန်းအားကို မြှင့်တင်စေသည်။ ဟားလ်နှင့်ပွဲတွင် ၁၀ဦးတည်းဖြင့် အနိုင်ကစားခဲ့သော မန်စီးတီး၏ခြေမှာ တည်ငြိမ်မှုရှိသည်ဟု ဆိုရမည်။

FIVE CLASSIC MATCHES

မန်ယူ ၁-၂ မန်စီးတီး
၈-၄-၁၂ ပရီမီယာလိဂ်

ထိုပွဲ၌ မန်ယူတို့ မန်စီးတီးတိုက်စစ်ကို မထိန်းနိုင်ခဲ့။ ၅၂ မိနစ်တွင် မီလ်နာက မန်စီးတီးအတွက် အဖွင့်ဂိုးသွင်းခဲ့ပြီး ၅၉ မိနစ်တွင် ကွန်ပနေ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် မန်ယူတို့ ချေပဂိုးပြန်ရခဲ့သော်လည်း ၇၈ မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် အနိုင်ဂိုးသွင်းခဲ့သည်။

မန်ယူ ၁-၆ မန်စီးတီး
၂၃-၁၀-၁၁ ပရီမီယာလိဂ်

မန်ယူအတွက် အရှက်ရသော ပွဲဖြစ်သည်။ ၄၇မိနစ်တွင် အီဗန်နအထုတ်ခံရမှုကပို၍ အားပျော့စေသည်။ ထိုမတိုင်မီ မန်စီးတီးက တစ်ဂိုးသာရသေးသော်လည်း ဖာဂူဆန်က တစ်ယောက်လျော့သွားခြင်းကို ဂရုမပြုဘဲတိုက်စစ်ဖွင့်ကစားခဲ့ခြင်းကြောင့်ဂိုးပြတ်ရှုံးခဲ့သည်။

မန်ယူ ၂-၁ မန်စီးတီး
၁၂-၂-၁၁ ပရီမီယာလိဂ်

ထိုပွဲတွင် မန်ယူသည် မန်စီးတီးအား ကောင်းစွာယှဉ်နိုင်ခဲ့သည်။ ၄၁မိနစ်တွင် နာနီက အဖွင့်ဂိုးသွင်းခဲ့မှုက ၆၅မိနစ်တွင် ဆေးလ်ဗားက မန်စီးတီးအတွက် ပြန်ချေပခဲ့သော်လည်း ၇၈မိနစ်တွင် ရွန်းနေက အနိုင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ မန်ယူတို့ ၂-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူ ၃-၁ မန်စီးတီး
၂၈-၁-၁၀ ကက်ပီတယ်ဝမ်း

ထိုပွဲတွင် မန်ယူတို့အသာစီးမှ ကစားနိုင်ခဲ့ပြီး ၅၁မိနစ်နှင့် ၇၁မိနစ်တို့တွင် ပေါလ်စခိုးနှင့် ကာရစ်တို့က နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ ထို့နောက် ၇၆မိနစ်တွင်တီဗက်ဇ်ကမန်စီးတီးအတွက် တစ်ဂိုးပြန်ချေပခဲ့သော်လည်းနာကျင်အချိန်ပိုတွင် ရွန်းနေကတတိယအနိုင်ဂိုးသွင်းခဲ့သည်။

မန်ယူ ၄-၃ မန်စီးတီး
၂၀-၉-၀၉ ပရီမီယာလိဂ်

အငြင်းပွားဖွယ်ရာပွဲဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ သုံးဂိုးစီသရေကျနေခဲ့ပြီးမှ နာကျင်အချိန်ပိုတွင် အိုဝင်က အနိုင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။ ထိုဂိုးသွင်းချိန်၌ သတ်မှတ်ပေးသည့်နာကျင်အချိန်ပိုမိနစ်ထက် တစ်မိနစ်မက ကျော်နေပြီဖြစ်၍ အငြင်းပွားဖွယ်ဖြစ်ခဲ့သည်။

ပရီမီယာလိဂ်လက်ကျန်ပွဲများ

၂၆-၃-၂၀၁၄		
မန်ယူ	- မန်စီးတီး	နံနက် ၂း၁၅
အာဆင်နယ်	- ဆွမ်ဆီး	နံနက် ၂း၁၅
နယူးကာဆယ်	- အဲဗာတန်	နံနက် ၂း၁၅
၂၇-၃-၂၀၁၄		
ဝက်စ်ဟမ်း	- ဟားလ်	နံနက် ၂း၁၅
လီဗာပူး	- ဆန်းဒါးလန်း	နံနက် ၂း၃၀

သစ်မင်းအိမ်

၂၀၁၄ ဖော်မြူလာဝမ်းပြိုင်ပွဲရာသီ၏ Australian Grand Prix ပြိုင်ပွဲတွင် နီကိုရော့စ်ဘတ် ဗိုလ်စွဲ

၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်း ကားပြိုင်ပွဲရာသီ၏ ပထမဆုံးပွဲစဉ်ဖြစ်သည့် Australian Grand Prix ပြိုင်ပွဲအား ပြီးခဲ့သည့် မတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ပြီး ဖော်မြူလာဝမ်းပြိုင်ပွဲ ရာသီသစ်စတင်ခဲ့သည်။ Australian Grand Prix ပြိုင်ပွဲသည် စုစုပေါင်း ၅၇ ပတ် ယှဉ်ပြိုင်မောင်းနှင်ရသည့် ပြိုင်ပွဲဖြစ်သည်။

ယခုနှစ် Australian Grand Prix ပြိုင်ပွဲတွင် မာစီဒီးစ်အသင်းမှ ဂျာမနီနိုင်ငံသား နီကိုရော့စ်ဘတ်က စုစုပေါင်း မောင်းနှင်ချိန် ၁ နာရီ ၃၂ မိနစ် ၅၈ ဒသမ၇၁၀ စက္ကန့်ဖြင့် ထိပ်ဆုံးမှ ပန်းဝင်ကာ အနိုင်ရဗိုလ်စွဲခဲ့ပြီး ရမှတ် ၂၅မှတ်ရရှိသွားခဲ့သည်။ ဒုတိယနေရာတွင် မက္ကလာရင်အသင်းမှ ဒိန်းမတ်နိုင်ငံသား ကီဗင်မဂ္ဂနပ်ဆင်ကလည်းကောင်း၊ တတိယနေရာတွင် မက္ကလာရင်အသင်းသားတစ်ဦးပင်ဖြစ်သူ ဂျန်ဆန်ဘတ်တွန်ကလည်းကောင်း ရပ်တည်ခဲ့သည်။ အသက် ၂၈ နှစ်အရွယ်ရှိ နီကိုရော့စ်ဘတ်သည် Australian Grand Prix ပြိုင်ပွဲ၏ ၁၉ ပတ်မြောက်ကို ၁ မိနစ် ၃၂ ဒသမ၄၇၈ စက္ကန့်ဖြင့် မောင်းနှင်ကာ အမြန်ဆုံး မောင်းနှင်နိုင်သူအဖြစ်လည်း မှတ်တမ်းတင်ခံခဲ့ရသည်။ ရော့စ်ဘတ်သည် Australian Grand Prix ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ရော့စ်ဘတ်၏ တစ်သင်းတည်းသားဖြစ်သူ **စာမျက်နှာ ၇ သို့ »**